www.burmeseclassic.com




www.burmeseclassic.com




မြန်မီချော...
အောင်မြင်တာလေ၊
အတွင်းနှင့်မျက်နှာဖုံးဖွင့်ဝိ...
အောင်မြင်ပုံနှိပ်တိုက်၊
ထုတ်ဝေသူ...
ဦးအောင်မြင့်၊
ပထမအကြိမ်၊ ဇူလိုင်လ၊
၂၀၀၄၊ တန်ဖိုး(၁၅၀)။

# မြပုလဲခင်



www.burmeseclassic.com

www.burmeseclassic.com








# အခန်း ( ၁ )

တလိမ့်လိမ့်ပြေးနေသော မိုးသားမည်းမည်းတို့နှင့်အပြိုင် 'မာန်'ဆိုင်ကယ်ကို အပြင်းနှင်လိုက်သည်။

ဒီမိုးကိုလွတ်အောင်ရုန်းနိုင်မှ တန်ကာကြမည်။

မရုန်းနိုင်ပါက ကြွက်စုတ်ကလေး ဖြစ်သွားနိုင်သည်။

တုတ်ကွေးတွေကလည်း အဖြစ်များပါဘိ။

မာန်အနေနှင့် တုတ်ကွေးအဖျားကိုမပြောနှင့် အနာဂန္တု အဖျားရိုးရိုးကိုတောင် လက်မခံနိုင်ပါ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဖျား၍. . အိပ်ရာထဲနေရမည်ကို အင်မတန်ကြောက်သည်။

အထူးသဖြင့်. . မာန်၏ အိမ်မကပ်ချင်သောရောဂါနှင့် အဖျားရောဂါသည် ကမ္ဘာ့ရန်သူကြီးများ ဖြစ်ကြသည်။

ထို့ကြောင့်. . မာန်သည် ဆိုင်ကယ်ကို စက်ကုန်နှင်ကာ အိမ်ရောက်ပြေးသည်။

BURMESE CLASSIC

"ဝှီး. ."

ခရာတွတ်သံနှင့်အတူ ယာဉ်ထိန်းရဲ၏ တားဆီးခြင်းကို မာန်ခံလိုက်ရပြီ။

မိုးကိုကြောက်၍ရှောင်ကာမှ ယာဉ်ထိန်းရဲနှင့် တွေ့နေလေပြီ။ မရပ်ဘဲရှောင်ပြေးရန် စိတ်ကူးလိုက်ပြီးမှ ဖခင်မျက်နှာကို ပြေးမြင်လိုက်သည်။

တိုင်းတရားသူကြီးဖြစ်သောဖခင်နှင့် သူထိပ်တိုက်ရင်ဆိုင်ရမည့်အဖြစ်မျိုး သူမလိုလားပါ။

မာန်ရပ်လိုက်သည်။ ယာဉ်မောင်းလိုင်စင်ကို ထုတ်ပေးလိုက်သည်။ သိမ်းသွားသည်။

သွားပေဦးတော့. . မနက်ဖြန် လိုင်စင်သွားရွေးရတော့မည်။ အချိန်ကုန်ပေတော့မည်။ မာန်စိတ်ညစ်သွားသည်။

"သွားလို့ရပြီလား"

"ရပြီ"

မာန် ဆိုင်ကယ်မောင်းထွက်ခဲ့သည်။ မကြာလိုက်။ မာန်ကြောက်လန့်နေသော မိုးစက်မိုးပေါက်တို့သည် မာန်အပေါ် ရန်





ဦးဖြင့် ဝုန်းဒိုင်းကြဲကာ ခုန်ဆင်းချလာသည်။

"တောက်. . ဒီမိုး"

ဆိုင်ကယ်၏အရှိန် မိုးစက်မိုးပေါက်အရှိန်က မာန်၏အသားများကို စပ်ဖျဉ်းဖျဉ်းဖြစ်စေသည်။

ဒီနှစ်က မိုးအကျစောသည်။ ကဆုန်လပြည့်နေ့ မတိုင်ခင်ကတည်းက ရွာလိုက်သည့်မိုး။ သင်္ကြန်ရက်တွေကိုတောင်နှင်က တစ်ဝက်ပိုင်စိုးသဖြင့် ပြည့်ပြည့်ဝဝ မပျော်လိုက်ရ။

ခုလည်း လုပ်ပြန်ပြီ။ နိုက်ကလပ်တက်စရာရှိသဖြင့် အိမ်ပြန်ပြေးကာမှ မိုးနှင့်နပန်းလုံးနေရသေးသည်။

မိုးနှင့်မာန် လုံးထွေးရင်း အိမ်သို့ရောက်လာသည်။

ခြံတံခါးကိုဖွင့်. . ပြန်ပိတ်ပြီး အိမ်ဆီသို့မောင်းခဲ့သည်။ ဆင်ဝင်အောက်၌ ဆိုင်ကယ်ကို ရပ်ထားလိုက်သည်။ ဂိုဒေါင်ထဲသွင်းမနေချင်တော့။

လျှပ်စစ်ခေါင်းလောင်းကို နှိပ်လိုက်သည်။ သိပ်မကြာလိုက် သစ်သားတံခါး ပွင့်လာသည်။

သစ်သားတံခါး ပွင့်သွားပြီး မြင်လိုက်ရသော မြင်ကွင်းကြောင့် အံ့အားသင့်သွားသည်။

ကမူးရှူးထိုးနှင့်မောင်းလာသောသူပဲ အိမ်မှားဝင်လာသလား. . ။

မဖြစ်နိုင်. . ။ ကိုယ့်အိမ်ကိုတော့ မျက်စိမှိတ်ပြီး မောင်းဝင်တာတောင် မမှားနိုင်ပါ။

မျက်လုံးအပြူးသားနှင့် မာန်ငေးမိလျက်သား ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com




ရသည်။

အဘယ့်ကြောင့်ဆိုသော်.. ဘုံကြီးပြတ်ကျလာသော အလှနတ်သမီးတစ်ပါး သူ့အိမ်ထဲ ရောက်ရှိနေခြင်းကြောင့်ဖြစ်သည်။







# အခန်း ( ၂ )

နွေတမန် စိတ်ထဲကျိတ်ပြုံးမိသည်။

ဤကလေးနှယ် ကြွက်စုတ်ကလေးတစ်ကောင်ကဲ့သို့ ဖြစ်အောင်များ မိုးအမိခံ လည်ပတ်ရတယ်လို့...၊

အန်တီပြောတုန်းက မယုံကြည်ချင်..။ အငယ်ဖြစ်၍ နွဲ့ဆိုးဆိုးတာပါလို့..။

ယခုတော့ တစ်နေ့လုံး အိမ်လုံးဝမကပ်သော ဤကလေး..ပြန်လာတော့လည်း ကြွက်စုတ်..



www.burmeseclassic.com

www.burmeseclassic.com



သံပန်းတံခါးသော့ကို ဖွင့်လိုက်သည်။

ခြတ်ပုံထဲမှာထက် အပြင်မှာပို၍ ကိုယ့်ထက်အကောင်ကြီးသည် အသားဖြူသည်။ မိုးစက်များ၏ ရိုက်နှက်မှုကြောင့် အနီရောင်ပြေးနေသည်။

ပြူးကျယ်ဝိုင်းစက်သော မျက်လုံးအစုံဖြင့် မိမိအား ငေးကြည့်နေသော ဤကလေးကို စိတ်ထဲအလိုလို ချစ်ခင်သွားသည်။ မောင်တစ်ယောက် ကောက်ရလိုက်သကဲ့သို့ ခံစားလိုက်ရသည်။

သို့သော် လက်ရှိအနေအထားအရ. . . မိမိက မောင်တစ်ယောက်ကောက်ရခြင်းဟု မဆိုနိုင်။ သူ့အတွက်သာလျှင်. . အစ်မတစ်ယောက်ကောက်ရခြင်းဆိုလျှင် ပို၍မှန်နိုင်သည်။

မိမိအား စကားတစ်ခွန်းမှမပြောဘဲ တအံ့တဩ ငေးကြည့်နေသော ဤကလေးသည် သံပန်းတံခါးပွင့်သွားသည့်တိုင် အောင် အိမ်ထဲသို့ဝင်ရန် မေ့လျော့နေပုံရသည်။

နွေတမန် ရယ်ချင်သွားသည်။

သို့သော်. . မပြုံးမရယ်မိစေရန် သတိထားလိုက်ပြီး. .

"ဝင်လေ. . မာန်"

ထိုအခါမှ သူသည် အသက်ဝင်လာသည့်အလား လှုပ်လှုပ်ရှားရှားဖြစ်ကာ အိမ်ထဲသို့ဝင်ရင်း. . .

"ခင်ဗျားက ဘယ်သူလဲ"

"တို့က. . လူပေါ့"

"လူမှန်းတော့ သိတာပေါ့. . ဒါပေမယ့် ဘယ်တုန်းက ဘယ်လိုလုပ်"





မာန်သည် တကယ့်ကို အပြစ်ကင်းစင်သော ကလေးတစ်ယောက်နှင့်ပင် တူနေသေးသည်။

"အိမ်ထဲ ရေတွေစိုကုန်မယ်၊ ပြီးတော့. . အအေးမိမယ် ကလေး၊ အမြန်ဆုံးအဝတ်အစားလဲပြီးမှ ထမင်းစားခန်းကို လာခဲ့နော်၊ အန်ကယ်နဲ့အန်တီ ထမင်းစားနေတယ်"

နွေတမန်က ပြောပြောဆိုဆိုပင် တံခါးများကို ပိတ်လိုက်သည်။

မာန်က သူ့အားတစ်ချက်ကြည့်ပြီး အပြေးအလွှားပင် နေသည့်ခန်းကို ဖြတ်ကျော်ကာ အပေါ်ထပ်သို့ ပြေးတက်သွားလေသည်။

နွေတမန်က ခေါင်းကိုခါယမ်းပြီး ထမင်းစားခန်းဘက်သို့ ပြန်ဝင်ခဲ့သည်။

"လမ်းဗိုလ် ပြန်လာပြီ မဟုတ်လား"

"စိုရွှဲလာရောမဟုတ်လား"

အန်တီတို့ လင်မယားနှစ်ဦးက ပြိုင်တူအသံထွက်လာသည်။ နွေတမန်က ပြုံးကာ. . .

"ဟုတ်ကဲ့ မာန်ပြန်လာပါပြီ၊ မိုးလဲမိလာပါတယ်"

" ဒီကလေးက မလွယ်ဘူး. . တွေ့တယ်မဟုတ်လား၊ ဒါ ဒီနေ့ပြန်လာတာ အစောဆုံးပဲ ပြန်လာတာ၊ ဟုတ်ချင်မှဟုတ်ဦးမှာ. . ပြန်ထွက်ဦးမလားမသိဘူး. . "

"နွေ. . ထိုင်သမီး. . စားတော့"

"ကလေးကို စောင့်လိုက်ဦးမယ် အန်တီမေ"



www.burmeseclassic.com

www.burmeseclassic.com



"စောင့်မနေနဲ့သမီး ဆောက်ဖြစ်မှကျောင်းဒကာ. . စားချင်မှစားမှာ"

နွေတမန် ဘာမှမပြောတော့၊ တကယ်ဆို. . . မာန်အကြောင်းကို သူအားလုံးသိပြီးသားဖြစ်သည်။ အန်တီက တစ်လမ်းလုံး သူတို့မိသားစုအကြောင်းကို ပြောပြပြီးသားဖြစ်သည်။

မာန် အိမ်မကပ်ပုံအကြောင်းက အပ်ကြောင်းထပ်နေခြင်းကြောင့် သူကောင်းကောင်းမှတ်မိနေပြီ။

BURMESE CLASSIC

"ဟတ်ချိုး. . ဟတ်ချိုး. ."

နှာချေသံနှင့်အတူ မာန်ဆင်းလာသည်။ နွေတမန်က မာန်ကိုလှမ်းကြည့်လိုက်ပြီး. . .

"အဲတော်. . . ဒီကလေးနှယ်၊ ခေါင်းလဲစင်အောင် မသုတ်ခဲ့ဘူး အအေးမိတော့မှာပဲ"

မာန်က အနီးအနားကုလားထိုင်တွင်. . ဝင်ထိုင်လိုက်သည်။

"ထမင်းစားမှာလား သားငယ်"

"မစားတော့ဘူး၊ သူငယ်ချင်းတစ်ယောက် မွေးနေ့ပါတီပွဲရှိတယ်. . ဆီဗိုးနားမှာသွားစားမလို့၊ သိချင်တာရှိလို့. . ."

အန်ကယ်လ်က မာန့်ကို သိပ်ကြည့်ရပုံမပေါ်သဖြင့်. . စကားတစ်ခွန်းမှ ဝင်မပြောဘဲစားနေသည်။

ဘွားဘွားက. . .

"မြေးငယ်ရယ် ခေါင်းအလျှင်သုတ်ပါဦးလား"

"ရပါတယ်၊ ပြီး. . ဟဲဒ်ဒရိုင်ယာနဲ့ မှုတ်လိုက်မယ် ပြောပါဦး"





မာန်က သူ့အားမေးဆတ်ကာ မေးလိုက်သည်။

မာန့်ဟန်ကိုကြည့်ကာ သူအသည်းယားသွားသည်။

ခေါင်းခေါက်ချင်စရာပင် ကောင်းနေသည်။

ဘယ်လိုကောင်လေးမျိုးလဲ. . .

"လူကြီးကို မရိုမသေနဲ့နော်သားငယ်၊ သူက အခြားသူမဟုတ်ဘူး၊ မေမေတို့မိသားစုဝင် ဖြစ်တော့မယ့်သူပဲ"

"မိသားစုဝင်"

"မေကလဲကွာ သားမရီးလောင်းလို့ ပြောလိုက်ရင်ပြီးတဲ့ကိစ္စကွာ. . .."

မာန်က သူ့အားတအံ့တဩကြည့်ကာ. . .

"မရီးလောင်း"

"အေး. . . ဟုတ်တယ်၊ မရီးလောင်းဆိုတာရော သိရဲ့လားကွ၊ မင်းအစ်ကိုနဲ့ မကြာခင် လက်ထပ်တော့မယ့်သူကို ပြောတာ၊ မင်းအတွက် နွေတမန်ဟာ အစ်မပဲ. . ရိုရိုသေသေပြောရမယ်၊ မင်းအစ်ကိုနဲ့ ရွယ်တူဆိုတော့ မင်းထက်လေးနှစ်ကျော်ကြီးတယ်. . မမလို့ပဲခေါ်"

အန်ကယ်လ်က စိတ်မရှည်စွာဖြင့် ဖြေလိုက်သည်။

နွေတမန် ရှက်သွားသည်။

မာန်က ရှုတ်တရက်ထကာ. . .

"သြော်. . ဟုတ်ကဲ့ မမ၊ ကျွန်တော်သွားမယ် ဘွားဘွား၊ ဖေဖေ မေမေ ကျွန်တော်နောက်ကျမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . ခေါင်းသုတ်သွားဦး မြေးငယ်"

နွေတမန်မှာ ရုတ်စိတ်ဖြင့် ထူပူနေရာမှ မာန်အားလှမ်းကြည့်လိုက်မိသည်။

မာန်သည် နောက်ကြောင်းလှည့်မကြည့်ဘဲ ထွက်သွားလေသည်။

နွေတမန်က တံခါးလိုက်ပိတ်ပေးရန်ဟူသော ရည်ရွယ်ချက်ဖြင့် ထလိုက်သည်။

"သမီး ဘယ်လဲ"

"တံခါးလိုက်ပိတ်ပေးမလို့"

"နေနေသမီး အမာလိုက်ပိတ်လိုက် "

နွေတမန် မထဖြစ်တော့ ။

"သူ့ သည်းညည်းပဲ သမီးခံရလိမ့်မယ်"

"ရပါတယ် အန်တီ၊ ကျွန်မက ပထွေးရဲ့သမီးတွေရဲ့ဒဏ်ကိုတောင် ခံနိုင်ခဲ့သေးတာပဲ၊ မာန်ရဲ့ဒဏ်ကိုလည်း သမီးခံနိုင်မှာပါ"

"မြေးငယ်က အိမ်သားတွေကို ဘယ်မှာဒုက္ခပေးနေလို့လဲ၊ အပြင်ထွက်လည်ပတ်တာ တစ်ခုကလွဲရင် မဆိုးပါဘူးအေ ရယ်"

မြေးကိုဖျက်တာ အဘွားဟု နွေတမန် နားလည်လိုက်လေပြီ။

ဒီနေ့မှ ဒီအိမ်ကြီးကိုရောက်လာသော သူ့အတွက်တော့ အိမ်သားတွေ တစ်ဦးချင်း၏ အကြောင်းတွေကိုတော့ ဂဃနဏ





သိနိုင်ဦးမည် မဟုတ်သေးပါချေ။

မည်သို့ဆိုစေကာမူ သိအောင်တော့ ကြိုးစားသင့်သည်။

အထူးသဖြင့် မကြာမီ ပြန်ရောက်လာတော့မည် မိမိ၏ ခင်ပွန်းလောင်း 'ရန်'အကြောင်းက ထိပ်ဆုံးက. . .

နွေတမန် သက်ပြင်းသူခိုးလေး ချလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၃ )

"ရန်က သိပ်စည်းကမ်းကြီးတယ်၊ အေးအေးဆေးဆေး ပဲနေတတ်တယ်၊ ရန်ကအေးသလောက် မာန်ကတော့ သွက်သ လားမမေးနဲ့၊ သူငြိမ်သက်နေတဲ့ အချိန်ဆိုတာ အိပ်ချိန်တောင် တွေ့ရခဲတယ်၊ အိပ်ချိန်ဆိုရင်လည်း နှစ်ယောက်အိပ်ခုတင်ကြီး မှာ တစ်ယောက်တည်းနဲ့ နာရီလက်တံ လှည့်ပတ်နေသလား ထင်ရတယ်၊ အဲ့ဒီလောက် အငြိမ်မနေတဲ့ကောင်မျိုး . . ."

ဘွားအေက မြေးများအကြောင်းပြောရလျှင် မမောနိုင်





မောမ်းနိုင်။

"ရန်က အရွယ်ရောက်လာ ဘွဲ့တစ်ခုရပြီး အမေရိကား မှာ အလုပ်သွားလုပ်တဲ့အထိ ချစ်သူမရှိသေးတော့ ဘွားဘွားတို့ က ပူရတယ်လေ သမီး. . ပညာတတ်၊ ရုပ်ချော၊ ဥစ္စာပေါတဲ့ရန် ကို ပိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်မျိုးကို စပ်ဟပ်ကြတဲ့ သမီးရှင်တွေ က နည်းသလား"

နွေတမန်ရင်ထဲ မျက်တက်တက်လေး ဖြစ်သွားသည်။ မိန်းမသားများဘက်က စပ်ရလောက်အောင် ရန်သည် တကယ့် ကို အဖိုးတန်ယောက်ျားလား။ ယောက်ျားတစ်ဦး၏ အချင်းကား ဤစာတည်းလား။ မိန်းမသား၏ အချင်းကား အဆင်းတဲ့ ဘွားဘွား ကားများကို ဆက်လက်ကြားရလေ သူရင်နာရလေဖြစ်သည်။

မိမိသည် သားရှင်များ၏ မျက်စိကျလောက်အောင် ရုပ် အဆင်းရူပကာ ရှိခြင်းကို ဂုဏ်ယူရမှာလား။

"ရန်အတွက်တော့ ဘွားဘွား စိတ်အေးရပြီ၊ မာန်အ တွက်ပဲ. . ရည်းစားကလည်းများလိုက်တာ သောက်သောက်လဲ၊ ရည်းစားထားတာကိုများ ထမင်းစားရေသောက်အလုပ်လို လွယ် လွယ်ကူကူပဲ၊ သင်းအတွက် ရင်လေးပါတယ်၊ လည်လွန်းတဲ့ဘီး အုံးသင့်တတ်တော့ သင်းအတွက်လည်း ရတက်မအေးရဘူး"

ယောက်ျားလေးရှင်များ၏ အရွေးအချယ်ခံ ဖြစ်သွားရ မည့်အတွက် နွေတမန် တစိမ့်စိမ့်တွေးမိတော့ ရင်ထဲမကျေမနပ် ဖြစ်ရသည်။

ပျော့ညံ့လွန်းသော မိမိစိတ်ကိုက သေကာမိုးမိခင်၏



www.burmeseclassic.com

www.burmeseclassic.com



မှာတမ်းကို မငြင်းဆန်ရက်ဘဲ ခေါင်းညိတ်ကာ ကတိပေးခဲ့ခြင်းကိုကပဲ အမှားလား။

မိခင်အသေဖြောင့်စေရေးအတွက် ရန်နှင့်လက်ထပ်မည်ဟူသော ကတိပေးခဲ့မိခြင်းက မိမိမှားသလား။

မိမိဆန္ဒအလိုမဟုတ်ခြင်း အတွက်တော့ မပျော်ပိုနိုင်။

သမားရိုးကျ အနေအထားမျိုးအရ ဆိုလျှင်တော့ အိမ်ထောင်သားမွေးကိစ္စသည် လူသားမျိုးဆက်သစ် အတွက်တော့ လုပ်သင့်သော အလုပ်တစ်ခုဟု. . ။

သို့သော်. . နွေတမန်က အိမ်ထောင်ရေးကို စိတ်မဝစား ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးချင်သည်။

ပေးလာသော ဘဝဇာတ်ကြောင်းက မလှပ။ ဖြစ်ချင်ရမဖြစ်ရသော ဘဝမျိုး. . .

"ကိုင်း. . ဘွားဘွားပုတီးစိတ်ရင်းနဲ့ ခဏမှိန်းလိုက်ဦးမယ်၊ မာန် နိုးလာရင်သာ သူစားချင်တာလေး ပြင်ကျွေးလိုက်သမီးရယ်"

"ဟုတ်ကဲ့ပါ ဘွားဘွား"

ဤအိမ်သားများထဲ၌ စကားအပြောဆုံးမှာ ဘွားဘွားနှင့်မာန်သာ ဖြစ်နိုင်သည်။

ရန်နှင့်မာန်တို့၏ဖခင် ဦးကျော်ဝေနှင့် မိခင်ဒေါ်လှနွယ်မှာ စကားနည်းကြသည်။

ဝန်ထမ်းများဖြစ်သဖြင့် မနက်ရှစ်နာရီခွဲဆိုလျှင် အိမ်





ကားတစ်စီးဖြင့် လင်မယားနှစ်ယောက်စလုံး ပြိုင်တူထွက်သွားကြသည်။

ဘွားဘွားဒေါ်သဥ္စာမျိုးသာလျှင် အိမ်၏အလုပ်သမားများနှင့် ကျန်ရစ်ခဲ့သည်။

နံနက်စာစားသောက် လမ်းလေးဘာလေးလျှောက်ပြီးလျှင် ဘွားဘွားဒေါ်သဥ္စာမျိုးသည် တရေးတမော အိပ်တတ်သေးသည်။ မနက်ကို စောစောထတတ်သဖြင့် ကိုးနာရီလောက်ကို တကြော့ပြန်မှိန်းသည်။

ဆယ်နာရီခွဲလောက်ကို ပြန်ထပြီး ရေနွေးဖြင့်ရေချိုးပြီးလျှင် ထမင်းစားသည်။ နေ့လယ်နေ့ခင်း ခဏတဖြုတ်နေပြီးတရေးမှိန်းပြန်သည်။

လေးနာရီခွဲလောက်ဆိုလျှင် ခြံထဲလမ်းလျှောက်ရင်း ပန်းပင်လေးများကို ဟိုကြည့်ဒီကြည့်နှင့် သူ့ဘဝလေးနှင့်သူ အေးချမ်းနေတတ်သည်။

အသက်ရှစ်ဆယ်နား ကပ်နေသော်လည်း ဘွားသဥ္စာမျိုးမှာ သူငယ်မပြန်သေး။ ခါးမကုန်းသေး။ မတုန်ချိသေးပေ။ နံနက် စောစောထကာ ဘုရားရှိခိုးပြီး တရားထိုင်တတ်သည်။

ထို့ကြောင့် ထင်ပါသည်။ သူငယ်ပြန်ခြင်းမရှိဘဲ ကျန်းမာရွှင်လန်းလျက်ရှိသည်။ အသက်ရှစ်ဆယ်အရွယ်ဟူ၍ မထင်ရပေ။

ကျန်အချိန်များတွင်တော့ မာလီနှင့်ဖြစ်စေ၊ အိမ်ဖော်မိန်းကလေးများနှင့်ဖြစ်စေ စကားပြောနေတတ်သည်။ ယခုနွေ



www.burmeseclassic.com

www.burmeseclassic.com



တမန် ရောက်လာပြီဆိုတော့ နွေတမန်နှင့် စကားပြောသည်။

ဘွားသဥ္ဇာမျိုးသည် ချစ်ခင်ဖွယ်ရာကောင်းသော အဘွားကြီးတစ်ဦးဖြစ်သည်။ လူငယ်များနှင့်လည်း . အထိုက်အလျောက် နေတတ်ထိုင်တတ်သည်။

ဘွားသဥ္ဇာမျိုးအတွက် သိုးမွေးခြုံစောင်တစ်ထည်ကို နွေတမန် စထိုးပေးရင်း ဤအိမ်သားများအကြောင်းကို စဉ်းစားနေမိသည်။

ထိုစဉ် . . .

"မမ ဘယ်သူမှမရှိဘူးလား"

မာန်က လှေကားတစ်ဝက်မှာပင် နွေတမန်ကို လှမ်းမေးလိုက်သည်။

"ဘွားဘွား . စောစောကပဲ တရေးပြန်နှပ်တယ်၊ အန်ကယ်လ်နဲ့အန်တီကတော့ ရုံးသွားကြပြီပေါ့၊ မင်းဘာစားမလဲ"

"ဘာရှိသလဲ"

"ပေါင်မုန့်နဲ့ ကော်ဖီ"

"အဲ့ဒါပဲ စားတော့မယ်လေ၊ ဒါပေမယ့် . မီးကင်ပြီး ထောပတ်သုတ်ပေးနော်"

"ကောင်းပြီ"

နွေတမန် ထိုးလက်စသိုးမွေးကို ခြင်းတောင်းလေးထဲ အသာပြန်ထည့်ထားလိုက်ပြီး ထမင်းစားခန်းဘက်သို့ ထွက်ခဲ့သည်။ မာန်က နောက်မှကပ်လိုက်လာပြီး . .

"မမ ဒီကိုရောက်တာ ဘယ်နှစ်ရက်ရှိပြီလဲ"





"နှစ်ရက်"

"အလည်ပဲလား"

နွေတမန် အံ့ဩသွားသည်။

မာန်သည် သူ၏အကြောင်း ဘာမှသိသေးပုံမရချေ။

"မင်းက မိသားစုရဲ့ကိစ္စကို ဘာမှသိပုံမရဘူးထင်တယ်"

"ကိုယ့်မိသားစုအကြောင်းတော့ ကိုယ်သိတာပေါ့၊ မသိသေးတာ မမအကြောင်း . . "

နွေတမန် သက်ပြင်းချလိုက်သည်။

ပေါင်မုန့်ကို မီးကင်ထောပတ်သုတ်ပေးရင်း မာန်အား မသိမသာ အကဲခတ်လိုက်သည်။

ဤကလေး အသက်ကမငယ်တော့ . နှစ်ဆယ်တော့ရှိမည်။

လူကောင်ကထွားကျိုင်းမှုရှိပြီး မျက်နှာလေးက နုနေသည်။ သောကထားတတ်ပုံ မရသဖြင့် ရင့်ကျက်သောအသွင်ကို မဆောင်ပေ။

"ဘာကြည့်တာလဲ ကျွန်တော်မေးတာဖြေလေ"

"ဘာဖြေရမှာလဲ"

"မမရုပ်က မှတ်ဉာဏ်ကောင်းတဲ့ရုပ်ပါ"

"ဒါပေမယ့် ထုံထိုင်းတယ်လို့ . လူကြီးမင်းက ကျွန်မကို ဆိုလိုချင်တာလား"

"မဟုတ်ဘူး မသိဟန်ဆောင်နေတတ်တယ်လို့ ပြောချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီဖျော်ပေးရင်း နွေတမန်က. . .

"သိချင်ရင် ဘွားဘွားကို မေးကြည့်ပေါ့"

"ဈေးကိုင်လိုက်တာဗျာ"

မာန်က ပေါင်မုန့်စားရင်း ငြိမ်သက်သွားသည်။ တစ် တစ်ခုကို စဉ်းစားနေပုံရသည်။

နွေတမန်က. . .

"ကိုင်း. . အေးအေးဆေးဆေးစားသောက်၊ တို့ သိုးနွေ ဆက်ထိုးလိုက်ဦးမယ်"

"နေစမ်းပါဦး. . ခင်ဗျားနဲ့ ကိုကိုက ဘယ်တုန်းကသ တာလဲ"

"တို့ကို ခင်ဗျားလို့ မသုံးနဲ့"

မာန်က ရုတ်တရက် ကြောင်သွားသည်။

"မင်းဟာ တို့ထက်ငါးနှစ်ကျော် ငယ်တယ်၊ ခင်ဗျား သုံးရင် မင်းရိုင်းစိုင်းတဲ့ကလေး ဖြစ်သွားမှာပေါ့"

"ကျွန်တော် ကလေးမဟုတ်ဘူး"

"တို့အတွက်တော့ ကိုယ့်ထက်ငယ်တဲ့လူမှန်သမျှ လေးပဲ"

"ကြီးတော် စကားလွှဲမပစ်ပါနဲ့၊ ခင်ဗျားကြီးနဲ့ ကို ဘယ်တုန်းက သိကြတာလဲ"

"ဘယ်တုန်းကမှ မသိဘူးကောင်ကြီးရဲ့၊ မြင်တော မြင်ဖူးဘူး"

မာန်က နွေတမန်ကို အံ့အားသင့်စွာ စူးစိုက်ကြည့်လို



သည်။

"ကောင်ကြီး"

"ဟုတ်တယ်. . ခင်ဗျားကြီးခေါ်ရင် ကောင်ကြီးလို့ခေါ် မယ်၊ ခင်ဗျားခေါ်ရင် ကောင်လေးလို့ခေါ်မယ်၊ ဒါ တန်ပြန်သက် ရောက်မှုပဲ"

မာန်စိတ်ထဲ၌ နွေတမန်အား စိတ်ဝင်စားမှုပိုလာသည်။ ဤမိန်းမသည် သာမန်ပေါ့သေးသေးမဟုတ်။

"ဒါဖြင့် မမလို့ ခေါ်ရင်ရော"

"မာန်ပဲပေါ့ မောင်လေးရယ်"

"မာန်လို့ခေါ်တာကို ကျေနပ်တယ်၊ မောင်လေးလို့တော့ ခေါ်နဲ့၊ ကျွန်တော် မမရဲ့မောင်လေး မဖြစ်ချင်ဘူး"

နွေတမန် သံသယဝင်စပြုလာသည်။ ဤကောင်လေး သည် အဆိပ်ရှိသော မြွေတစ်ကောင်နှင့် တူနေသလား။

"မဖြစ်ချင်ပေမယ့် ဖြစ်ရမှာပဲ"

"ခင်ဗျားတို့ မိန်းမတွေဟာ အံ့သြဖို့ကောင်းတယ်"

"ထင်လို့ပါ"

"ကိုယ်မမြင်ဖူးတဲ့ယောကျ်ားလေးတစ်ယောက်ကို. . လက်ထပ်ဖို့ လက်ခံရဲတယ်ဆိုတာ တော်တော်အံ့သြဖို့ ကောင်း တာပဲ"

မာန်၏ စကားလုံးများသည်. . နွေတမန်၏အချက်ကို ထိမှန်သွားသည်။

သို့သော် သူ့အနေဖြင့် မာန်ကို အလျှော့ပေး၍မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သဘောပေါက်မိသဖြင့် အရှုံးမပေးဘဲ. . .

"ဒါ အံ့ဩစရာမဟုတ်ပါဘူး၊ လူကြီးမိဘက ကောင်း မယ်ထင်လို့ ရွေးချယ်စီစဉ်ပေးခဲ့တာကို ခေါင်းညိတ်ရမှာ လိမ္မာတဲ့ သားသမီးတွေရဲ့ အလုပ်ပဲ"

"ဒါဖြင့် ခင်ဗျားက သမီးအလိမ္မာကြီးပေါ့"

"ဒါပေါ့"

"အိမ်ထောင်ရေးကို အချစ်မပါဘဲနဲ့ ဦးနှောက်နဲ့တည် ဆောက်တတ်တဲ့ ခင်ဗျားတို့လို မိန်းမတွေကြောင့် အိမ်ထောင် ရေးပျက်စီးကြတာတွေ ဒုနဲ့ဒေး ဖြစ်နေတာပဲဖြစ်မယ်"

"မဆိုင်ဘူးကွ၊ ညှိနှိုင်းလို့မရကြတဲ့ ပြဿနာရပ်တွေ ကြောင့် ဖြစ်ပါလိမ့်မယ်၊ အိမ်ထောင်ရေးရဲ့ လျှို့ဝှက်ချက်တွေ ဟာ အများကြီးရှိပါတယ်၊ ကိုင်း. . မင်းပြောစရာစကား ကုန်ပြီ လား၊ ကုန်ရင်. . တို့သွားတော့မယ်"

"နေဦး"

"ဘာလဲကွ မင်းဟာ တော်တော်ရှည်တဲ့ကောင်လေးပဲ"

"ခင်ဗျား ဒီမှာအမြဲနေမှာလား"

"အစကတော့ နေမလို့ပဲ၊ ဒါပေမယ့် အခုတော့ စဉ်းစား ရဦးမယ်"

နွေတမန်က ထရပ်ပြီး ထွက်ဟန်ပြင်လိုက်သည်။

"ဘာဖြစ်လို့လဲ"

မာန်၏ မျက်လုံးများ၌ ထူးကဲသောအရောင်တစ်မျိုး ရှိနေသည်ဟု သူမသိစိတ်က အလိုအလျောက်သိနေ၏။





ထို့ကြောင့်. . .

"မင်းရှိနေတဲ့အတွက်ကြောင့်"

ပြောပြောဆိုဆိုနှင့် နွေတမန်သည် မာန်အား ကျောခိုင်း ထွက်ခဲ့သည်။

မာန်၏ ရယ်သံသည် သူ၏နောက်ကျောမှ ကပ်ငြိလိုက် ပါလာသေးသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း ( ၄ )

ရန့်မာတ်ပုံကို သေချာစွာကြည့်ပြီး နှလုံးသားသို့ ထည့်ကြည့်သည်. . မရ။

ဓါတ်ပုံသည် သက်မဲ့ဖြစ်ခြင်းကြောင့် ထင်သည်။ နွေတမန်၏ နှလုံးသားကို တိုးဝင်မှုမရှိ။

သက်ရှိထင်ရှားဆိုလျှင်ရော. . .

နွေတမန် သက်ပြင်းချလိုက်သည်။

အချစ်သည် အင်မတန် သိမ်မွေ့နူးညံ့သလောက် လျှို့





ဝှက်နက်ရှိုင်းသော စိတ္တဇနာမ်တစ်ခုပါလား။

သက်မဲ့ရုပ်ပုံလွှာက နှလုံးသားကို လှုပ်ကိုင်နိုင်စွမ်းမရှိသော်လည်း... မဖြစ်... 

ဆမယ့် သက်ရှိလူသားစင်စစ်ကတော့ နှလုံးသားကို လှုပ်ခါနိုင်စွမ်းရှိကောင်းရှိမှာပါ။

နွေတမန် လေပူတစ်ချက်မှုတ်ထုတ်ပြီး ရန့်၏ဓါတ်ပုံကို နေရာတကျ ပြန်ထားလိုက်သည်။ ချစ်ခြင်းမေတ္တာကို ဖန်တီး၍ ရနိုင်သလား။

“သမီးပျင်းနေသလား”

ဒေါ်လှမျိုးနွယ် အနားသို့ရောက်လာပြီး. . မေးလိုက်သည်။ နွေတမန်က ပြုံးပြကာ ခေါင်းခါလိုက်ရင်း. . .

“မပျင်းပါဘူး အန်တီ၊ ဒါပေမယ့် ကျွန်မ အလုပ်တစ်ခုခုတော့ လုပ်ချင်တယ်. .”

အိမ်ထောင်သားမွေး အလုပ်တစ်ခုတည်း၌ မိမိဘဝကို အကုန်ဆုံးချင်။ မိခင်တစ်ယောက်သည်. . မြင့်မြတ်သော မိန်းမသားများ၏ တာဝန်တစ်ရပ်ဟု နွေလက်ခံထားသော်လည်း အချစ်နှင့်သာ အိမ်ထောင်ရေးကို တည်ဆောက်ချင်သည်။

“ဘာဖြစ်လို့လဲ သမီးရယ်၊ သားကြီးရန် မကြာခင် ပြန်လာတော့မှာပဲ၊ ရန်သဘောကလည်း အိမ်တွင်းမှုလုပ်. . သိမ်းချပ်သေချာတဲ့ အိမ်ရှင်မကောင်းကိုပဲ အလိုရှိတာ၊ သမီးအလုပ်ထွက်လုပ်မယ်ဆိုရင် အိမ်မှာလစ်ဟာမှုတွေ ဖြစ်ကုန်မှာပေါ့”

နွေတမန် ရင်ထဲကြေကွဲသွားသည်။ မိမိသည် ယုံကြည်ယူခြင်းခံရသော ချွေးမတစ်ယောက် ဖြစ်ရတော့မှာပါလား။ ဒေါ်လှ



www.burmeseclassic.com

www.burmeseclassic.com



မျိုးနွယ်သည် သူကိုယ်တိုင် ဌာနဆိုင်ရာ စာရင်းကိုင် အရာရှိတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေသူ ဖြစ်ပါလျက် မိမိအပေါ်၌ နားမည်မှုမရှိခြင်း၊ ကိုယ်ချင်းစာနာမှု မရှိခြင်းကို အံ့အားသင့်သွားသည်။

"ရန်က ဘယ်တော့ပြန်လာမှာလဲ အန်တီ"

"နောက်သုံးလကြာရင် ပြန်လာမယ်၊ မနက်ဖြန်ည သူ့ဖုန်းခေါ်လိမ့်မယ်၊ သမီးနဲ့စကားပေးပြောမယ်၊ ညဥ့်တော့နက်မယ်. . "

"ကျွန်မမှာ ပြောစရာစကားမရှိပါဘူး အန်တီ"

"ဒီလိုဘယ်ဖြစ်မလဲ သမီး၊ မကြာခင် ကိုယ်နဲ့လက်ထပ်ရတော့မယ့် ခင်ပွန်းလောင်းကို မမြင်ဘူးသေးပေမယ့် ရင်းရင်းနှီးနှီး နေသင့်တယ်၊ ကိုင်း. . . သမီး အညောင်းလဲ သိပ်မထိုင်နဲ့ဦး နော် အန်တီတော့ အိပ်တော့မယ်"

"ဟုတ်ကဲ့ပါ အန်တီ"

နွေတမန်သည် ဧည့်ခန်းထဲမှထွက်ပြီး အပေါ်ထပ်သို့ တက်သွားသော ဒေါ်လှမျိုးနွယ်ကို ငေးကြည့်ရင်း. . ရင်ထဲ၌ လှိုက်တက်လာသဖြင့် မျက်ရည်စများ ရစ်ဝဲလာသည်။

မိမိတက္ကသိုလ်နောက်ဆုံးနှစ်မှာပင် မိခင်က အသည်း ခြောက်ရောဂါဖြင့် နာမကျန်းဖြစ်သောအခါ မိခင်တာဝန်ကို ယူခဲ့ ရသည်။ ပထွေးဖြစ်သူက ကောင်းရှာသော်လည်း ပထွေးဘက်က ပါသောသမီးနှစ်ယောက်၏ မနာလို မရှုစိမ့်ခြင်း၊ အပြစ်ရှာခြင်း တို့ကို သည်းခံရှောင်ရှား နေထိုင်ခဲ့သော အလေ့အကျင့် ရပြီးဖြစ်





နေသဖြင့် ယခုယောက္ခမလောင်း ဒေါ်လှမျိုးနွယ်က သားရှင်ပီသစွာပင် အလိမ္မာအိမ်ပါမည့် တစ်ကောင်ကြွက်တစ်မျက်နှာ ချွေးမလောင်းကို ရွေးချယ်ခဲ့လေသည်လား။

သံသယဆူးက နှလုံးသားကို မျက်စေသည်။ မိမိဘာ ဆက်လုပ်သင့်သလဲ။

ဒေါ်လှမျိုးနွယ်နှင့် မိခင်စီစဉ်သွားသည့်အတိုင်း ရန်အား လက်ထပ်ပြီး အိမ်ရှင်မကောင်းအဖြစ် နေထိုင်သွားရမည်လား။

"သမီးရေ မင်းအန်တီ ပြန်ရောက်ပြီလား"

"ရောက်ပါပြီ အန်ကယ်လ်. . အပေါ်ထပ်မှာပါ၊ အန်ကယ်လ် ထမင်းစားတော့မလား"

"စားခဲ့ပြီ သမီး၊ ဒါထက် မာန်ရော. . ဒီနေ့ပြန်လာသေး သလား"

"နေ့လည်ကမှ ထွက်သွားတာ အန်ကယ်လ်"

"အေးကွယ် အန်ကယ်လ်တို့ကလည်း မအားတော့. . သမီးကို ဘယ်မှလိုက်မပို့ရသေးဘူး ဖြစ်နေတယ်၊ သမီးမောင် လေးကိုပဲ သွားချင်တဲ့ဆီကို ချော့မော့ပြီး ပို့ခိုင်းလိုက်၊ ဒီကောင် က အချော့ကြိုက်တယ်. . အစ်မလိုချင်တဲ့ကောင်၊ ငယ်ငယ်က တည်းက အစ်ကိုနေရာမှာ အစ်မဆိုရင် ဘယ်လောက်ကောင်းမ လဲလို့ အမြဲတမ်း တတတ်တဲ့ကောင်"

"ကျွန်မ ဘယ်မှသွားစရာမရှိပါဘူး အန်ကယ်လ်"

"ဘယ်ဟုတ်မလဲ၊ ရန်ကုန်မြို့ကိုရောက်ပြီး. . ရွှေတိဂုံ ဘုရားမှ မဖူးရသေးရင် ဘယ်ကောင်းပါ့မလဲ၊ အန်ကယ်လ် မာန့်



www.burmeseclassic.com

www.burmeseclassic.com



ကိုပြောထားလိုက်ပ့ါမယ်၊ ကိုင်း အန်ကယ်လ် သွားနားတော့မယ်”

“ဟုတ်ကဲ့ပါ အန်ကယ်လ်”

အောက်ထပ် ဧည့်ခန်း၌ နွေတမန်တစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်။ ဘွားသဥ္စာမျိုးအတွက် သိုးမွေးတဘက် စောင်ကို အပြီးသတ်ထိုးရင်း မိမိအနာဂတ်ကို မှန်းဆတွေးတော ကြည့်သည်။

ရန်က မိဘများအလိုကျဖြစ်စေ မိမိ၏ ရုပ်အဆင်းရှုပ် ကို နှစ်သက်၍ဖြစ်စေ လက်ထပ်ကြပါပြီတဲ့။

မိမိသည် အိမ်ထောင်ရှင်မကောင်း ပီသစွာဖြင့် အိမ်ဦး နတ်သဖွယ် လင်သားကို ကိုးကွယ်ပြုစုရင်း သားသမီးရတနာများ ၏ ဘဝကို ပျိုးထောင်ရင်း. . အိမ်ထောင်မှုသံသရာ ဝဲဂယက်က ဆုံလည်နွားသဖွယ် ဖြစ်နေလေတော့မည်။

ဒါ မိန်းမသားတစ်ယောက်ရဲ့ ဘဝအမှန်ပဲလား။

စဉ်းစားရင်း နွေတမန်ရင်ထဲ တင်းကျပ်မောဟိုက်လာ သည်။

ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်နိုင် သော စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးအဖြစ်ကို မျှော်မှန်း၍ မရတော့။

အိမ်ထောင်ဘက်ရန်၏ နားလည်မှုဖြင့် မိမိဆန္ဒများကို လိုက်လျောမည်ဆိုပါကလည်း မဆိုးပါဘူး။

ရန်နှင့် စကားပြောကြည့်မည်။

ထိုအခြေအနေပေါ် မူတည်ပြီးမှ တစ်ခုခုကို ရွေးချယ်





ဆုံးဖြတ်တော့မည်။

ထိုစဉ် ဆိုင်ကယ်သံကို ကြားလိုက်ရသည်။


ကောင်ရှုပ်ကလေး မာန်ပြန်လာပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၅ )

"ဘယ်သူမှ မရှိကြဘူးလား"

မာန်က နွေတမန်ကို မြင်လျက်နှင့် သူ၏လက်သုံးစကား အတိုင်း မေးလိုက်သည်။ နွေတမန်က မျက်စောင်းထိုးကာ. . .

"ဒီမှာ လူရှိနေတာ မင်းမမြင်ဘူးလား"

"မြင်သားပဲ တမင်မေးတာ ကျွန်တော်ထမင်းဆာပြီ"

"ဟင်. . ဘယ်အချိန်ရှိပြီလဲ"

"ရှစ်နာရီပဲ ရှိသေးတာပဲ"





"ည ရှစ်နာရီဆိုတာ ညနေစာစားချိန်လား"

"ဆာတဲ့အချိန်ဟာ စားချိန်ပဲ၊ နာရီတွေဘာတွေ ကန့်သတ်ချက်ထက် ပိုကောင်းတယ်"

အိမ်၏ ဗာဟီရအလုပ်သမားများလည်း အလုပ်သမားခန်းလျားသို့ ပြန်သွားကြလေပြီဖြစ်ရာ နွေတမန်က မနေသာတော့ဘဲ ထိုင်ရာက ထလိုက်သည်။

"ဟင်းတွေ၊ ထမင်းတွေတောင် ရှိသေးရဲ့လားမသိဘူး၊ င်းက စားမယ်ဆိုလည်း ကြိုတင်ပြောထားခဲ့မှပေါ့"

"ကိုယ့်အိမ်ကိုယ့် ထမင်းစားတာများ ကြိုတင်စာရင်းသင်ရဦးမှာလား"

"တင်ရမယ်၊ မစားရင် တစ်ယောက်စာအလဟဿ ကုန်း သွားမှာပေါ့၊ အိမ်တစ်စုရဲ့ လေလွင့်မှုထဲမှာ မီးဖိုချောင်လေ လွင့်မှုက ယိုပေါက်အများဆုံးပဲ"

နွေတမန်က ဗျစ်တောက်ဗျစ်တောက်ပြောဆိုရင်း ထ င်းစားခန်းရှိ ရေခဲသေတ္တာကို ဖွင့်လိုက်သည်။

ဟင်းကျန်များကို ဘူးများနှင့်ထည့်ကာ ရေခဲသေတ္တာထဲ ထားတတ်သည်။

ထမင်းကတော့ ကြောင်အိမ်ထဲ၌ ရှိနေသည်။

"ရှတ်. . ဟင်းမလုပ်နဲ့တော့ ဒီမှာကြည့်စမ်း"

မာန်က နောက်ပစ်၍ဝှက်ထားသောလက်ကို ရှေ့ဆန့် တ်ကာ မြှောက်ပြလိုက်သည်။ ရွှေဘဲတံဆိပ်ပါ ဘဲကင်ဘူးနှင့် ာက်ထပ်တစ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ရှိင်းလိုက်တာ ကိုယ့်ထက်ကြီးတဲ့လူကိုများ ကြည့်စမ်း
တဲ့"

"ချစ်လို့ အားပါးတရပြောတာ. . ရှိင်းတာလား"

နွေတမန်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

မာန်၏ချစ်လို့ကို အလေးအနက် ထားရမလား။

မသိကျိုးကျွံပြုရမလား။

မသိကျိုးကျွံပြုကာ ဟန်မပျက်နေခြင်းက မောင်က အစ်မကို ချစ်ခြင်းမျိုးဟု အလိုလိုသဘောက်ပေါက် လက်ခံသည် သဘောမျိုးဖြစ်သည်။

"ပန်းကန်ထဲ ထည့်ပေးမယ်"

"ကိုယ့်ဘာသာကိုယ်ထည့်မယ်၊ တစ်ယောက်တည် မကုန်ဘူး. . လူကြီးတွေကဘဲကင် မတည့်ဘူးဆိုပြီး မစားကြဘူ ဒီတော့ မမပဲ ကျွန်တော်နဲ့ကူစား"

"မင်းပဲစား၊ တို့က ညနေစာထမင်းစားပြီးရင် ဘာမှထ မစားတော့ဘူး "

နွေတမန်က မာန့်အတွက် ထမင်းတစ်ပန်းကန်ပြား ပေးရင်း ပြောလိုက်သည်။

"ဒီလိုဆို နေတော့ဗျာ၊ မစားတော့ဘူး"

မာန်က စိတ်ဆိုးဟန်ပြသည်။

နွေတမန်က မိန်းမသားပီပီ ဘဲကင်ပန်းကန်နှင့် ကြက် ချဉ်ကြော် ပန်းကန်ကိုကြည့်ပြီး နှမြောသွားသည်။ သို့သော်. .

"မစားချင်နေပေါ့ သိမ်းထားလိုက်မယ်၊ မနက်ကြမှ နွေ





စားကြမယ်"

မာန်က သူ့အားမကျေမချမ်းဖြင့် ကြည့်ကာ. . .

"ဒါကြောင့် ရှေးလူကြီးတွေကပြောကြတာ၊ မောင်ကြင် ရှိတယ်. . နှမကြင်မရှိဘူးဆိုတဲ့စကား သိပ်မှန်တာပဲ"

နွေတမန်ပြုံးရပြီ။ ကလေးဆိုးလေးနှင့်တူသော မာန်အား ကြည့်ကာ. . .

"ဘာဖြစ်လို့ အချိန်နဲ့မစားသလဲ"

"အချိန်မရှိတော့ဘူး. . ပြည်ကြီးပြန်သွားပြီ၊ ဗိုက်ဆာသည်း နေပါစေတော့၊ ရေသောက်ပြီး ဗိုက်မှောက်အိပ်တော့ယ်"

နွေတမန် အလျှော့ပေးလိုက်ပြီ. . .

"ကိုင်း. . ထိုင်ပါ ကိုယ်တော်၊ ဘုန်းပေးတော်မူပါ၊ ကျုပ်ော်နဲ့အတူ ဟင်းအနည်းငယ် ကူစားပေးပါ့မယ်"

" ဒီလိုလုပ်စမ်းပါ၊ ကိုယ့်မောင်ကို မချစ်တာလည်း မတ်ဘဲနဲ့"

နွေတမန် သတိထားရမည်။ မာန့်ထံမှ ထပ်ခါတလဲလဲ ားလာရသော "ချစ်"များသည် ရိုးသားသောချစ်ခြင်းမှ ဟုတ် လေစ။

အစ်ကိုအစား အလိုလိုက်တတ်သော အစ်မတစ်ဦးကို အလိုရှိခဲ့သည့် မာန်သည် သူ့အပေါ်၌ အစ်မတစ်ဦးကောက် ိုက်သကဲ့သို့ ကျေနပ်ကာ ဆိုးနွဲ့အနိုင်ယူချင်တာလား။

နွေတမန်က မာန့်ကိုမျက်စောင်းထိုးလိုက်ပြီး ထမင်းစား



www.burmeseclassic.com

www.burmeseclassic.com



ပွဲ၌ ဝင်ထိုင်လိုက်သည်။

မာန်က ထမင်းကိုတကယ်ပင် မြိန်ရည်ယှက်ရည် စာ
သောက်နေသည်။ ပြီးတော့ သူ့အားလည်း. . .

"စားလေ. . အလှစားမနေနဲ့၊ ခုချိန်မှ အလှပြင်ပြီး ဟာ
လုပ်စားနေလည်း ကိုကိုက ခင်ဗျားကိုအမှတ်မပေးဘူး၊ မြင်ယ
မြင်မှာ မဟုတ်ဘူး. . "

နွေတမန်က ဘဲကင်ကိုအချဉ်ရည်နှင့် တို့စားချိန်ဖြစ်သ
ဖြင့် မာန်အား ရုတ်တရက် မတုံ့ပြန်သေးဘဲ ပါးစပ်တွင်းစားစရာ
ကုန်သွားမှ. . .

"မင်း အစ်ကို့ကို ရယူဖို့အတွက် ကျုပ်ကဟန်ဆောင်ပြ
သိမ်းသွင်းယူရမယ်လို့ တော်ကဆိုချင်တာလား"

မာန့်စိတ်ထဲ ကျေနပ်သွားသည်။

နွေတမန်၏ အစွမ်းတကို သူတူးဖော်ချင်သည်။ မထိ
လုတ် ထိခလုတ် စရတာကို မာန်သဘောကျလာသည်။

နွေတမန်ဟူသော မိန်းမသည် ဘယ်လိုနေနေ၊ ဘယ်
ထိုင်ထိုင်၊ ဘယ်လိုပြောပြော ကြည့်၍အလွန်လှသော မိန်းမတ
ယောက်ဖြစ်သည်။ ကိုကိုတို့ ကံကောင်းလိုက်ပုံများကတော့ဖြင့်
ပြောချလောက်ပါရဲ့။

"ကျုပ်တွေတော်တွေနဲ့ ရိုင်းလိုက်တာကြီးတော်ရယ်
နားထဲမှာ သံရည်ပူနဲ့လောင်းလိုက်သလိုပဲ"

"တော်စမ်းပါ၊ တော်က ကျုပ်ကို ခင်ဗျားလို့ ပြောတော့
တော်တော် နားဝင်ပီယံရှိတယ်ပေါ့"





မာန်က ဟတ်ခနဲရယ်လိုက်သည်။

"ရှိမယ်လို့ ထင်တာပဲ"

"မင်းနဲ့တော့လေ ခုနစကားကို ကျုပ်ဆက်ဦးမယ်"

"တို့လို့ပြောပါ မကျုပ်ပါနဲ့"

"အေး. . ထားပါတော့၊ တို့ဟာ. . ပန်းမွေ့ရာပေါ်ကို
ဖိတ်သန်းခဲ့ရတဲ့ မိန်းမတစ်ယောက် မဟုတ်တော့ ပန်းမွေ့ရာရဲ့
အရသာကိုလည်း မသိဘူး မမက်မောဘူး၊ ဒါကြောင့် ပန်းမွေ့ရာ
ပေါ်မှာစံစားရမှု ဆိုတဲ့ ဆန္ဒမျိုးနဲ့တော့ တို့ဟာ ပန်းမွေ့ရာပေါ်က
ယောကျာ်းတစ်ယောက်ရဲ့ လက်ကို အမိအရ လှမ်းဆွဲယူမယ့်
မိန်းမမဟုတ်ဘူးဆိုတာ မင်းသဘောပေါက်ထားပါ"

မာန်က အလေးအနက်ပြောသော နွေတမန်ကို စူးစမ်း
ကြည့်လိုက်သည်။

နွေတမန်သည် စိတ်အားထက်သန်မှုကြောင့် သူ၏ဝါ
ဝင်းသော အသားအရည်လေးပင်လျှင် အနီရောင်ပြေးနေလေ
သည်။

"ဒါဖြင့် ကိုကို့ကို လက်ထပ်ဖို့ ခင်ဗျားဘာဖြစ်လို့ လွယ်
လွယ်တကူ ခေါင်းညိတ်ခဲ့သလဲ"

"ဒါက လူကြီးမိဘတွေရဲ့စကားကို မလွန်ဆန်ချင်တာ
တစ်ကြောင်း၊ သေကာနီးဆဲဆဲ အမေတစ်ယောက်အသေ
ဖြောင့်ဖို့ အရေးမှာ သူ့ဆန္ဒကို ခေါင်းညိတ်ပေးခဲ့ခြင်းပဲ"

"ဒါဟာ ကတိတစ်ခုခိုင်မြဲသွားခြင်းပဲ မဟုတ်လား"

"သေသူတွေရဲ့ နောက်ဆုံးဆန္ဒကို ရှင်ကျန်ရစ်ခဲ့သူတွေ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ဘဝတစ်ခုလုံးနဲ့ လဲလှယ်ပစ်ရမယ်ဆိုတဲ့ ကိစ္စကိုတော့ ထို
စဉ်းစားမှာပါ။ လောလောဆယ် တို့ရဲ့ပတ်ဝန်းကျင်အနေအထား
အရ ပထွေးနဲ့ဆက်ပြီးနေဖို့ မသင့်တော်တဲ့အတွက် မင်းမေမေ
လိုက်ခဲ့တာ တို့သိပ်မှားနေပြီလား၊ တို့ပုံစံက. . ယောကျ်ားတ
ယောက်ကို အပိုင်ဖမ်းလိုက်တဲ့ မိန်းမပုံစံများ ပေါက်နေပြီလား

"ဘယ်သိမလဲဗျ"

"ဒါပေမယ့် မင်းပြောပုံဆိုပုံတွေက အဲ့ဒီလို အဓိပ္ပါယ်မျိုး
ပေါက်နေတယ်. . သိလား"

နွေတမန်သည် မခံချင်စိတ်ကြောင့် မျက်ရည်များ ရ
သိုင်းဖွဲ့သီလာသည်။

မာန် လန့်သွားသည်။

သူ့ရှင်ကို ထိရှစေသည်။

မိန်းမသားများ၏ မျက်ရည်လက်နက်သည် ယောကျ်ား
ရင့်မကြီးများ၏ နှလုံးသားကို ဖြောင့်တန်းစွာသွားနိုင်သော မြှ
တံများနှင့် တူလေသည်။

"ဟာဗျာ ကျွန်တော် အဲ့ဒီလိုမပြောပါဘူး၊ အဲဒီလိုလည်း
မဆိုလိုပါဘူး၊ ကျွန်တော်သိချင်လို့မေးတာပါ၊ မငိုနဲ့ဗျာ တော်ကြာ
တစ်ယောက်ယောက်က တွေ့သွားရင် ဒီကောင်ပဲ အဆူခံရမှာ

နွေတမန်က ခေါင်းမော့ကာ မျက်ရည်စများကို မျက်
တောင်ပုတ်ခတ်ခြင်းဖြင့် ရှင်းပစ်လိုက်သည်။

မျက်ရည်ကျခြင်းဖြင့် လောကကြီးကို အရှုံးမပေးချင်ပါ
သို့သော် တစ်ဖက်သား အထင်သေးခြင်းကိုလည်း မခံ





ားနိုင်ပါ။

"ကျွန်တော်က မမနဲ့ကိုကို နဂိုကတည်းက သိကြတာ
သား၊ အဲ. . ချစ်သူတွေလား ဒါကိုသိချင်တာ"

"မဟုတ်ဘူးဆိုတာ မင်းသိသွားတော့ တို့ကိုဘာဆက်
ပြောချင်သေးသလဲ"

နွေတမန်က စိတ်ပေါက်ပေါက်ဖြင့် မေးခွန်းထပ်ထုတ်
လိုက်သည်။ မာန်က သွားတက်ကလေးများ ပေါ်သည်အထိ. .
ပြုံးရယ်လိုက်ပြီး ပခုံးတွန့်ကာ. . .

"မမေးတော့ပါဘူး၊ ဘာမှလည်း ထပ်မပြောရဲတော့ပါ
ဘူး ဒါ ခင်ဗျား ဘာသာခင်ဗျား စဉ်းစဉ်းစားစား လုပ်သင့်တဲ့ကိစ္စ
ပဲ အချစ်ရေး ကြားမဝင်တော့ပါဘူး၊ စားလေဗျာ. . ."

"တော်ပြီ"

"ဟာဗျာ ကျွန်တော်စိတ်မကောင်းအောင် မလုပ်ပါနဲ့၊
စားပါ. . ရော့ ဒီကဏန်းလက်မကြော်လေး စားကြည့်ပါဦး"

မာန်က ဇွန်းဖြင့်လှမ်းခွံ့သည်။ နွေတမန်က လက်ရဲဇက်
ရှိုးပုံရသော မာန့်လက်ကို တွန်းဖယ်ကာ ဇွန်းကိုလှမ်းယူပြီး. .

"ကိုယ့်ဘာသာကိုယ်စားပါ့မယ်. . ဇွတ်ကြီးပဲ မင်းဟာ
လေ"

"ချစ်စရာ မကောင်းဘူးလား"

"ကောင်းပါလိမ့်မယ် အားချည်းချည်း"

နွေတမန်၏ အမျက်ဒေါသမပါသော မျက်စောင်းလှလှ
လေးကလည်း မာန်၏ နှလုံးသားတံခါးကို တွန်းဖွင့်နိုင်သော



www.burmeseclassic.com

www.burmeseclassic.com




စွမ်းအားနှင့်ပါလား။

မာန်က ဟက်ခနဲရယ်လိုက်သည်။ မာန်၏ မျက်လုံး လေးများသည် သောက်ရူးကြယ်ညီနောင်အလား ရွှန်းပလွန်း ... ပါလား။

နွေတမန်က မသိကျိုးကျွံပြုကာ ဘဲကင်တစ်တုံးကို ... နှင့်ညှပ်ယူကာ အချဉ်ရည်နှင့် တို့လိုက်ခြင်းဖြင့် မာန်၏ မျက်ဝ... ကို ရှောင်ရှားလိုက်သည်။







# အခန်း ( ၆ )

“နွေ ရန်နဲ့ပြောပါ၊ ဒီတစ်ခါ ကောလုပ်ရင် သမီးပဲကိုင် လိုက်”

နွေတမန် ရင်ဖိုသွားသည်။

ညှော့ခန်းထဲမှာ လူစုံနေသည် ။

ဘွားဘွား၊ အန်ကယ်လ်၊ အန်တီတို့အပြင်. . ထူးထူး ခြားခြား မာန်သည် ဒီညနေ အပြင်မထွက်ဘဲ ရှိနေသည်။

“ကျွန်တော်ရော မပြောရဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



မာန်က ဗီဒီယိုအခွေကို ရွေးနေရာမှ ဝင်ပြောလိုက်သည်။

"လုပ်ပြီ. . ဆေးရိုးသည်က ကန့်လန့်ကန့်လန့် ဆိုတာ ဒါမျိုးပဲ"

အန်ကယ်လ်က မာန်ကိုဆိုလျှင် သိပ်မျက်နှာသာမပေးတတ်ချေ။

"ဖေဖေကလည်း ကိုကိုနဲ့သား မပြောရတာကြာနေပြီ"

"အေး. . ပြောချင်ရင် မင်း မမပြီးတော့ ပြောပေါ့"

အန်ကယ်လ်က ထိုင်ရာမှထကာ. . .

"ကိုယ် ဟိုဘက်ခြံကူးလိုက်ဦးမယ်. . မင်းရော လိုက်မလား"

"လိုက်တာပေါ့. . သားကြီးနဲ့ကလည်း ပြောပြီးပြီပဲ"

လင်မယားနှစ်ယောက်က အတိုင်အဖောက်ညီစွာဖြင့် တစ်ဖက်ခြံသို့ ကူးသွားလေသည်။

ဘွားဘွားကလည်း ခေတ်မီစွာပင်. . .

"ဘွားဘွားတော့ ညောင်းပြီ၊ အိပ်ခန်းထဲလှဲရင်း တရုတ်ကားကြည့်လိုက်ဦးမယ်"

နွေတမန် ပြုံးလိုက်မိသည်။

အလိုက်ကန်းဆိုးမသိတတ်စွာ ကျန်ရစ်ခဲ့သော မာန်ကိုသာလျှင် မသိမသာ စွေကြည့်လိုက်သည်။

"လူကိုဘာကြည့်တာလဲ၊ ကျုပ်ကိုပါ ရှောင်ပေးစေချင်လို့လား"





"အရိုင်းကောင်လေး. . ဘာကျုပ်လဲ"

"နို့. . ခင်ဗျားကရော. . ကျုပ်. . ကျုပ်နဲ့ ဘာလို့ပြောသလဲ"

"ကျုပ်ကတောသူပဲ၊ ပြီးတော့ တော်က ကျုပ်ထက်ငယ်တာပဲ"

"ကြီးသူကိုရိုသေ၊ ငယ်သူကို လေးစားရမယ်ဆိုတာ မမသိဘူးလား"

"ဟုတ်ကဲ့ မသိလို့ အမိန့်ရှိပါဦး"

ဒီကလေးနှင့်တွေ့လာလျှင် ငြိမ်နေ၍မရ။ အငေါ်တူးလေးနှင့် အမြဲရှိနေရတတ်သည်။

ထိုစဉ် တယ်လီဖုန်းခေါ်သံထွက်ပေါ်လာရာ မာန်က ကျားသစ်တစ်ကောင်၏ လျင်မြန်ခြင်းမျိုးနှင့် တယ်လီဖုန်းရှိရာသို့ အလျင်ရောက်သွားပြီး ကောက်ကိုင်လိုက်သည်။

"ဟဲလို. . ကိုကိုလား ညီပါ"

နွေတမန်က အာရုံစိုက်ကြည့်မိလေသည်။

မာန်က မျက်စိတစ်ဖက် လှမ်းမှိတ်ပြလိုက်သည်။

"နေကောင်းတယ်နော်၊ ညီမှာတဲ့ပစ္စည်းတွေ မမေ့နဲ့ဦး"

"ရှိတာပေါ့၊ ပြောချင်လှပြီလား. . အင်း ဒီလိုဆို ဒီလအတွက် မုန့်ဖိုးပို့ပေးရမယ်"

"ဘယ်ကလာ ချောရမှာလည်း၊ မယ်ကုဝဏ် ကျနေတာပဲ ဒါပေမယ့်. . သနားစရာလေးပါ၊ ကဲ. . ပြော. . ပြော ညီ့ကို စိတ်စောင်းထိုးနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



မာန်က တယ်လီဖုန်းစကားပြောခွက်ကို နွေတမန်အား လှမ်းပေးလိုက်သည်။ နွေတမန်က လှမ်းယူလိုက်သည်။

ရင်ဖိုခြင်းသည် သတ္တိနည်းခြင်းကြောင့်လား။ အတွေ့အကြုံအသစ်ကြောင့်လား။

မိမိနှလုံးသားသည် အချစ်ရေးရာ၌ သန့်ရှင်းလတ်ဆတ်နေသည်တ သေချာသည်။

"ဟဲလို. . ကျွန်မ နွေတမန်ပါ"

"နွေ. . ခင်ဗျား မေမေတို့နဲ့နေရတာ ပျော်ရဲလား"

"ဟုတ်ကဲ့"

"ခင်ဗျား. . ညီ့ကိုတော့ သည်းညည်းခံရလိမ့်မယ်နော်"

"ရပါတယ်"

"ကျွန်တော် ခင်ဗျားကို တွေ့ဖူးချင်ပါတယ်"

"ကျွန်မလဲ ဒီလိုပါပဲ"

မာန်က လေလေးတချွန်ချွန်လုပ်ကာ အခွေရစ်နေလေသည်။ မကြားဟန်ပြုနေတာလား။

"ညီပြောတာဟုတ်သလား"

"ဘာကိုလဲ"

"ခင်ဗျားက အရုပ်ဆိုးတယ်ဆို"

"ရှင် ဓါတ်ပုံမရဘူးလား"

တစ်ဖက်မှ ရယ်သံသဲ့သဲ့ကြားရသည်။

နွေတမန်ရင်ထဲ လှုပ်ခတ်လာသည်။ မိမိဘဝ၏ အရှေ့ပါခဲ့ဆုံး ယောကျ်ားတစ်ဦးကို မိုင်ပေါင်းကုဋေ ဝေးကွာသော အရပ်





ဒေသမှနေ၍ လေလှိုင်းဖြင့်သာ ကြားရသည်။

တွေ့ချင်လိုက်တာ ရန်ရယ်. . .

"နွေတမန်"

"ရှင်"

"ဓါတ်ပုံထဲမှာ သိပ်လှတော့ အပြင်မှာ မလှမှာစိုးရိမ်နေတယ်"

"ဘာဆိုင်လို့လဲ"

" ဆိုင်တာပေါ့ ဓါတ်ပုံထဲသိပ်လှတဲ့သူဟာ အပြင်မှာ သိပ်မလှတတ်ဘူး၊ အပြင်မှာ သိပ်လှတဲ့သူဟာ ဓါတ်ပုံမစားဘူးဆိုတဲ့စကားလဲ ရှိနေတတ်တော့"

"တွေ့တော့ အမှန်တရားတစ်ခုကို ရှင်ရမှာပါ"

"ထားပါ. . ရုပ်လှတာ မလှတာ ကျွန်တော်အလေးအနက်မထားပါဘူး၊ ကျွန်တော် အလေးအနက်ထားတာက ချစ်ခြင်းမေတ္တာတရားပါ"

နွေတမန် ရင်ခုန်သံနှုန်းမြန်လာသည်။

အရေးထဲ အနားမှာ ကောင်ရှုပ်တစ်ကောင် ရှိနေသည်။ စကားပြောရတာ မလွတ်လပ်လိုက်တာ။

"နွေတမန်ဟာ ကျွန်တော့်ရဲ့မျှော်လင့်ခြင်း နတ်သမီးတစ်ပါးပါ"

ရန်သည် စိတ်ကူးယဉ်ဆန်သော. . ယောကျ်ားတစ်ယောက်လား. . .

"ကျွန်တော်အချစ်ကို တန်းဖိုးထားတတ်တဲ့ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပါ။ ချစ်ခြင်းနဲ့ လက်ထပ်ခြင်းကို ယပ်တူညီစေချင်တဲ့ ဆန္ဒ ကျွန်တော့်မှာရှိပါတယ်"

"တူလိုက်တာ ရှင်ရယ်" ဟူသော စကားကို နွေတမန် ရင်တွင်း၌ လှိုက်လှိုက်လှဲလှဲ ပြောလိုက်မိသည်။

"ကျွန်တော် မကြာခင်ပြန်လာမယ်၊ ဒီကြားထဲဖုန်းမကြာ ခဏ ဆက်မယ်နော်"

"ဟုတ်ကဲ့"

"ကျွန်တော့်အပေါ်ကို လူကြီးတွေသဘောတူလို့ လက်ထပ်ခြင်းမျိုး မဟုတ်ဘဲ ခင်ဗျားရဲ့ဆန္ဒနဲ့ လက်ထပ်ခြင်းမျိုးကို ကျွန်တော်လိုလားတယ်ဗျာ"

"ကျွန်မလဲ ရှင့်လိုပါပဲ"

"ဝမ်းသာပါတယ်၊ ခင်ဗျားနဲ့ ကျွန်တော်ပွင့်လင်းစွာနဲ့ တိုင်ပင်ကြမယ်နော်"

"ဟုတ်ကဲ့"

"ဘာမှာဦးမလဲ၊ ရှေ့အပတ်လဲ လူကြုံရှိတယ်"

"ဟင့်အင်း မမှာတော့ပါဘူး. . ရန်အတွက်သာ ကျွန်မ ဘာလုပ်ပေးရမလဲ"

"အဟမ်း. . အဟမ်း. . "

မာန်၏ ချောင်းဟန့်သံက တမင်လုပ်ကြံဖန်တီးလိုက်သောအသံမှန်း နွေတမန်သိပါသည်။

"ကိစ္စမရှိပါဘူး၊ နွေပင်ပန်းပါ့မယ်. . . "

ရန်သည် အားနွဲ့သူအပေါ် ငဲ့ညှာတတ်သောယောကျ်ား





ကောင်းတစ်ယောက်လား။

"မပင်ပန်းပါဘူး. . လိုတာရှိရင် မှာနော်၊ မေမေတို့ကို ဘာမှာဦးမလဲ"

"ပြောပြီးပြီလေ. . ဖုန်းချချင်ပြီလား"

"မဟုတ်ပါဘူး"

"နွေရဲ့အသံလေးကို ဖုန်းကတ်မကုန်မချင်း ကြားချင်နေတယ်. . အသံလေးကိုလည်း ကိုယ်နှစ်သက်မိပြီ"

နွေတမန် မျက်နှာထူပူသွားသည်။

ရန်သည် အချစ်နှင့်မတွေ့ဖူးသော. . ယောကျ်ားတစ်ယောက်ဖြစ်သည်ဟု ဘွားဘွား အာမခံပေးထားခြင်းမှာ ဟုတ်ရဲ့လား။ အင်းလေ. . . သူလည်း ဘယ်ခေမလဲ။ အမေရိကားမှာ အလုပ်သွားလုပ်တာ ငါးနှစ်တောင်ရှိနေပြီပဲ။

"နွေ စကားနည်းတယ်နော်"

"မဟုတ်ပါဘူး ကျွန်မဘာပြန်ပြောရမှန်း မသိလို့ပါ"

"ဒါဖြင့် ကိုယ်မေးမယ်"

"မေး"

"နွေ ကိုယ်မြန်မြန်ပြန်ရောက်လာမှာကို လိုလားသလား"

"တစ်. . . "

တယ်လီဖုန်းလိုင်း ပြတ်တောက်သွားလေပြီ။ နွေတမန် အားမလိုအားမရ ဖြစ်ကျန်ရစ်ခဲ့လေပြီ။

ရန်. . . တဲ့ ။

ခါတ်ပုံထဲမှာ အေးဆေးတည်ငြိမ်သလောက် စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောတာတော့ သွက်လက်မှုရှိလေသည်။ လူချင်းတွေ့ပါက. .

တယ်လီဖုန်း စကားပြောခွက်ကလေးကို ပြန်တင်လိုက်သည်။

"ဩော်. . ဒုက္ခ. . ဒုက္ခ. . တယ်လီဖုန်းကတ်ကလဲ အကုန်မြန်လိုက်တာ. ."

နွေတမန်က မာန်ကိုမျက်စောင်းထိုးလိုက်သည်။ မာန်က မသိကျိုးကျွံပြုကာ. . .

"စကားတောင် ပြောလို့မဝသေးဘူး မဟုတ်လား"

"မင်းအပူလား"

"ဟာ. . ဘယ်လိုပြောပါလိမ့် ကိုယ့်အစ်ကိုနဲ့ မရီးအ[...]ဟာ ကိုယ့်အပူပေါ့"

"တော်စမ်းပါ၊ ဒါထက် မင်းခြေတယ်ငြိမ်ပါလား ဘယ်မှသွားစရာ မရှိဘူးလား"

"မရှိဘူး မနက်ဖြန် ခင်ဗျားကို ဘုရားလိုက်ပို့ပေးဖို့ တာဝန်ပေးထားလို့ ဒီညစောစောအိပ်မှာ၊ ဒါကြောင့် ဒီညဘယ်မှ သွားဘူး"

"ကောင်းပါလေ့"

"မနက်ဖြန် ခင်ဗျားမေမေဆုံးတာ တစ်လပြည့်ဆို"

နွေတမန်ရင်ထဲ ကြေကွဲစိတ်ကလေး ဝင်ရောက်လာလေသည်။ တမင်မေ့မေ့ပျောက်ပျောက် ထားထားသော်လည်း တစ်နေ့မှ မေ့မရနိုင်သေးသော မိခင်၏အရိပ်က ပြန်လည်လွှမ်းမိုးလာသည်။





"ဆွမ်းကပ်ချင်ရင်လဲ ဒံပေါက်ဝယ်ကပ်ပေးမယ်လေ"

မာန်က နွေတမန်မျက်နှာညိုးနွမ်းသွားမှုကို သတိပြုမိ[...] ဖြေသာစရာ ရှာဖွေပေးလိုက်သည်။

"ရပါတယ်၊ ဘုရားပဲစောစောထသွားပြီး ပန်းဆီမီးရေ[...] သွားကပ်လှူတာပေါ့၊ အစောကြီးသွားမယ်နော်"

"အစောကြီး"

"ဟုတ်တယ်လေ မနက်ငါးနာရီခွဲလောက် ဖြစ်မလား"

"ဖြစ်ပါတယ်၊ ဘွားဘွားကို နှိုးခိုင်းထားမယ်"

"ကျေးဇူးတင်ပါတယ်"

"ဗျာ"

မာန်က တအံ့တသြဖြင့် ဗျာဟူသော အာမေဋိတ်လုပ်[...]က်သည်။

"ဘာဗျာလဲ"

"သူစိမ်းစကားကြီး ပြောလို့ဗျာတာ"

နွေတမန် သဘောပေါက်သွားသဖြင့် ကျေနပ်စွာပြုံး[...]မိသည်။

"ဆောရီးပဲ မာန်၊ မင်းနဲ့မမ အမျိုးအရင်းကြီးဖြစ်တော့[...]ကို မေ့သွားလို့"

မာန် မျက်နှာချက်ချင်း သုန်မှုန်သွားသည်။

"မမက ကိုကို့ကို လက်ခံလိုက်ပြီလား"

နွေတမန် ဘာဖြေရမည်နည်း။ ရန် မေးခွန်းကိုတောင် [...]ဖြင့်မသာသေးဘဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"ဒါဖြင့်. ."

"လူချင်းတွေ့ဆုံဆွေးနွေးပြီးမှ တိကျတဲ့အဖြေတစ်ခု
ပေးနိုင်မယ်"

"ကိုကို့လိုလူကို စဉ်းစားမယ်ဆိုတာ ဟန်လုပ်တာပဲ
မယ် ထင်တယ်"

နွေတမန် ထိုင်ရာမှ ဆတ်ခနဲထလိုက်ပြီး မာန်ကို
ထန်ထန် ကြည့်လိုက်ပြီး. . .

"စကားပြောရင် ဖောက်မလာနဲ့မာန်၊ တို့ဟာ အချစ်
ဘဲနဲ့ အိမ်ထောင်တစ်ခုကို လွယ်လွယ်ကူကူတည်ဆောက်
မိန်းမတစ်ယောက် မဟုတ်ဘူးဆိုတာ မင်းခေါင်းထဲ မြဲမြဲ
ထားလိုက်ပါ"

"ကြည့်ကြသေးတာပေါ့"


"ကြည့်ကြည့်၊ ကမ္ဘာတည်သရွေ့ မင်းစောင့်ကြည့်
မာန်၊ ဒါပဲ. . တို့ဘုရားသွားရှိခိုးတော့မယ်"

နွေတမန်က ဒေါပွပွနှင့်. . . အပေါ်ထပ်သို့ တော
လျှောက်တက်သွားလေသည်။

မာန်သည် မဲ့ပြုံးပြုံးကာ နွေတမန်၏ နောက်ကျော
ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။







# အခန်း ( ၇ )

နွေတမန်သည် မာန်အသင့်ဖွင့်ပေးထားသော ရှေ့ခန်း
၌ပင် ဝင်ထိုင်လိုက်သည်။ ဤချာတိတ်အပေါ် အသန့်ရှင်းဆုံး
သော မေတ္တာတရားနှင့်ထားရန် ဆုံးဖြတ်ထားသည်။ 'ရန်'နှင့်
လက်ထပ်ဖြစ်ပါက 'မာန်'သည် သူ၏ မောင်တစ်ယောက်အဖြစ်
သို့ အလိုအလျောက် ရောက်ရှိလာပေမည်။

"ဘာပန်းကပ်ချင်မှန်း မသိဘူး၊ ဝယ်လို့ရတဲ့ အောင်သ
ပြေနဲ့ သစ္စာပန်းတွေပဲ ဝယ်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ငှက်ပျောဖက်နှင့် အကျအနထုပ်ထားသော ပန်းစည်းကို မေးငေါ့ပြပြီး ပြောလိုက်သော မာန့်ကို ကျေးဇူးတင်သွားသည်။

"ဖယောင်းတိုင်နဲ့ အမွှေးတိုင်လည်း ဝယ်ထားတယ်"

"ကျေးဇူးတင်စရာ၊ အဲ့ဒီလိုဆိုတော့လဲ. . တို့မောင်ထလိမ္မာသားပဲ"

"လိမ္မာရင် ချစ်မှာလား"

ကြည့်. . . ဖြေရခက်သော မေးခွန်းကိုမေးပြန်ပြီ။

ဖြစ်ချင်ရာဖြစ်. . .

"ချစ်မှာပေါ့ကလေးရယ်၊ မင်းကတို့မောင်ပဲဟာ"

မာန်က မဲ့လိုက်သည်။

"တို့မောင်ကြီးက ပါသေးတယ်. . ၊ အလျှူရှင်မှန်း သိအောင် တယ်ပြီး မဏ္ဍပ်တိုင်တက်ပြချင်သေးတယ်"

"ဒါပေါ့"

မာန်ဆက်မပြောတော့ဘဲ ကားကို ဂရုတစိုက်မောင်းထွက်ခဲ့သည်။

မာန်ဘဝဝယ် သူစိမ်းမိန်းမတစ်ဦးအတွက် ပထမဦးဆုံးအကြိမ်အဖြစ် ဒုက္ခစတင်ခံစားခြင်းဖြစ်သည်။

ယခုလို စောစောလည်း မထတတ်။ လိုက်ပို့ပေးဖို့ဝေးလေစွ။ ယခုတော့ သူ့ဘဝထဲသို့ အမှတ်မထင်ရောက်လာသော နွေတမန်ကိုမှ သူအလေးထားမိနေလေပြီ။

နွေတမန်ကို အစ်မတစ်ယောက်ကဲ့သို့ချစ်ဖို့ အခွင့်





ရေးသာရှိပြီး အခြားအခွင့်အရေးမှမရှိတာ။

သို့သော် အခွင့်အရေးသည် သူ့အတွက်အရေးမကြီး။ အရေးကြီးတာက. . နွေတမန်အနား၌ အမြဲထာဝရ ရှိနေချင်သည်။

"ဘယ်ဘက်မုခ်ကို သွားချင်သလဲ"

"အဆင်ပြေတဲ့ဆီ"

"နီးရာပဲသွားမယ်"

"သဘော"

သို့နှင့် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်သို့ ရောက်လာသည်။ နွေတမန် ပန်းစည်းနှင့် ဖယောင်းတိုင်အမွှေးတိုင် ထုပ်များကို လှမ်းယူလိုက်သည်။

"ပေး. . ကျွန်တော်သယ်ခဲ့မယ်"

"နေပါ၊ တို့နိုင်ပါတယ်"

"နိုင်မှန်းတော့သိတာပေါ့၊ ကူသယ်ပေးချင်လို့. . ပေး ဖယောင်းတိုင်ထုပ်"

မာန်က နွေလက်ထဲမှ ဖယောင်းတိုင်နှင့်အမွှေးတိုင် ထည့်ထားသော ကျွတ်ကျွတ်အိတ်ကို လှမ်းဆွဲလိုက်သည်။

နွေတမန် လွှတ်ပေးလိုက်သည်။

တစ်ဖွတ်ထိုးနိုင်သော ကောင်ကလေးနှင့် ဖက်ပြိုင်၍အနိုင်မယူချင်ပါ။

ဓါတ်လှေကားကတက်တော့ နွေတမန်က မာန့်ဓါးလက်ကို အမှတ်မထင် လှမ်းဆုပ်ကိုင်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဓါတ်လှေကား ပထမဦးဆုံးအကြိမ်. . စီးဖူးခြင်းဖြစ်ကြောင်းကို မာန်အား ဝန်ခံရဦးမည်။ ဓါတ်လှေကားရပ်တော့. .

"အမေ့"

အမှတ်မထင် အော်လိုက်မိလေသည်။

မာန်က ဟန်ဆောင်မှုကင်းသော နွေတမန်ကို သနားသွားသည်။ နွေတမန်၏ လက်ဖျားကလေးများသည် အမှန်တကယ်ပင် အေးစက်နေသည်။

ဓါတ်လှေကားမှ ရင်ပြင်တော်သို့ ဆက်သွယ်ထားသော စကြံအတိုင်း လျှောက်လာစဉ်. . .

"တို့ရန်ကုန်ကို အခုမှရောက်ဖူးတာ"

"မန္တလေးမှာလည်း. . ဈေးချိုတို့ မန္တလေးတောင်တို့မှာ ဓါတ်လှေကားတွေရှိတာပဲ"

"မစီးရဲလို့ မစီးဘူး၊ ပြီးတော့ တို့ဘဝက အိမ်တွင်းပုန်းပဲ အိမ်အလုပ်တွေနဲ့ရယ် မေမေ့ကိုပြုစုဖို့ရယ်နဲ့ ပြီးဆုံးသွားခဲ့တာ"

"ဪ ခင်ဗျားကျောင်းပြီးပြီလား"

"အင်း. . အဝေးသင်နဲ့ ဘီအေ အီကိုတော့ရပြီးပြီ"

"တော်သေးတာပေါ့"

"တို့အလုပ်လုပ်ချင်တယ်၊ ဒါပေမယ့် အန်တီက ခွင့်မပြုဘူး"

"အင်းလေ. . လိုမှမလိုတော့ဘဲ၊ နောင်နှစ်လကျော်လောက်နေရင် မမအတွက် အလုပ်က ဆင်သင့်ဖြစ်နေပြီပဲ"

"ရန်နဲ့ လက်ထပ်တဲ့အလုပ်ကို မင်းဆိုလိုတာလား"





"ဟုတ်တယ် အိမ်ရှင်မအလုပ်လေ မိန်းမတစ်ယောက်အတွက် ဒီထက်ကောင်းတဲ့ အသက်မွေးလမ်းကြောင်း ရှိဦးတော့မလား"

နွေတမန်ရင်ထဲ နင့်ခနဲဖြစ်သွားရသည်။

မိမိသည် သာမန်မိန်းမတစ်ယောက် အနေဖြင့်. . ဤအရွယ်သို့ ရောက်ရှိလာခဲ့သည်။ နောက် သာမန်အိမ်ရှင်မ တစ်ယောက်အနေဖြင့် မိမိဘဝ ပြီးဆုံးသွားရတော့မလား။

" မင်းပြောချင်တာပြောတော့ မာန်၊ တို့မှာ ဘာမှတုံ့ပြန်ပြောလောက်တဲ့အင်အား ဘာမှမရှိတာအမှန်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ တို့ဟာ သာမန်မိန်းမပဲကိုး"

"ခင်ဗျားကို သာမန်မိန်းမအနေနဲ့ ကျွန်တော်မဖြစ်စေချင်ဘူး"

"မင်းဘယ်လိုဖြစ်ချင်သလဲ"

"မသိဘူးဗျာ. . ခင်ဗျားအလုပ်လုပ်ချင်သလား၊ အလုပ်လုပ်ချင်ရင် ကုမ္ပဏီတစ်ခုမှာ စာရင်းကိုင်ရာထူးတော့ရမှာ ကျိန်းသေတယ်"

ဘုရားရင်ပြင်တော်ပေါ် ရောက်လာသည်။

တနလာင်္ဂထောင့်၌ မိခင်အတွက် ပန်း၊ ဆီမီး ၊ ရေချမ်း၊ မွေးတိုင် ကပ်လှူပူဇော်ခြင်းနှင့် ရေသပ္ပါယ်ခြင်းတို့ကို. . နွေတမန်က စိတ်အေးလက်အေး လုပ်ကိုင်လေသည်။

မာန်က မငြီးငြင်ဘဲ လိုအပ်သော အကူအညီကိုပေးသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင် မာန် တစ်ယောက်ပြောင်းသွားပြီလား

"ဟာ. . မဟုတ်ဘူး၊ ဒါ ငါအစ်မကွ"

"ဟုတ်မှလည်းဖြီးပါ မာန်ရာ. . ၊ မင်းမှာဘယ်တုန်းက အစ်မ,နှမ ရှိခဲ့ဖူးလို့လဲ၊ ဘာလဲ. . ကာစင်လား ဒါလင်လား"

"တော်ပါတော့ သူငယ်ချင်းရယ်၊ မမကြားသွားမယ် ရှူး. . တောင်းပန်ပါတယ်"

"မမတဲ့လား. . စတိုင်တစ်မျိုး မရိုးအောင် မရဲ့မော လေး ထွင်လိုက်ပြန်ပြီပေါ့"

"တကယ်ပါ. . နောက် ငါဖုန်းဆက်ပါ့မယ်၊ သွားတော့ ကွာ. . "

"အေးပါကွာ. . ကိုယ်တို့က ဒိန်းဒေါင်အဖြစ်မခံပါဘူး သွားမယ်. . . "

"ကွာ. . ကွာ. . ၊ ကျေးဇူးအရှင်သခင်"

"မမ မာန်ဆိုတဲ့ကောင်ကို မယုံနဲ့ဗျို့"

ဟု နွေတမန်အနီး မကြားတကြားဟစ်အော်သကဲ့သို့ လုပ်သွားသော သူငယ်ချင်းကို မာန်ခွင့်မလွှတ်ချင်တော့။

နွေတမန် အာရုံပျက်သွားမှာစိုးရိမ်သည်။

နွေတမန်စိတ်ထဲ၌ မာန်သည် အမှိုက်ကလေး ဖြစ် နေချင်ပါ။ အရေးပါသောလူ ဖြစ်စေချင်လာသည်။

မာန်သည် နွေတမန်အတွက် ခိုရာအားထားရာနေရာ ကို ရယူချင်လာသည်။

ခက်ပြီ။





မသင့်တော်ဘူးထင်သည်။

အစ်ကိုအတွက် ရည်းစူးထားသော မရီးလောင်းအပေါ် ဖောက်လွဲဖောက်ပြန်စိတ်သည် ကောင်းသောစိတ်ထားမဟုတ်။

မဆိုင်ဘူးထင်သည်။

သူတို့တွေမှ ချစ်သူတွေ မဟုတ်ကြသေးဘဲ။

တရားဝင်စေ့စပ်ထားခြင်းလည်းမရှိ။

လွတ်လပ်သော အမျိုးသမီးတစ်ယောက်အပေါ် လွတ် လပ်သောအမျိုးသား မိမိက ချစ်ခွင့်မရှိတော့ဘူးလား။

"မာန်"

"အင်"

"ဘာစဉ်းစားနေတာလဲ၊ စောစောက မင်းမေးတဲ့မေး ခွန်းကို တို့ဆက်ဖြေမယ်နော်"

"ဘာမေးခွန်းလဲ"

မာန်အတွက်တော့ ယောင်ယောင်နနတွေနှင့် ကိုယ့်စ ကားတောင် ကိုယ်မမှတ်မိချင်တော့. . .

"တို့ကို အလုပ်လုပ်မလားဆိုတဲ့ မေးခွန်းလေ"

"သြော်. . အင်း၊ လုပ်မလား ပြောပေးမယ်"

"တို့ဆန္ဒအရဆိုရင်တော့ လုပ်ကြည့်ချင်ပါတယ်၊ ဒါပေ မယ့် ခုချိန်ခါမှာ တို့ဆန္ဒတစ်ရပ်တည်းနဲ့ မပြီးဘူး"

"ဘာဖြစ်လို့လဲ၊ ခင်ဗျားလိုတစ်ကောင်ကြွက်က ဘယ် သူ့ကို ဝှဲညွှာထောက်ထားစရာ ရှိလို့လဲ"

နွေတမန် ဝမ်းနည်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းစကားတွေက သိပ်ရင့်သီးလွန်းတယ်မာန်ရယ်၊ မှန်ပါတယ်. . တို့ဟာ ကျေးဇူးတရားတစ်ခုကို ထောက်ထားရမယ်၊ မင်းရဲ့မေမေဆန္ဒမပါဘဲ တို့ဘာမှလုပ်ခွင့်မရှိဘူး"

"မေမေနဲ့ဘာဆိုင်လို့လဲ"

"ဆိုင်ပါတယ်၊ တို့မေမေက တဖွဖွမှာသွားတယ်၊ အန်တီဒေါ်လှမျိုးနွယ်ရဲ့စကားကို နားထောင်ပါ၊ သူ့ကျေးဇူးတွေဟာ သမီးတစ်သက်ဆပ်လို့ မကုန်အောင်ရှိနေတယ်လို့ မေမေက ပြောတယ်၊ ပြီးတော့ တို့ကို ရန်နဲ့လက်ထပ်ဖို့ ကတိတောင်းတယ် တို့ပေးခဲ့တယ်၊ ကတိတစ်ခုကို မိခင်အသေဖြောင့်အောင် လွယ်လွယ်ကူကူနှင့် ပေးခဲ့တယ်ဆိုပေမယ့် ကျေးဇူးတရားတစ်ခုအတွက်တော့ တို့ကျေးဇူးမကန်းချင်ဘူး၊ ဒါကြောင့် အန်တီခွင့်ပြုချက်မရရင် တို့ဘာမှမလုပ်ချင်ဘူး"

မာန် နွေတမန်ကို အားမလိုအားမရဖြစ်မိကာ. . .

"ခင်ဗျားဟာ သိပ်ပျော့ညံ့တာပဲဗျာ. . ."

"တစ်လုပ်စားဖူး သူ့ကျေးဇူးအနေအထားအရ တို့ဟာ ပျော့ညံ့ကောင်း ပျော့ညံ့နေပါလိမ့်မယ်၊ ဒါပေမယ့် တို့ရင်ထဲက ကျေးဇူးသိတတ်မှုကတော့ ခိုင်မာပါတယ်မာန်၊ မင်းကော တို့ပါ မသိနိုင်သေးတဲ့အကြောင်းတရားတွေ အန်တီနဲ့ မေမေ့ကြားမှာ ရှိနေခဲ့မှာပါ။ တို့ အန်တီဆီက ခွင့်တောင်းကြည့်ဦးမယ်လေ"

"သဘောဗျာ"

"နေပါဦး၊ တော်က ကျုပ်ကိုဘာဖြစ်လို့ အလုပ်လုပ်စေချင်ရတာလဲ၊ တော့်မိဘ ထမင်းကပ်စားနေတာကို မနာလိုမရှုစိမ့်





ဦးလား"

နွေတမန်က သက်သက်ကျီစယ်လိုက်ခြင်းဖြစ်သည်။

သို့သော် မာန်က ရှုးရှုးရှားရှားဖြင့်. . .

" ခင်ဗျားမဟုတ်တာတွေ လျှောက်မပြောနဲ့၊ ခင်ဗျားကို အမြင်ကျယ်စေချင်တယ်၊ လွတ်လပ်စေချင်တယ်၊ ကျေးဇူးတရားဆို့ ကတိတို့ရဲ့ နှောင်ဖွဲ့မှုထက် ကိုယ့်ဆန္ဒကိုယ့်သဘောအတိုင်း လွတ်လပ်စွာ ရှင်သန်စေချင်တယ်၊ ဒါက ကျွန်တော့်စေတနာပဲ"

"ကျေးဇူးတင်ပါတယ် စေတနာရှင်ရယ်၊ ပို့မယ်ပို့ ကူးတို့ ရောက်အောင်ပို့နော်၊ ဗိုလ်တစ်ထောင်ဘုရားဖူးချင်တယ် ပို့ပေးမလား"

"ပို့မယ်၊ ရန်ကုန်မြို့မှာ ရှိရှိသမျှသောဘုရားတွေ မှန်သမျှ အကုန်လိုက်ပို့ပေးမယ်၊ ဘွားဘွားတို့ပြောခဲ့ပြီးသား သိရဲ့လား"

"သိပါပြီရှင်၊ ကျေးဇူးအထူးတင်ရှိပါတယ်ကို သူစိမ်းဆန်နေပဲ ပြောပါရစေနော်"

"ပြောပြော. ."

ကြည်ဖြူစွာပင် အလျှော့ပေးလိုက်လေသည်။


နွေတမန်နှင့် ပတ်သက်လာလျှင် မာန်၏စိတ်တို့သည် အလိုအလျောက် ပျော့ပျောင်းနူးညံ့သွားပြီးသား ဖြစ်ကြောင်းကို နွေတမန်သိနားလည်မည် ဆိုပါက. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၈ )

"ဘာဖြစ်လို့များ စိတ်မကောင်းဖြစ်စရာတွေ တွေး
နေရတာလဲ သမီးရယ်၊ ပြီးခဲ့တာတွေပြီးပြီပဲ"

ဒေါ်လှမျိုးနွယ်က နွေတမန်အား အေးအေးဆေးဆေး
ပင် ဖျောင်းဖျလိုက်သည်။

"မဟုတ်ဘူး အန်တီ၊ ကျွန်မသိထားသင့်တယ်လို့ ထ
လို့ပါ"

"တင်မနဲ့ အန်တီက ငယ်သူငယ်ချင်း၊ တင်မက နှမ်း





ဆော့ သူ့ကျောင်းစရိတ်တွေကို အန်တီရဲ့မုန့်ဖိုးထဲကပဲ ထောက်ပံ့ ဆေးခဲ့တယ်၊ ပထမအိမ်ထောင်နဲ့ ပြေပြေလည်လည်ဖြစ်ပေမယ့် ဒုတိယအိမ်ထောင်နဲ့က သိပ်မပြေလည်တာကို အန်တီကသိ ဆော့ သမီးရဲ့ကျောင်းစရိတ်၊ သူ့အတွက်ဆေးဖိုး၊ ခါတ်စာဖိုးကို လည်း အန်တီထောက်ပံ့ခဲ့တယ်၊ ဒါပါပဲ သမီးရယ်၊ ဒါအန်တီအ တွက် စေတနာသက်သက်နဲ့ ကူညီခဲ့တာပဲ၊ ဒါကို ကျေးဇူးတရား အနေနဲ့ သမီးခေါင်းထဲထည့်မထားပါနဲ့"

ဒေါ်လှမျိုးနွယ်စကားကို ကြားလိုက်ရတာနဲ့ နွေတမန် ၏ သဘောပေါက်သွားသည်။ နွေတမန်ရသောဘွဲ့သည် ဒေါ် လှမျိုးနွယ်ပေးသော ဘွဲ့သာလျှင်ဖြစ်သည်။ ထိုဘွဲ့နှင့် မိမိအလုပ် လုပ်မည်ဆိုပါက ဒေါ်လှမျိုးနွယ်၏သဘောက ပို၍အရေးပါ သည်ဟု နွေတမန်နားလည် လိုက်လေပြီ။

"ကျွန်မလည်း အားနေတော့ ကုမ္ပဏီတစ်ခုခုမှာ စား ရင်းကိုင် ဝင်လုပ်မလားလို့"

"ဘာလုပ်မှာလဲ သမီးရယ်. . အလွန်ဆုံးရတဲ့လစာက ခုနစ်သောင်း တစ်သိန်းပေါ့၊ ပေးဆပ်ရမယ့်အချိန်တွေက မ နည်းဘူး၊ သမီးလုပ်ချင်ရင် မင်းအန်ကယ်လ်ကုမ္ပဏီမှာ ဝင်လုပ် လို့ရတာပဲ၊ ရန်နဲ့တိုင်ပင်ကြည့်ပါဦး"

ဒေါ်လှမျိုးနွယ်က ပညာရှိဆန်စွာ ငြင်းပယ်လိုက်သည်။

"ရန်က ဘယ်ခွင့်ပြုမှာလဲ"

ရန်ဝင်ငွေတွေက နည်းနည်းနောနောမှ မဟုတ်ပေပဲ။ ရန့်အနေဖြင့် အိမ်ရှင်မကောင်းတစ်ယောက်ကိုသာ အလိုရှိပေ



www.burmeseclassic.com

www.burmeseclassic.com



မည်ပေါ့။

"ရန်ခွင့်ပြုရင်. . ."

"ရန်ရှယ်ရာဝင်ထားတဲ့ ကုမ္ပဏီမှာ ဝင်လုပ်ကြည့်
ရန်ကို သမီးကိုယ်တိုင်ပြော. . ."

နွေတမန်အတွက် မျှော်လင့်ချက်ရောင်နီလေး ပို့တ
လာလေပြီ။

ရန်ထံမှ ဖုန်းလာစေချင်သောဆန္ဒသည် နွေတမန့်ထံ
အလိုအလျောက် ရောက်ရှိလာသည်။

နွေတမန်၏ အနာဂတ်သည် ရန်၏ဆုံးဖြတ်ချက်
ပေါ်၌ မူတည်နေသလား။

"နွေတမန် သမီးက အိမ်ထောင်ရှင်မတစ်ယောက်
ဘဝဟာ သေးသိမ်တယ် ဂုဏ်ငယ်တယ် ကျဉ်းမြောင်းတယ်
များ ထင်နေသလားကွယ်"

ဒေါ်လှမျိုးနွယ်က ပွင့်ပွင့်လင်းလင်းမေးချလိုက်သ
နွေတမန် ရုတ်တရက် အန်းသွားသည်။ အဖြေကို လွယ်လင့်
ကူ မပေးနိုင်သေးပဲ ဒေါ်လှမျိုးနွယ်ကို ငေးကြည့်လိုက်သည်
ဒေါ်လှမျိုးနွယ်က ခွင့်လွှတ်သောအပြုံးဖြင့် ပြုံးကြည့်
သည်။

"အန်တီက အလုပ်လုပ်ပြီး ချွေးမကို မလုပ်စေချင်တ
က ကိုယ်ချင်းမစာနာဘူးလို့များ သမီးနွေက ထင်နေသလာ

"မဟုတ်ပါဘူး အန်တီ"

"သမီး နွေကို အန်တီတို့အကြောင်း ပြောပြရဦးမ





အန်တီဘက်က ချမ်းသာတယ်၊ အန်ကယ်ဘက်က ဝန်ထမ်းဆို
တော့ ပြည့်ပြည့်စုံစုံမရှိဘူး၊ မိဘတွေရဲ့မေတ္တာကြောင့် ကိုယ့်သား
သမီးကို ဆင်စီးမြင်းရံတာပဲ မြင်ချင်တော့ သမီးအန်ကယ်နဲ့
သဘောမတူဘူးလေ၊ ဒါပေမယ့် အန်တီက အန်ကယ်ကို လက်
ထပ်ခဲ့တယ်၊ ပြီးတော့ အလုပ်ဝင်လုပ်တယ်၊ အဲဒီကစပြီး ဝန်ထမ်း
သံသရာဘဝ လည်ခဲ့တော့တာပဲ၊ အန်တီတို့အိမ်ထောင်ရေးက
မောင်တစ်လမ်း မယ်တစ်ရွက်နဲ့ ကိုယ့်ဒူးကိုယ်ချွန်ခဲ့ကြရတာ၊
နောက်မှ အန်ကယ်လ်က ကိုယ်ပိုင်လုပ်ငန်းကို စွန့်စားလုပ်တဲ့အ
ချိန် အန်တီကအမာခံအနေနဲ့ ဝန်ထမ်းဘဝက မထွက်ရဲဘူး၊
နောက်တော့လည်း ရာထူးကလည်း တစ်ဆင့်ပြီးတစ်ဆင့် တက်
ဆိုတော့ ရာထူးရူးတာပါပဲ၊ သားတွေကလည်း လက်လွှတ်ချိန်ဆို
တော့ မထူးတော့ဘူးဆိုပြီး ဝန်ထမ်းသံသရာက ရုန်းမထွက်နိုင်
တော့ဘူး၊ ဒါပေမယ့် နောက်သုံးနှစ်ဆိုရင် လုပ်သက်ပြည့်ပင်စင်
ယူတော့မှာ"

ဒေါ်လှမျိုးနွယ်က သူ့အား စိတ်ရှည်လက်ရှည်နှင့်ရှင်းပြ
သည်။ နွေတမန် ဒေါ်လှမျိုးနွယ်အပေါ် အထင်မှားခဲ့သောစိတ်
တို့ ကြေပျက်သွားလေသည်။

"သမီးလက်ထပ်ရမယ့် အနေအထားက အဘက်ဘက်
က ပြည့်စုံတယ်၊ ယောကျ်ားလေးရှင်ဘက်က တန်ဖိုးထားလက်
ထပ်ခံရမယ့် မိန်းမတစ်ယောက်အနေနဲ့ ဘယ်လောက်ဂုဏ်ယူ
စရာကောင်းတယ် ထင်သလဲ၊ နောက်ပြီး မိခင်တစ်ယောက်ရဲ့
ဘဝဟာ မြင့်မြတ်တယ်လို့ သမီးနားလည်လက်ခံထားရင် သမီး



www.burmeseclassic.com

www.burmeseclassic.com



ဘဝဟာ သိပ်ကို ကျေနပ်စရာကောင်းတယ်ဆိုတာ. . သမီးသ ဘောပေါက်သွားမှာပါ”

နွေတမန်နားထဲ ပဲ့တင်ထပ်သွားသည်က. . .

“မိခင်တစ်ယောက်ရဲ့ ဘဝဟာ. . မြင့်မြတ်တယ်”

ဟူ၍ပင်။ နွေတမန်ပြုံးကာ. . .

“ကျွန်မနားလည်သဘောပေါက်အောင် ကြိုးစားပါ့မယ် အန်တီ”

“ ရန်ဟာ သဘောထားပြည့်ဝတဲ့ ယောကျာ်းတစ်ဦးဆို တာ သမီးတွေ့တော့ သိပါလိမ့်မယ်၊ အန်တီတို့ကတော့ မျိုးဆက် ကောင်းကောင်းကို မျှော်မှန်းတယ်၊ ရန်ကိုအားထားတယ်၊ မာန် ကတော့ တဖွတ်ထိုးနိုင်တယ်၊ ဒါပေမယ့် သားနှစ်ယောက်စလုံး ဟာ ဒီအဖေဒီအမေက ပေါက်ဖွားလာတဲ့သားတွေဖြစ်လို့ စိတ်သ ဘောထားခြင်းကတော့ တူညီကြပါတယ်၊ မာန်ကဆိုးလို့ရလို့ ဆိုး တယ်. . တစ်ဖွတ်ထိုးနိုင်ချင်တယ် ဒါပါပဲ၊ မာန်ဆိုးတာကိုတော့ သမီးသည်းညည်းခံ ရလိမ့်မယ်နော်”

“မာန်မဆိုးပါဘူး အန်တီ”

ဒေါ်လှမျိုးနွယ်က ရယ်ကာ. . .

“အဟင်း. . ဟင်း သူ့ကိုမဆိုးဘူး ပြောတဲ့လူဆိုလို့ သမီး တစ်ယောက်တည်းပဲ ရှိသေးတယ်”

နွေတမန်က မိမိအပေါ် နွဲ့ဆိုးဆိုးကာ ဂျစ်တစ်တစ်လုံး တတ်ပုံကလွဲ၍ ထူးခြားသောဆိုးသွမ်းမှုကို မခံစားရသေး

ယောက္ခမလောင်း ဒေါ်လှမျိုးနွယ်၏စကားက အစွ





နေပြီ ရှင်းလင်းနေပြီ။

အကောင်းဆုံးသော မျိုးဆက်သစ်အတွက် သူ့သားရန် နှင့် မျိုးရိုးဗီဇကောင်းမွန်ပြီး အရှုပ်အရှင်းကင်းသော မိမိနှင့် လက် ဆက်ပေးချင်သည်။

နွေတမန်က လက်ခံသင့်သလား။

အိမ်ရှင်မကောင်း၊ မိခင်ကောင်းတစ်ယောက်အနေနှင့် ရွှေအိမ်မှာစံစား၊ ရွှေမှုန်စားကာ အိမ်ကြီး၏ အရှင်သခင်တစ်ဦး ဘဝကို ဂုဏ်ယူတတ်ရမည်လား။

ဒါဟာ မိန်းမသားတစ်ဦးအတွက် အောင်မြင်မှုသရဖူ ကြီးလား။

“စိတ်ကူးယဉ်မဆန်ပါနဲ့ သမီးရယ်၊ အဟင်းဟင်း. . အန်တီတို့ငယ်ငယ်တုန်းကလည်း ဒီလိုပဲ မိဖုရားအဖြစ်ထက်. . ဘုရင်မအဖြစ်ကို လိုလားခဲ့တယ်၊ ဘုရင်မတစ်ဦးရဲ့ ဝင့်ဒုက္ခဟာ မိဖုရားရဲ့ ဝင့်ဒုက္ခထက် ကြီးမားလိမ့်မယ်ဆိုတာ. . နှစ်ကြာလာ လေ သိလာလေလေ ဖြစ်လိမ့်မယ် သမီးနွေ”

ဒေါ်လှမျိုးနွယ်က နွေအား စိတ်ရှည်လက်ရှည်ရှင်းပြ သည်။ နွေနားမဝင်သေး. . ဘုရင်မတစ်ဦး၌ ဘာဝင့်ဒုက္ခရှိ သလဲ။

“အဟင်းဟင်း. . သမီးနွေက နားမလည်ဘူးထင်တယ်၊ ခေတ်ပညာတတ် ရာထူးရှိ ဂုဏ်သရေရှိအပျိုကြီးတွေ တော် တော်များများက မိဖုရားအဖြစ်ထက် ဘုရင်မအဖြစ်ကို လိုလား တဲ့သူတွေဆိုတော့ အိမ်ထောင်ပြုရရင် ခင်ပွန်းအတွက် သားသ



www.burmeseclassic.com

www.burmeseclassic.com



မီးအတွက် ပေးဆပ်ရမှာကို ကြောက်ကြတယ်၊ ဒါပေမယ့်. . .ည်။
နောက်ဆုံးမှာတော့ သူတို့မှာ ပေးဆပ်မှုတွေကသာများပြီး ရယူ
ကအနည်းအကျဉ်းပဲ မဆိုစလောက် ပြန်ရကြတယ်၊ အချို့ဆို
ပေးဆပ်ရသလောက် တုံ့ပြန်မှုက မရှိဘူး၊ နောက်ဆုံးတော့ ၅
ထိုးကျန်ဝေဒနာတွေနဲ့ နိဂုံးချုပ်ရတာတွေလည်း မနည်းဘူး. .
သမီးရွှေ၊ လောကကြီးမှာလေ မိန်းမဟာ မိခင်ကောင်းအဖြစ်
ဂုဏ်ယူတတ်နိုင်ဖို့ပဲ လိုအပ်တယ်လို့ထင်တယ်၊ ဒါဟာ အမြ
မြတ်ဆုံးပဲ. . .”

နွေ. . ဒေါ်လှမျိုးနွယ်အပေါ် အားနာသွားသည်။

မိမိအပေါ် တန်ဖိုးထားသော မိသားစုအသိုင်းအဝိုင်း
ရှုန်းထွက်ချင်သောဆန္ဒမှာ မှားယွင်းသောဆန္ဒသာ ဖြစ်နိုင်သည်

“ကျွန်မ နားလည်ပါတယ်အန်တီ၊ ကျွန်မ ရန်ရဲ့ဆန္ဒ
တိုင်းဖြစ်အောင် ကြိုးစားပါ့မယ်”

“ဟင့်အင်း သမီး၊ ရန်ရဲ့ဆန္ဒအတိုင်း သမီးဆန္ဒမလု
ဦး၊ ရန်ရဲ့ကောင်းသောဆန္ဒ လက်ခံသင့်သောဆန္ဒကိုသာ သ
ဆန္ဒဖြစ်ပါစေ၊ အိမ်ထောင်တစ်ခုမှာ မိန်းမက အခရာပဲသ
ယောကျ်ားက အိမ်ဆောက်ပေးတယ်၊ မိန်းမက နေအိမ်ကို
တီးပေးရမယ်၊ ခင်ပွန်း. . သားသမီးတွေအတွက် နေချင်စဖွ
အိမ်ကို ဖန်တီးပေးရမှာ အိမ်ရှင်မကောင်းတွေရဲ့ တာဝန်ပဲ

နွေ. . ဒေါ်လှမျိုးနွယ်ကို လေးစားသွားသည်။ ထိုစိ
နှင့်ပင် နွေသည်. . ဒေါ်လှမျိုးနွယ်၏ စိတ်တိုင်းကျချွေးမ တ
ယောက်အဖြစ်သို့ အလိုအလျောက် ရောက်ရှိတော့မည် ထင်





ဒေါ်လှမျိုးနွယ်ပြောတော့လည်း လက်ခံချင်စရာ။
မာန် သွေးဆောင်မှုကလည်း စိတ်ဝင်စားစရာ။
ခေါင်းအေးအေးနှင့် ဆုံးဖြတ်တာပဲ ကောင်းမည်။
အဓိကကတော့ ရန်ပါပဲ။
ရန် ဘာပြောမလဲ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၉ )

"ဟဲလို"

"နွေလား. . ကိုယ်ပါ၊ မေမေတို့ကို မခေါ်နဲ့ဦး၊ နွေ
အရင်ပြောမယ်"

ရန်ထံမှ ဖုန်းဖြစ်နေသဖြင့် နွေဝမ်းသာသွားသည်။

ရန်နှင့်တွေ့ချင်သော ဆန္ဒသည် နွေရင်ထဲ၌ အချိန်
ဖြစ်ပေါ်နေချိန် ဖြစ်သောကြောင့်ပင်။

"ဘာပြောမလို့လဲ ရန်"





"နွေကို ဖေဖေ မေမေကော ဘွားဘွားကော သဘော
ကြတယ်၊ အမှတ်ပြည့်ပေးထားကြတယ်"

နွေ ကျေနပ်စွာ ပြုံးမိသည်။

"ဒီလောက်လည်း မဟုတ်ပါဘူး"

"ဒီထက်မကလောက်ဘူး ထင်တယ်၊ ကိုယ်အမြန်ဆုံး
ချင်စိတ်တောင် ပေါက်နေပြီနွေ၊ အဲဒါ ဘာဖြစ်လို့လဲသိ
"

"ကျွန်မ ဘယ်သိမှာလဲ"

"နွေနဲ့ တွေ့ချင်လို့ပဲ"

နွေပြုံးရုံမှအပ ဘာပြောရမည်နည်း။

ချစ်သူမဟုတ်သော်လည်း၊ မကြာခင် မိမိနှင့်လက်ထပ်ရ
ယောကျ်ားတစ်ဦး၏ လိုလားမှုကို ဂုဏ်ယူစွာ ကျေနပ်သင့်
း။

"နွေ စကားပြောလေကွာ"

"ပြောမှာပေါ့။ ကျွန်မ ရန်ကိုပြောစရာစကားရှိနေတယ်"

"ရှိရင်ပြောလေ"

"ပြောသင့်မပြောသင့် စဉ်းစားနေတာ"

"ဘာစကားမို့လို့လဲ ကိုယ်ရင်ထိတ်လာပြီ"

"မဟုတ်ပါဘူး ရန် ရင်ထိတ်လောက်တဲ့စကား မဟုတ်ပါ

"ကျွန်မ ကုမ္ပဏီတစ်ခုခုမှာ အလုပ်ဝင်လုပ်မယ်ဆိုရင်
င့်ပြုမှာလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . ဒါလား နွေပျင်းနေလို့လား"

"ဟုတ်တယ်ရန် ရန်ပြန်လာရင်လည်း ရန်ကိုကူညီ

အောင်ပါ၊ ဒါပေမယ့် ရန်သဘောတူမှပါ"

"ဒါများ နွေရယ် နှစ်လလောက်ပဲကျန်တော့တာ ရန်ပြ

လာလို့ လက်ထပ်ဖြစ်ကြရင် နွေအလုပ်ပျက်ဦးမှာပေါ့"

နွေစိတ်ထဲ ရန်၏စကားအသွားအလာကို မနည်းစ

စားကြည့်လိုက်သည်။ ရန်က လက်မခံနိုင်၍ ပညာရှိဆန်စွာ

စကားလှလှပြောဆို ငြင်းပယ်ခြင်းလား။

"နွေ"

"ရှင်"

"နွေသိပ်လုပ်ချင်သလား။ လုပ်ချင်ရင် ဖေဖေကိုပြေ

လေ၊ ဖေဖေကိုယ်တိုင် ရှယ်ယာအများဆုံး ဝင်ထားတဲ့ ကုမ္ပ

တစ်ခုခုမှာဖြစ်ဖြစ်၊ ကိုယ်ပြန်လာရင်လွှဲပြောင်းယူပြီး လုပ်မ

ကုမ္ပဏီမှာဖြစ်ဖြစ် ဝင်လုပ်ချင်လုပ်ထားပါ၊ နွေဆန္ဒရှိသလော

ပေါ့၊ ကောင်းပါတယ်. . အမြင်ကျယ်တယ်၊ ဗဟုသုတလည်

တာပေါ့"

"ကျေးဇူးတင်ပါတယ်ရန် အန်တီတို့ကို ရန်ပဲပြောပြ

ပါနော်"

"ဘယ်အန်တီလဲ"

"ရန်မေမေပေါ့"

"ခုထက်ထိ အန်တီတုန်းပဲလား"

"ဒါက. . ရန်နဲ့ကျွန်မက လူချင်းမတွေ့ဘူးကြသေး





နဲ့ကဆုံးဖြတ်ပြီးပြီလား"

"ကိုယ်က နဂိုကတည်းက ဆုံးဖြတ်ပြီးသား မိဘတွေကို

ဆုံးကြည်တယ်လေ၊ မိဘတွေရှာဖွေပေးတဲ့မိန်းမဟာ ကိုယ့်အ

တွက် ဇနီးကောင်းဖြစ်လိမ့်မယ်ဆိုတာ. . နွေကကော"

"ဟင့်အင်း. . ကျွန်မရန်နဲ့ တွေ့ချင်သေးတယ်"

တစ်ဖက်မှ ရယ်သံထွက်လာသည်။

"ဓါတ်ပုံနဲ့တင် မဆုံးဖြတ်ဘူးလား"

"ဓါတ်ပုံက သက်ရှိမှမဟုတ်တာ"

"ကောင်းပြီ ကိုယ်ပြန်လာတော့မှ နွေရှက်မနေနဲ့နော်၊

ဘယ်လီဖုန်းထဲကအတိုင်းပဲ ရင်းရင်းနှီးနှီး ရှိပါစေ၊ ဒါထက်မာန်

တာရှိလား"

"မရှိဘူး"

"သူကော ဘာလုပ်နေသလဲ"

"မသိဘူးရန်၊ သင်တန်းတွေတက်နေတာလား၊ လည်

တ်နေတာလားကို ကျွန်မတက်အပ် သေချာမပြောနိုင်ဘူး"

"နွေ သူ့ကို ကားမောင်းသင်ခိုင်းထားပါလား"

နွေ ရင်ခုန်သွားသည်။

နွေမမျှော်လင့်ထားသော စကားပင်။ နွေ ကိုယ်ပိုင်ကား

ကိုမောင်းကာ အလုပ်သွားနိုင်သော မိန်းမအဖြစ်သို့ ရောက်ရှိ

တော့မည်လား။

"သင်ပေးပါ့မလား၊ ရှုပ်တယ်လို့ပြောမှာပေါ့၊ ဒရိုင်ဘာ

ကိုသင်ခိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒရိုင်ဘာနဲ့ မသင်နဲ့. . မာန့်ကို ကိုယ်ပြောပေးပါ့မယ် သားသမီးတွေရလာတဲ့အခါ သားသမီးကျောင်းပို့ကျောင်းကြိ ကိစ္စကအစ နွေ့တာဝန် ဖြစ်လာတော့မှာ"

"ရန်ကလည်း မုန့်ဆီကြော်ကဖြင့်ဘယ်ဆီနေမှန်းမသိ သေးဘူး၊ နှုတ်ခမ်းနာနဲ့တည့်ပါ့မလား ဆိုသလိုဖြစ်နေပြီ"

နွေက ရှက်ရယ်ရယ်ပြီး ပြောလိုက်လေသည်။

"နွေရယ် လူတစ်ယောက်ရဲ့ နှလုံးသားကို ချုပ်ပိုင်ခွင့် မရှိဘဲ၊ ကိုယ် နွေ့ကိုနားလည်ပါတယ်၊ ဒါပေမယ့် ကိုယ့်မှာ ယုံ ကြည်ချက်တစ်ခုရှိတယ် သိလားနွေ၊ အဲဒီယုံကြည်ချက်က. . မေတ္တာဆိုတာ တန်ပြန်သက်ရောက်မှု ရှိတယ်လို့လေ"

နွေ ရင်ခုန်သံမြန်လာသည်။

ရန်သည် အေးဆေးတည်ငြိမ်သလို၊ မေတ္တာတရားကို တန်ဖိုးထားတတ်သော သူတစ်ယောက်ဖြစ်သည်။ ရန်ကို လက် ထပ်ခြင်းအတွက် မိမိမမှားနိုင်ဘူးဟု ထင်ပါသည်။

"နွေ ဖုန်းကဒ်ကုန်တော့မယ် ကိုယ်ထပ်ဆက်မယ်နွေ လိုင်းပြတ်တောက်သွားလေသည်။

နွေတမန် တယ်လီဖုန်း စကားပြောခွက်ကို ချလိုက်လေ သည်။

နွေတမန်ထံ တမင်ဆက်ချင်၍ နေ့ခင်းဘက် မိဘမျာ မရှိချိန်ကို ရွေးချယ်၍ တမင်ဆက်ခြင်းဖြစ်သည်။ ရန်သည်. . ဓါတ်ပုံမြင်ရုံ အသံကြားရုံ၊ မိဘများထံမှ သတင်းကြားရုံဖြင့်. . မိမိအပေါ် အမှတ်ပြည့်ပေးကာ စွဲလမ်းနေပြီလား။





သူချစ်ကို ရရှိခြင်းသည် ကံကောင်းခြင်းတစ်ရပ် ဖြစ်နိုင် သည်။

တယ်လီဖုန်းခေါ်သံ ထွက်လာသည်။ နွေတမန် ချက် ချင်းပင် ကိုင်လိုက်သည်။

"နွေ"

"ပြောပါရန်"

"နွေပို့ပေးတဲ့ ဘာလချောင်ကြော်တွေရော၊ ချဉ်ပေါင် ကြော် အကုန်ကောင်းတယ်"

"ကျေးဇူးတင်ပါတယ်၊ ဒီကိုပြန်ရောက်ရင် စားချင်တဲ့ ဟင်းတွေ အကုန်လုပ်ပေးဦးမှာ၊ ကောင်းတယ်သာပြောပေး. . မမောတန်း လုပ်ပေးမှာ"

"နွေရယ် တွေ့ချင်ပြီကွာ၊ နွေကို ပင်ပန်းစေမယ့်အလုပ် ဘူသမျှ ကိုယ်မခိုင်းရက်ပါဘူး၊ ဒါပေမယ့် နွေစိတ်ချမ်းသာသလို နေပါ၊ ကိုယ် ဖေဖေတို့ပြန်ရောက်ချိန်ကိုမှန်းပြီး ဖုန်းထပ်ပြော မယ်၊ မာန့်ကို ကားမောင်းသင်ခိုင်းဖို့ကတော့ နွေ့မောင်ကို နွေပဲ စည်းရုံးပေါ့"

"မာန်က ဂျစ်ကန်ကန်နဲ့ ဟိုတစ်နေ့ကတော့. . ကျွန်မ မေမေ တစ်လပြည့်ကိုတော့ ဘုရားတွေလိုက်ပို့ပေးတယ်"

"မာန်က ဆိုးလို့ရလို့ဆိုးတာပါ၊ ဒီကောင်က ငယ်ငယ်က တည်းက အစ်ကိုမလိုချင်ဘူး၊ အစ်မပဲမွေးထားတာ မဟုတ်ဘူး ဆိုပြီး ကိုယ့်ကိုမကြည်ဖြူစွာနဲ့ ဗိုလ်ကျပြီး ဂျိုတိုက်ခဲ့တဲ့အကောင်၊ ခုတော့ အစ်မရလို့ သူကျေနပ်နေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ငယ်ငယ်ကလေ အခုတော့ အပေါင်းအသင်းနဲ့ လည်ပတ်ဖို့ကလွဲရင် ဘာကိုမှသူမက်မောပုံ မရပါဘူး"

မာန်အလည်အပတ် နည်းနည်းလျော့ပါးလာသည်ဟု ဘွားသဉ္ဇာမျိုးက ကောက်ချက်ချသော်လည်း နွေတမန်ကတော့ မျက်စိနှစ်လုံးပွင့်သည်နှင့် အိမ်မှထွက်ပြီး မိုးချုပ်မှ ပြန်လာတတ်သော မာန်ကို လည်လည်နိုင်လွန်းသည်ဟု တအံ့တဩ ရှိနေခဲ့ရသည်။

"ကျောင်းဖွင့်ချိန်ရောက်ရင် တစ်မျိုးဖြစ်သွားမှာပါ၊ သူ့ကို ဂျပန်တက္ကသိုလ်တစ်ခုခုမှာ ကျောင်းတက်ပြီး အလုပ်လုပ်ဖို့ စီစဉ်ပေးရမယ်"

အစ်ကိုကြီး အဖအရာပီသပါသည်ဟု နွေတမန်ရန့်အပေါ် အမှတ်ပေးနေမိသည်။ အဝေးမှ ရန်သည် နွေတမန်အနီးသို့ ရောက်မှန်းမသိ ရောက်လာလေပြီလား။

"နွေက မပြောကြည့်လိုပါ. . ၊ ဖေးဖေးမမလေးနဲ့ ပြောကြည့်လိုက်ရင် နွေလိုသူလို ပုံသွင်းယူလို့ရတယ်၊ ကိုယ့်အနေနဲ့ကတော့ ညီလေးကို တည်တည်ငြိမ်ငြိမ်နဲ့ မြင်ချင်ပြီ၊ အရာရာကို ခပ်ပေါ့ပေါ့လေး သဘောမထားတတ်ပဲ အလေးအနက်သဘောထားတတ်တဲ့ ယောကျာ်းတစ်ယောက် ဖြစ်စေချင်ပြီ"

"ကျွန်မ တတ်နိုင်သမျှ ကြိုးစားကြည့်မယ်လေ"

"ကြိုးစားပါ ကိုယ်ပြန်လာပြီးရင် သူဂျပန်ထွက်ဖို့ အမြန်လုပ်ပေးရမယ်၊ ခုလည်း ပတ်စ်ပို့လုပ်ခိုင်းထားတာ ရပြီလားမသိဘူး. ."





"ဒါတော့ ကျွန်မလည်း. . မသိဘူး၊ မာန်က ကျောင်းအကြောင်း အလုပ်အကြောင်း ဘာမှမပြောဘူး"

"အဲဒါတွေ ခက်နေတာ. . သူ့အပြင်ထွက်ချင်ပုံ မရဘူး ထင်တယ်၊ ဖေဖေနဲ့မေမေကလည်း သူ့ကိုတော်တော်အလိုလိုက်တယ်၊ မိဘတွေကလည်း သူငယ်ငယ်ကတည်းက လိုချင်တာရအောင် ဖန်တီးနိုင်တဲ့ အဆင့်မျိုးဖြစ်နေပြီကိုး ဘွားဘွားကလည်း မြေးကိုဖျက်တာ အဘွားဆိုတဲ့အဆိုကို လက်ကိုင်ထားတော့ မာန်က ဆိုးချင်တိုင်းဆိုးနွဲ့နေတော့တာပဲ"

ရန်သည် ညီကိုအတော်ချစ်ရှာသားပါလားဟု နွေတမန်တွေးလိုက်မိသည်။ မာန်ကတော့. . အစ်ကိုအပေါ် ဂရုစိုက်ရကောင်းမှန်း မသိချေ။ သူငယ်ချင်း အပေါင်းအသင်းလောက် အစ်ကို့ကို တွယ်တာပုံမရချေ။

"ငယ်သေးလို့ ဖြစ်ပါလိမ့်မယ်ရန်၊ အချိန်ကစကားပြောမှာပါ"

"ကိုယ် သူ့အရွယ်မှာ အမေရိကားရောက်နေပြီ၊ အလုပ်လုပ်ပြီး ပညာသင်နေပြီလေ၊ သူကတော့ စဉ်းစားပုံမရသေးဘူးဆိုတာ ကလေးစိတ်မပျောက်သေးဘူး ထင်ပါတယ်"

"ဟုတ်ပါ့မလား မိန်းကလေး. . သူငယ်ချင်းတွေတော့ များသားပဲ"

"ဒါကလည်း ငယ်ငယ်ကတည်းက သူ့အကျင့်ပဲ၊ ထားပါလေ. . မာန်အကြောင်း အသာထားဦး. . နွေကို မေးရဦးမယ်၊ နွေ ကိုယ်တို့မိသားစုနဲ့နေရတာ ပျော်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



" လောကကြီးမှာ ပျော်ရာမှာမနေရ တော်ရာမှာနေရမယ်ဆိုတဲ့ ဆိုရိုးစကားရှိတယ် မဟုတ်လား၊ ဒီသဘောပဲပေါ့ ရန်ရယ်. . ကျွန်မဘဝဟာ ကျွန်မရည်မှန်းခဲ့သလို ဖြစ်မလာခဲ့တဲ့ လောကကြီးကို ကျွန်မကျရာနေရာမှာ ပျော်သလိုနေတတ်တဲ့ အလေ့အကျင့်ရနေပြီ"

"နွေရယ်. . . ကိုယ့်ကြောင့်တော့ နွေဘဝမှာ နောင်တဆိုတာ မရှိစေရပါဘူး"

"ကျွန်မလည်း အဲဒီလိုပဲ မျှော်လင့်ထားပါတယ်ရန်"

"ကိုယ်. . မကြာခဏ ဖုန်းဆက်မယ်နော်၊ နွေလိုချင်တာရှိ မှာလေ"

"ဟင့်အင်း ကျွန်မ ဘာမှမလိုပါဘူး၊ စိတ်ချမ်းသာမှုပဲ လိုချင်ပါတယ်"

"စိတ်ချပါနွေ နွေစိတ်ချမ်းသာစေရပါမယ်၊ နွေမလိုချင်လည်း နွေ့အတွက် အသုံးအဆောင်ကို ကိုယ်ဝယ်တတ်လာပါပြီ. ."

"ဒုက္ခမရှာပါနဲ့လား ရန်ရယ်"

"နွေ့အတွက်ဆို. . ကိုယ့်အတွက်ဒုက္ခဆိုတာ မဖြစ်ပေါ်လာစေရဘူးလို့ ကိုယ်မျှော်လင့်ထားပါတယ်၊ ဒါပဲနွေ. . နွေ မှန်ကန်တဲ့ဆုံးဖြတ်ချက်တစ်ခု ချနိုင်ပါစေလို့ ကိုယ်ဆုတောင်းနေပါ့မယ်"

"ကျွန်မ ကြိုးစားပါ့မယ်ရန်"

တယ်လီဖုန်းလိုင်းပြတ်သွားသည်။





ရန်ကို ခါတ်ပုံမြင်ရုံမျှ အသံကြားရုံမျှဖြင့် မိမိရင်ခုန်တတ်လာပြီထင့်။

ရင်ခုန်ခြင်းကို အချစ်ဟုခေါ် ဆို၍ရသလား။

စိတ်လှုပ်ရှားခြင်းကြောင့် ရန်ခုန်ခြင်းဟာ မဖြစ်နိုင်ဘူးလား။

ရန်၏စကားများက ရန်၏စိတ်ထားကို ဖော်ပြနေခြင်းဖြစ်သည်။ သို့ဆိုပါလျှင် ရန်သည်. . သဘောထားကြီးသော ယောကျ်ားတစ်ယောက် ဖြစ်သည်။

နွေတမန် စဉ်းစားမိ၍ ရင်ခုန်ခြင်းဖြစ်သည်။

အချစ်သည်တော့ မိမိနှလုံးသားသို့ ရောက်မလာသေးဘူးဟု ထင်ပါသည်။ သို့သော် အချစ်သည် နှလုံးသားတံခါးဝကိုတော့ ရောက်နေပြီထင့်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၀ )

မာန်အိမ်သို့ရောက်တော့ ညရှစ်နာရီ။ မီသားစုစုံလင်စွာ ဖြင့် ညစ်ခန်း၌တွေ့ရသည်။

နွှေတမန် ရှိနေသည်။

နွှေတမန်ဆိုသောမိန်းမသည် အတော်လှသည့် မိန်းမ ဖြစ်သည်။ အစ်ကိုဖြစ်သူသည် အတော်ကံကောင်းသောသူ ဖြစ်သည်ဟု မာန်ကောက်ချက်ချလိုက်မိသည်။ အချင်းရော အ ဆင်းပါ ပြည့်စုံသည့် မိန်းမတစ်ယောက်ကို ရှာဖွေစရာမလိုဘဲ





သူ့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိခြင်းလောက် ကံကောင်း ခြင်းသည် ရှိနိုင်ပါ့မလား။ အစ်ကိုဖြစ်သူကိုပင် မနာလိုချင်မိတော့။ ငယ်ငယ်တုန်းကလို အနိုင်ကျင့်ကာ. . အစ်ကို၏ ပိုင်ဆိုင်သော အရုပ်၊ ပစ္စည်း၊ ငွေကအစ တောင်းယူသကဲ့သို့. . ဤမိန်းမကို တောင်းယူလိုက်ချင်သည်။

သက်မဲ့များကိုသာ ပေးခဲ့ခြင်းဖြစ်သည်။ သက်ရှိကိုတော့ ပေးမည်မထင်။

“မြေး အပြီးပြန်လာတာလား”

“ဟုတ်ကဲ့ မိုးနည်းနည်းမိလာလို့ ဖျားချင်သလိုဖြစ်လာ တာနဲ့ ပြန်လာတာ”

အဘွား၊ မိဘနှစ်ပါးနှင့် နွှေတမန်၏ မျက်လုံးများ သူ့ထံ သို့ ဆိုက်ရောက်လာသည်။

ဖခင်လုပ်သူက. . .

“ဆေးခန်းတစ်ခါတည်း မဝင်ခဲ့ဘူးလား”

“မဝင်ခဲ့ဘူး”

“ဘာဖြစ်လို့လဲကွ”

“စောင့်ရမှာ စိတ်မရှည်ဘူး၊ အန်ကယ်ကိုပဲ ခေါ်ပေး”

“မောင်ကို ခရီးထွက်သွားတယ်လေကွာ”

“ဒါဖြင့်လည်း ဆေးတစ်ခုခုသောက်ပြီး အိပ်တော့မယ်”

သူက အပေါ်ထပ်လှေခါးသို့ ခြေလှမ်းလိုက်သည်။

ဘွားအေနှင့်မိခင်က မနေသာ။

“မောင်ကိုမရှိလည်း တစ်ယောက်ယောက်ကို သွားပင့်



www.burmeseclassic.com

www.burmeseclassic.com



ပါဦး"

"အဖျားတိုင်း ကြည့်လိုက်ပါဦးမယ်"

မိခင်က သူ့နောက်ပါးသို့ ကပ်လိုက်လာသည်။

နွေတမန်က ဘွားအေးကိုတွဲကာ နောက်မှလိုက်ခဲ့သည်
ကို မာန် မျက်ဝန်းထောင့်စွန်းမှ လှမ်းတွေ့လိုက်ရသဖြင့် ကျေ
သွားသည်။

"လည်ချင်တိုင်းလည်နေပြီး ဖျားလာမှ အိမ်ပြန်လာ
မှန်းသိတဲ့ကောင်ကို ပစ်ထားလိုက်ကြတာမဟုတ်ဘူး၊ သေသွာ
လည်း တစ်ကြောင်းပဲ လွှမ်းရတယ်"

ဖခင်က မကျေမနပ်ပြောလိုက်သည် ဖြစ်သော်လည်
သူထပြီး ဆရာဝန်တစ်ယောက်ကို ပင့်ခိုင်းလိမ့်မည်ကို မာန်
တတ်သိပြီးဖြစ်သဖြင့် ဖခင်၏စကားများသည် သူ့အား ပန်းနှ
ပေါက်လိုက်သည့်အလား ရှိသဖြင့် ခပ်ပြုံးပြုံးပင်။

အပေါ်ထပ်ရောက်တော့ သူ့အိပ်ခန်းရှင်းသန့်နေသည
ထိုလက်ရာများသည် နွေတမန်၏လက်ရာများဟု သူ
တတ်သိပြီးသား ဖြစ်သည်။ အိမ်ရှိအလုပ်သမားများက သေ
သပ်သပ်မရှိကြ။ နွေတမန်ရောက်လာမှ သေသပ်လာသကဲ့
ပရိဘောဂ အထားအသိုကအစ. . . ကြည့်ရှုချင်စဖွယ်ကော
အောင် ပြင်ဆင်တတ်လေသည်။

"တင်ပရေချာတိုင်းရအောင်"

"အကျီအရင်လဲလိုက်ဦးမယ်"

မိခင်က ပြဒါးတိုင်ယူလာပြီး တိုင်းရန်ပြောသည်ကို





မခံသေးဘဲ ငြင်းဆန်လိုက်သည်။

နွေတမန်က ဘီဒိုနားရောက်ရှိနေသဖြင့်. . သူ့အတွက်
ပ်ဝတ်အကျီနှင့် ဘောင်းဘီကို ထုတ်ပေးလိုက်သည်။

မာန်က လှမ်းယူရင်း. . .

"ဘာဖြစ်လို့ ယူပေးတာလဲ၊ ကျေးဇူးမတင်ပါဘူး ကိုယ့်
ာ ကိုယ်ယူနိုင်တဲ့အလုပ်ကို. . ."

"ကျေးဇူးတင်ခံချင်လို့ ယူပေးတာမဟုတ်ဘူးဟ့ော၊ ပွမှာ
ယူပေးတာကောင်လေးရဲ့"

နွေတမန်က ကြက်ခေါင်းဆိတ်မခံ။

"ခင်ဗျားနော် ကောင်လေးလို့ မခေါ်နဲ့"

"ဟဲ့ကောင်လေး ကိုယ့်အစ်မကို. ."

"ဘာအစ်မလည်း. . ဘာမှမတော်တဲ့ဟာ အသိသာ
မရီးကလည်း ကိုကိုနဲ့လက်ထပ်မှ တော်တာ၊ လက်မထပ်
သေးခင် အနိုင်ကျင့်တာကို ကျွန်တော်ကခံနေရမှာလား"

မာန်အကြောင်းကို နွေတမန် နောကြေနေပြီဖြစ်ရာ အ
ပျက်ပင် ရှိသည်။

ဒေါ်လှမျိုးနွယ်က. . .

"သားငယ် မင်းအဲဒီလို မရိုင်းရဘူးလေ"

"ရိုင်းတာမှမဟုတ်တာ အမှန်တရားပဲ၊ ကျွန်တော့်ကို
လေးတို့၊ ချာတိတ်တို့၊ ကောင်လေးတို့ ခေါ်တာမကြိုက်ဘူး၊
တာမာန်ပဲ. . . မမနော် ကျွန်တော်မကြိုက်တာကို မခေါ်နဲ့
"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအချိုးမကျရင်တော့ ခေါ်မှာပဲ"

"အချိုးမကျဘူးဆိုတာ ဘာကိုပြောတာလဲ"

မာန်ချွတ်ချလိုက်သော အဝတ်ဟောင်းများကို ကော
ယူပြီး အဝတ်ဟောင်းခြင်းတောင်းသို့ သွားထည့်လိုက်ရင်း
တမန်က ပြောလိုက်သည်။

မိခင်က. . .

ထားလေ. . နွေဟု တားဆီးခြင်းပင် နောက်ကျသွ
သည်။

မာန်က အိပ်ရာပေါ် လှဲလိုက်သည်နှင့် မိခင်က အမှ
တိုင်း ပြဒါးတိုင်ကို ပါးစပ်ဟခိုင်းပြီး လျှာအောက်သွင်းလို
သည်။

"အချိုးမကျတာ လျှာရှည်တာကိုပြောတာ၊ အကျီ
ပေးတာကို အေးအေးဆေးဆေးမယူဘဲ အတွန့်တက်လို့ တ
ကောင်လေးလို့ ခေါ်လိုက်တာ၊ ဟုတ်တယ်အန်တီရေ ရန်နဲ့လ
ထပ်ဖို့စဉ်းစားတဲ့အထဲမှာ သူ့ဒဏ်ခံနိုင်မခံနိုင်က အဓိကကျ
လိမ့်မယ် ထင်တယ်"

မာန်က ပြဒါးတိုင်ကို ဆတ်ခနဲထုတ်ပြီး. . .

"ဒါဖြင့်. . မယူနဲ့ပေါ့ဗျ၊ ကျွန်တော်ကတော့ မရီးသ
ရောက်ရင် ဒီထက်မက ဆိုးပြမှာပဲ"

"ဟဲ့ကောင်လေး. . ပြောရမယ့်စကားမှန်း မပြောရမ
စကားမှန်းမသိ၊ တော်ပြီ တိုင်းစမ်း"

မိခင်က မာန်မဲလိုက်တော့ ပြဒါးတိုင်ကို ပါးစပ်ထဲပြ





ထည့်သည်။

နွေတမန်က အခန်းအပြင်သို့ ထွက်သွားသည်။

မာန်မကျေမနပ်၊ လှမ်းတားလိုက်ချင်သည်။ မိမိအနား
မှာပဲ သူ့ကိုအမြဲရှိနေစေချင်သည်။ မိခင်က ပြဒါးတိုင်ထုတ်ကာ
ကြည့်လိုက်သည်။

"ဟာ. . တစ်ရာ့သုံးကျော်နေပါလား ဒါတောင် စကား
အများနိုင်သေးတယ်"

မာန်က မျက်စိမှိတ်ကာ မှိန်းလိုက်သည်။

"ဆရာဝန် အမြန်သွားပင့်ကြလေ"

ဘွားအေကလည်း သည်းသည်းလှုပ်လေပြီ။ ထိုစဉ်
အားသံကြားလိုက်ရသည်။

သား၏ အဖျားအခြေအနေကို တိတိကျကျမသိသေး
သော်လည်း ရုပ်လက္ခဏာကိုကြည့်ကာ ဖခင်လုပ်သူသည် မနေ
သာဘဲ ဆရာဝန်သွားပင့်ခိုင်းသည်ဟု တတ်အပ်သိလိုက်သည်။
မာန်စိတ်တွင်းမှ ကျိတ်၍ပြုံးမိသည်။ လူကတော့ မလှုပ်သာ
ပါ. . .။

ထိုစဉ် သူ့နဖူးပြင်ပေါ်သို့ အေးစက်သောအထိအတွေ့
ကို ခံစားလိုက်ရသဖြင့် မျက်လုံးအသာဖွင့်ကြည့်လိုက်သည်။

ချောမောလှပသော ပြစ်မျိုးမှုမထင် မျက်နှာတစ်ခုကို
နီးကပ် တွေ့လိုက်ရသည်။

ဒေဝစ္စရာလှကညာတစ်ပါး လူ့ပြည်သို့ နတ်သက်ကြွေ
ရောက်ရှိလာခြင်းလား။



www.burmeseclassic.com

www.burmeseclassic.com



တဒင်္ဂသတိလက်လွှတ် ငေးကြည့်ပြီးမှ . . ဦးနှောက်သို့ ရောက်ရှိလာသော အသိတရားတစ်ခုကြောင့် ချက်ချင်း မျက်စိ ပြန်မှိတ်လိုက်သည်။

တွေ့ချင်သည်။ သို့သော် မတွေ့ရဲ . . ။

အနားမှာ နေလိုသည်။ သို့သော် မနေရဲ . . ။


ရင်ခုန်လာသည်။ သို့သော် မမြန်ရဲ . . ။

ချစ်ချင်သည်။ သို့သော် မချစ်ရဲ . . ။

ဆန္ဒဟူသမျှ ထိန်းချုပ်ထားရသသည် . . ။

ထိန်းချုပ်ရသော ဝေဒနာရပ်သည် ပင်ပန်းဆင်းရဲလွန်း လှပါတကား။





# အခန်း ( ၁၁ )

"ပါးစပ်တွေ ချိုလိုက်တာ ဘာမှမစားချင်ဘူးဗျာ . ."

သုံးရက်လောက်ဖျားပြီးမှ အဖျားလုံးဝပျောက်သွားသော မာန်သည် အစားအသောက်ပျက်ကာ လုံးဝအစားမစားချင်ဘဲ ဖြစ်နေသည်။

ဒီနှစ်မိုးဦးကျတွင် အဖြစ်များသော တုတ်ကွေးသည် ဆိုးရွားလွန်းလှသည်။ အဖျားတစ်ရာ့လေး တစ်ရာ့ငါးအထိ တက်တာ အဖျားတာရှည်သည်။ အဆစ်အမြစ်များ ကိုက်ခဲပြီး ခံတွင်း



www.burmeseclassic.com

www.burmeseclassic.com



ပျက်သွားသည်။ ချောင်းဆိုးကာ ကျန်ရစ်ခဲ့သေးရုံမက လူသည်လည်း အားယုတ်ကာ ဖြူဖတ်ဖြူရော်နှင့် ကျန်ရစ်ခဲ့သည်။

"ရှောက်သီးသုပ်နှင့် ကြာဆန်ဟင်းခါး စားမလား"

"အင်း . . အဲ့ဒါဆိုရင်တော့ စားနိုင်မယ်ထင်တယ်"

"အဖျားရှင်းရှင်း ပျောက်မှနော်"

"မနေ့ကတည်းကမှ အဖျားမရှိတော့ပဲ"

"ဒါဖြင့် တို့သွားလုပ်ပေးမယ်"

"မကြာစေနဲ့နော်"

"အမျိုးမျိုး . . ခုနကတော့ ဘာမှမစားချင်ဘူးတဲ့ ခုတော့လည်း"

နွေတမန် မျက်စောင်းဝေ့ကာပြောပြီး မီးဖိုဖက်သို့ဝင်သွားလေသည်။ မာန်က ဧည့်ခန်းဆက်တီပေါ်တွင် လဲလျောင်းရင်း နွေတမန်အကြောင်းကို တွေးတောလိုက်သည်။

နွေတမန်သည် မိန်းမပီသသော မိန်းမဖြစ်နိုင်သလား၊ မိန်းမဆန်တော့ အပြုအမူတွေတော့ ရှိနေသည်။ မျက်စောင်းထိုးတတ်သည်။ စကားအခွန်းတင်မခံ တုံ့ပြန်ပြောတတ်သည်။

မာန်က မိန်းမဆိုလျှင် မိန်းမပီသမှ သဘောကျတတ်သည်။ သို့သော် မိန်းမပီသမှုထဲတွင် အတင်းပြောတတ်ခြင်းနှင့် သဘောထားသေးသိမ်ကာ သဝန်တိုတတ်ခြင်းကိုတော့ မပါဝင်စေချင်။

သူလိုလားသော အရည်အချင်းကို နွေတမန်၌ တွေ့သည်။ သို့သော် ခက်နေသည်က နွေတမန်သည် သူ၏အစ်မနေ





သို့ ရောက်ရှိလာမည့်သူဖြစ်သည်။

သူ၏မရီး ဖြစ်လာမည့်သူကို အစ်မနေရာ၌ထားကာ ချင်သော မေတ္တာထားရမည်။

ဒါကို သူသဘောပေါက်ပါသည်။ ခက်နေသည်က နှလုံးကို ဂြိုဟ်ဆိုးဝင်ပူးနေသည်။

နွေတမန်ကိုတွေ့မှ တစ်သက်နှင့်တစ်ကိုယ် မခံစားခဲ့ဘူးသာ ဝေဒနာကို ခံစားလိုက်ရသည်။ ခံစားနေရသည်။

ထိုဝေဒနာ၏ ဇစ်မြစ်ကို တူးဖော်ကြည့်သောအခါ၌ သူတ်လန့်တုန်လှုပ်စွာဖြင့် တဏှာတစ်ကောင်ကို သွားတွေ့လိုက်ရသည်။

ထိုတဏှာ လူ့စိတ်နှလုံးကို အလွန်အမင်း ဒုက္ခပေးတတ်သာ အချစ်တဏှာပင် ဖြစ်သည်။

"ဟိတ် . . ချာတိတ် ရပြီဟေ့"

"အိုး"

ထမင်းစားခန်းမှ လှမ်းအသံပြုလိုက်သော နွေတမန်၏သံကြောင့် မာန်သတိရလိုက်သည်။

အချစ်တဏှာကို နှင်ထုတ်ပစ်ရမည်။

အချစ်တဏှာ၏ ဖမ်းစားခြင်းကိုသူမခံသင့်။

အမိက ကိုကို၏ ယုံကြည်စိတ်ချမှုက အချစ်တဏှာကို င်းနိုင်သော သစ္စာတုတ်လက်နက် ဖြစ်လေသည်။

"လာဟေ့ ဟင်းခါးပူပူလေးနဲ့"

"လာပြီဗျ"



www.burmeseclassic.com

www.burmeseclassic.com



မာန်အသံနှင့်အတူ လူပါထမင်းစားခန်းသို့ ရောက်
သည်။

ရှောက်သီးသုပ်နှင့် ကြာဆန်ဟင်းခါးသည် အင်မ
လိုက်ဖက်ညီသော ဟင်းလျာတစ်မျိုးဖြစ်သည်။ သို့သော်
သည့် အိမ်ထမင်း၊ ဟင်းကိုစားလေ့စားထနည်းပြီး သူငယ်
အပေါင်းအသင်းများနှင့်သာ ဟိုတယ်များ၌ အစားများသူဖြ
ဖြင့် ရှောက်သီးသုပ်နှင့် ကြာဆန်ဟင်းခါးသည် သူနှင့် သူစိမ်
ပြင်ဖြစ်နေသည်မှာ ကြာပြီဖြစ်လေသည်။

"အစပ်တော့ နည်းနည်းကဲထားတယ်၊ ဒါမှ နာလ
နိုင်မှာ"

"ဘယ်လို့ . တုတ်ကွေးလည်း မသိဘူး၊ ကြမ်းလိုက်
လူတောင် မြော့သွားတယ်"

"အမယ်လေးဟဲ့ ကျားကိုးစီးစားလို့ မကုန်တဲ့လူတ
စားပါခါးကုန်မယ်"

မာန်က ရှောက်သီးသုပ်ကို ခပ်စားလိုက်သည်။ ပျ
သော ခံတွင်း ချိုချိုနှင့် အချဉ်အစပ်တို့ စစ်ခင်းကြလေပြီ။ ထို
ထဲ၌ အချဉ်အစပ်ဘက်မှ ဟင်းခါးပူပူက စစ်ကူလာဖြည့်
သည်။

ရှူးရှူးရှဲရှဲနှင့် ချွေးများပင် သီးလာသည်။ နွေတမ
မာန်ကိုကြည့်ကာ အားရကျေနပ်ပြုံးပြုံးမိပြီး . .

"ဘယ့်နှယ့်လဲ ကိုယ်တော် ခံတွင်းတွေ့ရဲ့လား"

"အိုကေ ထမင်းဖြူလေးရမလား"



"ရတယ်"

နွေတမန်က ချက်ချင်းပင် ခူးခပ်ခဲ့လေသည်။ မာန်က ထမင်းဖြူကိုပါ ယူစားသည်။

"မြန်မြန် ထမင်းစားဝင်မှ ဖြစ်မှာ"

"ဘာလဲ အိမ်မှာမျက်စိနောက်နေပြီလား"

"မဟုတ်ရပါဘူးရှင် မင်းမြန်မြန်နေကောင်းတော့ တို့ကို ကားမောင်းသင်ပေးနိုင်တာပေါ့"

"ဘယ်သူက သင်ပေးမယ် ပြောလို့လဲ"

"ဟင်"

နွေတမန်က မာန်မျက်နှာကို အကဲခတ်လိုက်သည်။ အတည်ပေါက်နောက်နေသော မျက်နှာလား . တကယ်အတည်ပြောသော မျက်နှာလား။

မာန်မျက်နှာက ခပ်တည်တည်ပင်။

"ဟုတ်တယ်လေ မမဘာလိုသလဲ၊ ကိုကိုပြန်လာရင် မမကို သူအကြိုအပို့ လုပ်ပေးလိမ့်မယ်၊ ကိုကို မရောက်သေးခင် ကျွန်တော်ကြိုပို့ပေးနိုင်တယ်၊ ဒီမှာမမ ယောကျာ်းဆိုတဲ့လူမျိုးက အားကိုးခံချင်ကြတာ၊ မမကိုကို့ကို အားကိုးပစ်လိုက်စမ်းပါ"

မာန် စိတ်ရင်းအမှန်ဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။ ဦးနှောက်တစ်ဖက် နှလုံးသားတစ်ဖက် လွန်ဆွဲနေကြရာတွင် ဘယ်ဘက်က ထွက်ပေါ်လာသော စကားဖြစ်သည်ကိုတော့ သူမဝေခွဲတတ်ပါချေ။

"အတ္တဟိအတ္တနောနာထော"

www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်သာ ကိုးကွယ်ရာတဲ့၊ မာန်တို့ကတော့ ကိုယ့်အားပဲ ကိုယ်ကိုးချင်တယ်၊ သူများအားကိုးရရင် သူများမျက်နှာလိုက်ကြည့်နေရတယ်၊ ကိုယ့်အားကိုယ်ကိုးရင် ဘယ်သူ့မျက်နှာမှ ကြည့်စရာမလိုဘူး ”

“ထင်သလား မမ”

“ထင်တာ မဟုတ်ဘူး. . ယုံကြည်တာ၊ မနက်ဖြန်တို့အလုပ်ဆင်းတော့မယ်၊ ဒီရက်ပိုင်းက မင်းနေမကောင်းလို့ တို့ကအန်တီတို့ နောက်ကြောင်းအေးရအောင် လူနာစောင့်ပေးနေတာ. . ”

“မာန့်ရင်ထဲ ဆူးတစ်ချောင်းနစ်ဝင်သွားသည့်အလားခံစားလိုက်ရသည်။ သောက်လက်စဇွန်းတန်းလန်းကို ပြန်ချလိုက်ပြီး နွေတမန်အား ခပ်စူးစူးကြည့်ကာ. . .

“စေတနာပါလို့ မဟုတ်ဘူးပေါ့”

“စေတနာမပါရင် ဘယ်လုပ်ငန်းမှ မအောင်မြင်ဘူးတဲ့မှတ်ထား၊ တို့ မင်းအပေါ်ပြုစုမှုက မနွေးထွေးလို့လား. . မင်းမကျေနပ်စရာ တွေ့သလား”

မာန်ရင်ထဲကဆူး စိုက်ဝင်မှုက အဖျားနားခတ်ရုံလောက်သို့ပြောင်းလွဲသွားသည်။ ဟင်းခါးကို ဆက်သောက်လိုက်သည်။ ထည့်ပေးထားသမျှ ရှောက်သီးသုပ်နှင့် ထမင်းဟင်းခါး ကုန်သွားသည်။

“ကဲ. . မာန်၊ ချွေးသုတ်ပြီး အဝတ်အစားကို အမြန်ဆုံးသွားလဲလိုက်ပါ”





“ဟင်. . မမ လိုက်မလဲပေးတော့ဘူးလား”

နေမကောင်းနေစဉ်ကာလက နွေတမန်၏ ချွေးသုတ်ပေးခြင်း၊ ရေပတ်တိုက်ပေးခြင်း၊ အဝတ်လဲပေးခြင်းတို့ကို ပြန်သတိတမ်းတမိသည်။ နွေတမန်က. . .

“ကိုယ်တော်. . ရေသာမခိုးနဲ့ အဖျားလုံးဝပျောက်သွား. . ကိုယ့်ဝန်ကိုယ်ထမ်းပေတော့၊ ညနေစာဟင်းအိုးပြင်ပေးလိုက်ဦးမယ်”

ပြောပြောဆိုဆိုနှင့် သူစားပြီးသားပန်းကန်အပေများကိုယူကာ မီးဖိုချောင်ဘက်သို့ ဝင်သွားလေတော့သည်။


မာန် အဝတ်မလဲဘဲ. . ပေကပ်နေရန် စိတ်ကူးလိုက်သည်။

သို့သော် အစ်ကိုဖြစ်သူ၏ သူ့အပေါ် အနစ်နာခံမှုများကိုမြင်ယောင်လာမိသောအခါ ပင့်သက်ရှည်ကြီးကို ချလိုက်ပြီး ထမင်းစားခန်းထဲမှ ထွက်ခဲ့လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၂ )

"အလိုတော် စောစောစီးစီးထလို့ပါလား"

နွေတမန်က ထမင်းချိုင့်များပြင်ဆင်နေစဉ် မိမိအနီး ရောက်လာသော မာန် တအံ့တသြ အာမေဍိတ်သံနှင့် ပြောလို သည်။

"ထရတာပေ့ါဗျ၊ ခင်ဗျားကို လိုက်ပို့ပေး ကြိုပေးဖို့ ဝန်ကို ကျုပ်ကိုပေးထားတာကိုး"

"အမယ်လေးဟယ် စောစောစီးစီး ငှက်ဆိုးထိုးသံကြ





သပဲ ခင်ဗျားတွေ ကျုပ်တွေနဲ့ သူ့ကားစီးရမှာ မျက်နှာငယ်လိုက် တာ"

ထိုအသံကို ထမင်းစားခန်းသို့ ဝင်လာသော ဒေါ်လှမျိုး ယ်က ကြားသောအခါ အသံထွက်အောင်ရယ်လိုက်ပြီးမှ . .

"သားငယ် ကိုယ့်အစ်မကို ဘာဂျစ်တိုက်နေတာလဲ . . ၊ မောင်ကို . . ဆိုးရင် ခံပြောရင် ထိပ်ခေါက်ပြီးတော့သာခိုင်း သား၊ ကိုင်း . . ကိုင်း . . ချိုင့်ရပြီနော် အန်ကယ်စောင့်နေပြီ တော့မယ်၊ သားငယ် မမကို သေသေချာချာ ပို့ပေးကြိုပေး ော်"

"ဟုတ်"

နွေတမန်က ဒေါ်လှမျိုးနွယ်အတွက် ပြင်ဆင်ပေးထား သာ ခြင်းတောင်းကို ကမ်းပေးလိုက်သည်။

ဒေါ်လှမျိုးနွယ် ထွက်သွားသောအခါ ကော်ဖီသောက် သော မာန်အား မျက်စောင်းထိုးလိုက်သည်။

"ဒရိုင်ဘာ အဖိုးအခ သိပ်မကြီးနဲ့နော်"

"များရင် ဘာလုပ်ချင်သလဲ"

"မစီးဘူးပေ့ါကွာ၊ လိုင်းကားတွေပေါလွန်းလို့"

"မျက်စိလည်ပြီး အိမ်ပြန်မရောက်ရင် ခင်ဗျားဘာဖြစ် သွားမယ်ထင်သလဲ"

"မျက်စိလည်ရအောင် သူငယ်နှပ်စားအရွယ်လားကွ၊ တော့ အငှားကားတွေ ပေါလွန်းလို့၊ ကိုင်း . . စကားမများနဲ့ ိုယ်တော်၊ အန်ကယ်က ဆယ်နာရီရောက်အောင်သွားဖို့ မှာ



www.burmeseclassic.com

www.burmeseclassic.com



ထားတယ်"

မနေ့က ဦးကျော်ဝေကိုယ်တိုင် နွေတမန်အား ရန်
ဇနီးလောင်းအဖြစ် မိတ်ဆက်ပေးပြီး နှင်းဆီကုမ္ပဏီမန်နေဂျ
ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်မည့်သူဖြစ်ကြောင်း၊
တာဝန်မယူခင် လောလောဆယ် လစ်လပ်နေသော ငွေစာရ
အရာရှိတာဝန်ကို ခေတ္တထမ်းဆောင်ပြီး လုပ်ငန်းတစ်ခုလုံး
လည်ပတ်မှုအနေအထားကို အသေးစိတ်လေ့လာဦးမည်ဖြ
ကြောင်း ပြောကြားကာ မိတ်ဆက်ပေးခဲ့လေသည်။

ထိုအချိန် အချို့လူများ၏ မျက်နှာအနေအထား၌ အံ့
သောအရိပ်အယောင်များ ပေါ်လွင်သွားပြီး အချို့လူများ
မျက်နှာပြင်၌ မကျေမနပ်သော အရိပ်အယောင်များကို တွေ့
သည်။

မိန်းမသားတစ်ဦး၏ အုပ်ချုပ်မှုအောက်တွင် မနေချ
သော ယောက်ျားများလည်း ရှိတတ်လေသည်။

နွေတမန် စိုးရိမ်ထိတ်လန့်မှုရှိခဲ့သည်။

သို့သော် နွေတမန်နောက်ကွယ်၌ ကြိုးကိုင်ပေးမည်
ယောက္ခမလောင်းများနှင့် ခင်ပွန်းလောင်းရှိနေသည်။ သို့
တွက် နွေတမန်အားလုံးကို ခန့်ထည်သောအပြုံးဖြင့် လှပစွာ
ပြုံးနိုင်ခဲ့လေသည်။

"တို့ . . အဝတ်အစားသွားလဲဦးမယ်၊ ကားအဆင်သင့်
ထုတ်ထားနော်"

"ဟုတ်ကဲ့ ခင်ဗျ"





"ကားတွေ ဘာတွေလည်း ရေဆေးထားခိုင်းပါဦးကွယ်၊
ဖွက်ပေါက်နေပြီ"

"ဟုတ်ကဲ့ အမိန့်တော်ကို နာခံလျက်ပါ"

မာန်က ခါးကိုညွတ်ကိုင်းကာ တမင်ညွတ်လိုက်သည်။
နွေတမန်ကလည်း ဤချာတိတ်အပေါ် ဘယ်သောအခါမှ အရှုံး
မပေးတတ်သူပီပီ. . .

"ကောင်းပြီ. . မင်းဒီလိုသိတတ်ရင် အလုပ်ဆက်ခန့်
မယ်၊ ကြိုးစား. . ကြိုးစား. ."

"သွားစမ်းပါ"

မာန်က ကွဲမြီးတိုကျန်ရစ်ခဲ့သည်။ နွေတမန်အား ချေပ
စကားကို ရုတ်တရက် ရှာမတွေ့သောကြောင့်ဖြစ်သည်။

နွေတမန်က သမင်ပျိုလေးနှယ် ကြော့ရှင်းလှပစွာဖြင့်
ထမင်းစားခန်းမှ ထွက်ခွာသွားလေသည်။

မာန် စားသောက်ရင်း ကျန်ရစ်ခဲ့သည်။

"မာန်လေးကားပေါ် ဒီခြင်းတောင်းတင်ထားပေးရမှာ
လား"

'ရန်. . မာန်. .' တို့၏ နာနီဘဝမှာ အိမ်ထောင်ထိန်းအ
ဖြစ် ကူးပြောင်းလာခဲ့သော ဒေါ်နန်းက မေးလိုက်လေသည်။

"လေးလေးနန်း မတင်ပါနဲ့ ကောင်မလေးတွေကို ခိုင်း
လိုက်ပါ"

"အေး. . အေး. . မာန်လေးရော ဘာယူဦးမှာလဲ"

"ကျွန်တော်က ဘာအတွက်ယူရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"မာန်ကိုရော ကူမှုဏီတစ်ခု ပေးမလုပ်ဘူးလား"

"ကျွန်တော်က ဘာလို့လုပ်ရမှာလဲ၊ တစ်အိမ်သားလုံး လူကုန် အလုပ်လုပ်နေမှတော့ ကျွန်တော်ဘာလုပ်ဖို့လိုသလဲ၊ ထိုင်စားပြီး ရှာဖွေသမျှထဲက အနည်းအကျဉ်းတော့ သုံးပေးသင့်တယ်လို့ ထင်တာပဲ"

ဒေါ်နန်းကတော့ မာန်သည် သူ့အသည်းကျော်ဖြစ်ခြင်းကြောင့် မာန်ဘာပြောပြော ဘာလုပ်လုပ်သဘောကျနေတတ်သည်ပင်။

"မာန်လေး နိုင်ငံခြားကို မသွားဘဲနဲ့ . . ဒီမှာဖွင့်တဲ့သင်တန်းတွေပဲတက်ပြီး အလုပ်လုပ်လို့ မရဘူးလား"

ဒေါ်နန်းက သူ့ကိုမခွဲနိုင်မှန်း မာန်ရိပ်မိသည်။

မာန်က ဒေါ်နန်း ပခုံးကိုဖက်ပြီး . .

"ဒါတွေ မာန်မတွေးချင်သေးဘူး ဒေါ်နန်း . . ဒါပေမယ့် မာန်တွေးထားတာတစ်ခုရှိတယ် မာန်အိမ်ထောင်ပြုရင် ဒေါ်နန်း မာန်နဲ့ လိုက်နေမလား"

"ပေါက်ပေါက်ရှာရှာ . . အလုပ်မလုပ်ဘဲ အိမ်ထောင်ပြုလို့ရမလား"

"ဒေါ်နန်းရော ကျွန်တော်မေးတာပဲ ဖြေစမ်းပါ"

"မာန်လေး . . ခေါ်ရင်၊ မမကြီး ခွင့်ပြုရင်နေပေးမှာပေါ့ မိညိုရေ နင့်ကိုကိုလေးကားပေါ် ဒီခြင်း သွားတင်လိုက်ပါဦး"

"ဟုတ်ကဲ့ ဒေါ်နန်း"

မိညိုက နွေတမန် ပြင်ဆင်ထားသော ခြင်းတောင်းကို





...တာအိမ်ရှေ့သို့ ထွက်သွားလေသည်။

"ကျွန်တော် ညစာထမင်း အိမ်မှာပဲစားမယ် ဝက်သားနီ...ထားပေး"

"နေ့ာက်ရော"

"ဂျူးမြစ်ချဉ်ရည် ငါးပိတို့စရာကောင်းကောင်း"

"စိတ်ချ . . မာန်လေးစားမယ်ဆိုရင် ဒေါ်နန်းကိုယ်တိုင်...ပြုတ်ပေးမယ်"

"ဒါဖြင့် . . ကျွန်တော်သွားမယ် ဒေါ်နန်း အားဆေးတွေ...တွေရှိသေးရဲ့လား"

"ရှိသေးတယ်"

"ဘာလိုသေးလဲ"

"ဘာမှမလိုပါဘူး မာန်လေးရယ်"

"ဒါဖြင့် ဘွားဘွားကို သွားနှုတ်ဆက်လိုက်ဦးမယ် ဘွား...းရော"

"ခြံထဲမှာတွေ့လိုက်တယ် မိမဲနဲ့ လမ်းလျှောက်နေတယ်"

မာန်က ဘွားသဥ္စာနွယ်ကို ရှာဖွေလိုက်သည်။ ဒါက . . ...နဲ့ထုံးစံ၊ မာန်သည်ဘွားအေကိုလည်း ချစ်သည်။ ဘွားအေက...ည်း မာန်မှမာန်၊ မြေးဦးထက်ပင် ပိုသည်။

မာန်က ပွတ်သီးပွတ်သပ်လည်း နေတတ်သည်။ ဘွား...အဆိုကလည်း ညာစားတတ်သူဖြစ်သဖြင့် ဘွားအေ၏ အထုပ်...သည် တဖြည်းဖြည်း လျော့လျော့သွားကာ သေးသွားခဲ့လေ...ည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွား"

"ဘာလဲသား"

"ကလောက အိမ်ကလေးလေ နည်းနည်းပြင်လိုက်ရ
နေ့မှာ ဘွားနဲ့သား သွားနေလို့ရမယ်"

"မြေးက ဘယ်သူ့ကိုပြင်ခိုင်းမှာလဲ"

"မြေးသူငယ်ချင်းကို ငွေပို့ပြီး လှမ်းပြင်ဆင်ခိုင်းမှာ
သူက ဘောက်ချာတွေနဲ့ စနစ်တကျသုံးစွဲပေးထားမှာပါ"

"အေး . . အေး . . မြေးသဘောပဲ ငွေဘယ်လောက်
မလဲ"

"ဆယ်သိန်း"

" ရတယ်လေ ဘွားဆီက နှစ်ကျပ်သား အခေါက်
ယူသွားလိုက်၊ လိုသလိုသုံး . . ပိုတာ သားမုန့်ဖိုးပေါ့"

ဘွားသဥ္စာက သမီးဖြစ်သူလှမျိုးနွယ်အား ဝန်ထ
မိသားစုမှ ကျော်ဝေနှင့် ယူသွားသောအခါ စိတ်ဆိုးကာ ပစ်ထ
ခဲ့သည်။ သို့သော် မြေးဦးရသောအခါ မနေနိုင်ဘဲ အဆက်
သွယ်ပြုလိုက်သည်။

မာန်ကိုယ်ဝန်ရလာသောအခါ အိမ်သို့ပြန်ခေါ်ပြီး ဒ
မက်ကျော်ဝေအား ဝန်ထမ်းအလုပ်မှထွက်စေပြီး သူ၏ပွဲရုံတ
ကို လွှဲပေးကာ ဦးစီးလုပ်ကိုင်စေသည်။ သားမက်၏ အရည်
သွေးကို သဘောကျသဖြင့် မာန်ကို မွေးသည့်နေ့မှာပင် ထို
အား သမီးနှင့်သားမက်နာမည်ဖြင့် အပြီးလွှဲပြောင်းပေးလို
သည်။





မာန်ကို လာခြင်းကောင်းသောကလေးအဖြစ် မိဘများ
က အလိုလိုက်သကဲ့သို့ ဘွားအေကလည်း သည်းသည်းလှုပ်ခဲ့
သည်။

"မာန်သွားရအောင်"

နွေတမန်က သူတို့ဆီသို့ ရောက်လာပြီး မာန်အား ပြော
လိုက်သည်။ ပြီးတော့မှ . . .

"ဘွားဘွား ကျွန်မသွားလိုက်ဦးမယ်နော် ဘွားဘွားပျင်း
ကျန်ခဲ့မှာကိုတော့ စိတ်မကောင်းပါဘူး၊ မာန်ကို အဖော်လုပ်ခိုင်း
ခါလား . ."

"ရတယ် သမီး . . လုပ်စရာရှိတာလုပ်ထား၊ ဘွားဘွား
တောင် အသက်ခြောက်ဆယ့်ငါးနှစ်အထိ ပွဲရုံတွေကို ကိုယ်တိုင်
ဦးစီးလုပ်ခဲ့တာပဲ၊ ခုခေတ်ကြီးက ပိုလုပ်သင့်တယ် . . မိုးရွာတုန်း
ရေခံထားကြတာ အကောင်းဆုံးပဲ"

"မာန်ရော လုပ်ရမလားဘွားဘွား . ."

"အို . . မြေးလေးက ငယ်သေးတယ်၊ ခုမှနှစ်ဆယ်ကျော်
နဲ့ပဲရှိသေးတာ၊ ကျောင်းတက်ဦး . . ဘွဲ့ရပြီးမှစဉ်းစား၊ ဘွားဘွား
ရှာထားတာတွေ ဘာလုပ်ဖို့လဲ မြေးဖို့ပဲဟာ"

မာန်ဆိုးသွမ်းရခြင်း၏ အကြောင်းရင်းကို နွေတမန်ရိပ်
မိခဲ့ရာမှ ပိုမို၍ တိကျခိုင်မာသွားသည်။

ဘွားသဥ္စာနွယ်ကြောင့် မာန်သည် လူပေါ်ကြောလေး
ဖြစ်ကာ အသုံးအဖြုန်းကြီးနေခြင်းပင် . . . ။

"သွားမယ်နော် ဘွားဘွား"



www.burmeseclassic.com

www.burmeseclassic.com



"မြေးပစ္စည်းယူသွားမယ်ဆို"

"မမကို ပို့ပြီးပြန်လာမှာ ဘွားရဲ့၊ အဲ့ဒီတော့မှ သားယူ မယ်. . ဘွားဘွားအဆောင်သင့်လုပ်ထား၊ ဘွားဘွားအိပ်ချင်ရင် ဒေါ်နန်းကိုပေးထားလိုက်"

"အေး. . အေး. . ကားကိုသတိထားမောင်းနော်"

"ကျွမ်းပါတယ်. . ဘိုင့်"

မာန်က ဘွားအေပါးကို ရွှတ်ခနဲနမ်းပြီး. . ကားရှိရာသို့ ထွက်ခဲ့လေသည်။

နွေတမန်၏ ကုဋေတစ်သန်း ခြေလှမ်းများကို. . ကျော် တက်ခဲ့သည်။

ဖိုးထူးက ရှေ့ခန်းတံခါးနှစ်ဖက်စလုံးကို ဖွင့်ပေးထား သည်။

မာန်က တက်လိုက်သည်။

နွေတမန်က မာန်ဘေး၌ပင် ဝင်ထိုင်လိုက်သည်။ မာန် ကျေနပ်သွားသည်။

"ဘယ်ကုမ္ပဏီလဲ. ."

"နှင်းဆီ"

"ဘယ်အချိန်လာကြိုရမလဲ"

"ပို့တောင်မပို့ရသေးဘူး ကြိုဖို့မေးနေပြီ"

"သိထားရအောင်လို့ပေါ့ဗျ"

"လေးနာရီ"

"နောက်မကျလွန်းဘူးလား"





"အန်ကယ်သတ်မှတ်ပေးထားတဲ့အတိုင်းပဲ၊ အစိုးရရုံး ...နတွေအတိုင်းပဲ သတ်မှတ်ထားတယ်၊ အချိန်ပိုရင် အိုဗာတိုင် ...းရမယ် မင်းစိတ်မဝင်စားဘူးလား"

"မဝင်စားဘူး"

"ဒါဖြင့် မင်းဘာလုပ်မှာလဲ"

"ဘာမှမလုပ်ဘူး. . ထိုင်စားမယ်၊ လျှောက်သုံးမယ်လို့ ...ာပြီးသားပဲ၊ အားရင်. . လူကိုပဲ အလုပ်လုပ်ခိုင်းနေကြတာ၊ ...ာ်ပြီဗျာ. . နိုင်ငံခြား မြန်မြန်ထွက်တော့မယ် နားငြီးတယ်. . ...န်းမတွေအားလုံး ငွေကိုပဲမြင်တတ်ကြတယ်"

"ဟော့. . မင်းစကားကြည့်ပြော တို့က မင်းပြောတဲ့မိန်းမ ... မပါဘူး"

"မပါရင် ဘာဖြစ်လို့ အလုပ်လုပ်ခိုင်းနေတာလဲ"

"ဟ. . အလကားသက်သက်အချိန်တွေ လျှောက်ဖြုန်း ...မယ့်အစား အတတ်ပညာအသိပညာတစ်ခုခုကို သင်ယူစေ ...်လို့ပေါ့ကွ၊ အချိန်တွေ အကျိုးမဲ့ဖြုန်းတီးသွားတာကို မင်းမနှော ...ာဘူးလား"

"အချိန်. . အချိန်လို့ အကြောင်းပြပြီး အမိကက ငွေရှာ ...ချင်တဲ့ အတတ်ပညာမဟုတ်လား၊ မိန်းမတွေအားလုံးဟာ ...တူတူချည်းပါပဲ"

"တော်ပြီကွာ စေတနာကို မစော်ကားနဲ့၊ ကိုယ့်မောင် ...်ယောက်လို စေတနာထားပြီးပြောမိတာ အိမ်ထောင်ဦးစီးဖြစ် ...မယ့် ယောကျာ်းသားတစ်ယောက်ဟာ စီးပွားဥစ္စာမရှာဘဲ

www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်နေမှာလဲ”

“တွေ့တဲ့အတိုင်းပဲလေ”

“တွေ့တဲ့အတိုင်းဆိုရင် မင်းဟာ လေလွင့်သူငယ်တစ်
ယောက်ပဲ”

“ဟုတ်တယ် ဒီလိုလူမျိုးနဲ့ ကိုကိုလိုလူမျိုးနှိုင်းယှဉ်လိုက်
ရင် မိန်းမတွေဟာ ကိုကို့လိုလူမျိုးကိုပဲ အိမ်ထောင်ဘက်အဖြ
ရွေးချယ်ကြလိမ့်မယ်၊ ကောင်းတယ်. . အဲ့ဒါ ဦးနှောက်သုံးတတ်
တဲ့ မိန်းမမျိုးပဲ ရမယ်၊ နှလုံးသားထဲက အချစ်ရမှာ မဟုတ်ဘူး
ကျွန်တော့်မှာ အချစ်ရှိလာတဲ့နေ့ကျရင်. . ကျွန်တော်ဟာ အိမ်
ထောင်ဦးစီးကောင်းတစ်ယောက် ဖြစ်အောင်ကြိုးစားမယ်ဆိုတာ
မမကို ကတိပေးပါတယ်”

“ငါ့ကို ပေးမယ့်ကတိမျိုး မင်းချစ်တဲ့မိန်းကလေးကို ပေး
နိုင်ဖို့ အရေးကြီးတယ်”

“မင်းချစ်တဲ့မိန်းကလေးဆိုတာနဲ့ တင်မပြည့်စုံဘူး၊ မင်း
ကိုချစ်တဲ့ မိန်းမလို့ ထပ်ဖြည့်စွက်ပေးပါ”

“အေး. . အေး. . သူချစ်ကိုယ်ချစ် ချစ်သူမျိုး မင်းဘဝ
မှာ အမြန်ဆုံးပေါ် ပေါက်ပါစေလို့ ဆုတောင်းပေးမယ်”

“ပေးတဲ့ဆုနဲ့ ပြည့်စုံပါစေ၊ ဒါထက်. . မမကို ကျွန်တော်
မေးစရာ တစ်ခုရှိတယ် စိတ်ဆိုးမှာလား”

မာန်တစ်ယောက် သဘောကောင်းနေပြန်ပြီ။ ဂျစ်တူ
တူး မနိုင်သော လေသံတွေ အတော်ဖြူးနေသည်။

ဒါပေမယ့် နွေတမန် ဤချာတိတ်ကို လျှော့မတွက်ရဲ





“စိတ်ဆိုးစရာမေးခွန်းဆိုရင်တော့ စိတ်ဆိုးမိမှာပဲပေါ့”

“စိတ်ဆိုးစရာမေးခွန်းတော့ ဖြစ်နိုင်တယ်လို့ ကျွန်တော်
ထင်ဘူး”

“ဒါဖြင့် မေးလေ”

မာန် အတန်ငယ် ငြိမ်သက်ပြီး ချိန်ဆလိုက်သည်။

“မမ ကိုကို့ကိုချစ်လို့ လက်ထပ်မှာလား၊ လက်ထပ်သင့်
တဲ့ လူတစ်ယောက်အနေနဲ့ လက်ထပ်မှာလား”

“မင်းကို တစ်ခါအဖြေပေးပြီးပြီလေ၊ မိခင်ရဲ့ နောက်ဆုံး
ဆန္ဒအရ ကျေးဇူးဆပ်ခြင်းပဲ၊ ချစ်ခြင်းဆိုတာ သံယောဇဉ်ကနေ
ဖွားဖက်တီးယူလို့ရပါလိမ့်မယ်၊ တော်ပြီကွာ တို့ကို ဒီကိစ္စထပ်
မေးပါနဲ့၊ တို့မတွေဝေချင်ဘူး၊ ပြတ်သားစွာနဲ့ချပြီးသားဆုံးဖြတ်
ချက်ကို ဆက်လက်အကောင်အထည် ဖော်ပါရစေ”

နွေတမန်၏ မျက်နှာပြင်ပေါ်၌ ကြေကွဲရိပ်များ ထင်လာ
သည်ကို ဝမ်းနည်းစွာ တွေ့မြင်လိုက်ရသဖြင့် မာန်ဆက်မေးလို
သောမေးခွန်းကို ရင်ထဲ၌ သိမ်းဆည်းလိုက်လေသည်။

“အကယ်၍ မမလက်ထပ်ရမယ့်သူဟာ. . မိဘလုပ်စာ
ထိုင်ဖြုန်းနေတဲ့ အလုပ်မရှိအကိုင်မရှိ ကျွန်တော်လူမျိုးဆိုရင်ရော
ဆုံးဖြတ်ချက်က ပီပြင်ပါ့မလား. . ”

ဟူ၍. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၃ )

"လုပ်ရတာ အဆင်ပြေရဲ့လား နွေ"

"ပြေပါတယ် ရန် အန်ကယ်လ်နဲ့ အန်တီရှိနေတာပဲ"

"ကျေးဇူးတင်တယ်နွေ၊ အမှန်တော့ ကိုယ်ယူမယ့်မိန်း... ဟာ စီးတဲ့ရေ ဆည်တဲ့ကန်သင်းဖြစ်ရင် တော်ပါပြီလို့ မှန်းထား... တာ၊ အခုလို မောင်တစ်ထမ်းမယ်တစ်ရွက် ဇနီးမယားမျိုးရတော့... လဲ ကိုယ်လောက်ကံကောင်းသူ ကမ္ဘာမှာ မရှိနိုင်ဘူးပေါ့၊ ကိုယ်... မနက်ဖြန် ဘွဲ့ယူမယ်"





"ဂုဏ်ယူပါတယ် ရန်"

"ပြန်လာဖို့ စလှုပ်ရှားနေပြီ၊ အရင်ကတော့ နောက်ထပ် ...လွှန်တစ်ခု ထပ်ယူမလားလို့ စိတ်ကူးထားတာ၊ အခုတော့. . ...င်အားက သိပ်ကောင်းနေပြီလေ"

"ရန်အတွက် ဒီမှာရှာလဲ ဒီငွေထက်မလျော့ဘူး ထင်ပါ ...ယ်၊ ပညာထပ်လိုချင်သေးရင်သာ စဉ်းစားပါ"

"ဟုတ်တယ် နွေက မြင်တတ်သားပဲ နွေ့ဆန္ဒနဲ့ ကိုယ် ...နှဟာ တစ်ထပ်တည်းပဲ၊ ဘာပဲဖြစ်ဖြစ် ကိုယ်ပြန်လာခဲ့မယ် ...စ်နှစ်လောက်တော့ နားပြီးမှ ဆုံးဖြတ်ချက်ယူမယ်လေ"

နွေတမန်ရင်တွင်း သက်ပြင်းရှိုက်မိသည်။ သူပြန်လာ ...င် လက်ထပ်ရပေတော့မည်။ မမြင်ဖူးသေးသော လူတစ် ...ာက်နှင့် လက်ထပ်ဖို့အရေးကို ရန်ခုန်လှိုက်မောခြင်း၊ ပျော် ...ခြင်း ဖြစ်မလာတာကတော့ ကျိန်းသေသည်။

"ရန် သဘောပဲလေ"

"ကားမောင်းသင်ဖြစ်သလား"

"မာန်က ဘာပြောတယ်ထင်သလဲ"

"ဘာရှုပ်ပြန်ပြီလဲ"

"ကျွန်မကို မောင်းတတ်စရာ မလိုဘူးတဲ့ ကိုကိုမရှိသေး ...င် သူမောင်းပေးမယ်၊ ကိုကိုရောက်လာရင် ကိုကိုအကြိုအပို့ ...ပ်ပေးပါစေ. . ဒါမှ ကိုကိုနောက်က ပုဆိုးစဆွဲပြီး လိုက်စရာ ...တဲ အလိုလိုစောင့်ကြည့်ပြီး ဖြစ်ရောတဲ့လေ မသင်ပေးဘူးရန်"

ရန်၏ တိုးတိုးတိတ်တိတ် ရယ်သံထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီလေး ပြောသလို ပုဆိုးစဆွဲပြီး လိုက်စရာမလိုပါဘူး နွေ၊ ကိုယ်အမြဲလက်ချင်းချိတ်ပြီး ယှဉ်တွဲခေါ်သွားမယ့်သူပါ"

အပြောလေးက ကျလောက်ပါသည်။

ရင်ခုန်စရာ ကောင်းလှသည်။ အပြောနဲ့လက်တွေ့ ညီ[illegible] သူဆိုပါက မိမိ၏အနာဂတ် စိတ်ချမ်းသာစရာပင်။

"ဘာဖြစ်လို့ ငြိမ်နေရတာလဲ ကိုယ်ပြောတာမယုံလို့ လား"

"ကျွန်မမယုံရဲတာတော့ အမှန်ပဲ"

"စိတ်ချပါနွေ၊ ရန်ဆိုတဲ့သူက အပြောသမားမဟုတ်ပါ ဘူး၊ အလုပ်သမားဆိုတာ နွေတွေ့တော့ သိမှာပါ၊ နွေဘာမှာချ[illegible] သလဲ. . တစ်ခုခုမှာစမ်းပါ၊ နွေဟာ မကြာခင် ကိုယ်နဲ့အရင်းနှီး ဆုံးသောသူစိမ်းတွေ ဖြစ်ကြတော့မှာပဲ. . တစ်ခုခု ကိုယ့်ဆီက တောင်းဆိုစမ်းပါ"

"ကျွန်မခုလောလောဆယ်တော့ ဘာဆန္ဒမှမရှိသေးပါ ပါ၊ ရှိလာတဲ့တစ်နေ့တော့ တစ်ခုခုကို တောင်းဆိုမှာပါရန်၊ အဲ့ အခါမှသာ ရန် ငြင်းဖို့မကြိုးစားပါနဲ့"

"ဘာဖြစ်လို့ ငြင်းပယ်ရမှာလဲ နွေအဖြစ်ချင်ဆုံး ဒါမှ ဟုတ် အလိုချင်ဆုံးဆန္ဒတစ်ခုကို လိုက်လျောဖို့ရာ ကိုယ့်ရဲ့ကတိ ပါနွေ ယောကျာ်းကတိပါ"

"ကျေးဇူးတင်ပါတယ်ရန် ကျွန်မ ရန်ပြန်လာမယ့်ရက် ကို စောင့်မျှော်နေပါတယ်"

"ဒီစကားလေးနဲ့တင် ကျေနပ်လာပါပြီ၊ ဘွားဘွားရှိတယ်





[illegible]တ်လား. . ဘွားဘွားနဲ့ ခဏပြောချင်တယ်နွေ"

"ရှိပါတယ် ခဏနော်"

နွေတမန်က ဘွားသဥ္စာမျိုးရှိရာသို့ တယ်လီဖုန်းကိုယူ [illegible]ားလိုက်သည်။

"ဘွားဘွားနဲ့ စကားပြောချင်လို့တဲ့"

"မြေးကြီးဆီကလား"

"ဘွားသဥ္စာမျိုးလား"

"ဟုတ်ပါတော်"

နွေတမန် တယ်လီဖုန်းကို လက်ထဲထည့်ပေးပြီး မလှမ်း [illegible]မ်းကုလားထိုင်၌ ဝင်ထိုင်လိုက်သည်။

ဘွားသဥ္စာမျိုးအား ဘာမှာမလဲဟု မေးပုံရသည်။

"ဘာမှ မမှာတော့ပါဘူး၊ မြေး ကျန်းမာရေးကို ဂရုစိုက် [illegible] အမြန်ဆုံးသာပြန်လာခဲ့ မြန်မာပြည်မှာ လုပ်စားလဲရတာပဲ၊ [illegible]ဘွားတို့လဲ သူဌေးဖြစ်ခဲ့တာပဲ၊ မင်းအဖေရော ငွေအရင်းအ [illegible]လေးနဲ့ လုပ်ငန်းတစ်ခု မတည်ပေးလိုက်တာနဲ့ ကြီးပွားလာ [illegible]တ်တာ မင်းအမြင်ပဲ မဟုတ်လား"

". . . . ."

"အေးပါ. . ဘွားဘွားကလဲ သားရွှေအိုးထမ်းရကိန်းကို [illegible]ချင်တာပေါ့၊ ကျန်းမာတုန်း မြစ်ဦးကို ထိန်းပေးချင်သေးတယ် [illegible]"

နွေတမန်က ဂျာနယ်သို့ ခေါင်းဆိုက်လိုက်သည်။

တော်သေးသည်။ အနား၌ ယောက္ခမလောင်းနှင့် မတ်



www.burmeseclassic.com

www.burmeseclassic.com



လောင်းမရှိနေသေးသဖြင့်. . .

ဤမိသားစုသည် မျိုးဆက်သစ်များကို မျှော်လင့်နေခ ရသည်။ ထို့ကြောင့် ရန်နှင့်မိမိကို အမြန်ဆုံး လက်ထပ်ပေးရန် စိုင်းပြင်းနေကြသည်။

"မြေးလေးကတော့ ပြောမနေနဲ့တော့ စောစောကပ တွေ့လိုက်သေးတယ် အခုပျောက်သွားပြန်ပြီ၊ သူ့ကိုဖမ်းရတာ လေကိုဖမ်းရတာလိုပဲ. . ဟဲလို. . ဟဲလို. . ပြတ်သွားပြန်ပြီ"

နွေတမန်က တယ်လီဖုန်းကိုထယူကာ နေရာတကျပြန် ထားပေးလိုက်သည်။

"ရန်ပြန်ရောက်လာတာနဲ့ ရက်ကောင်းရက် မြတ်ရွေး ပြီး တန်းလက်ထပ်ပေးမှာ"

နွေတမန်၏ ဆန္ဒကို မယူကြတော့ဘူးလား။ နွေတမန် ဟာ ကျေးဇူးတရားနဲ့ ဝယ်ယူခြင်းခံရသော စက်ရုပ်တစ်ရုပ် ဖြစ် နေပြီလား။ နွေတမန် လောကကြီးကို စိတ်နာလာသည်။

ဖြစ်နိုင်လျှင် ဤမိသားစု အသိုင်းအဝိုင်းနှင့် အဝေးဆုံး သို့ ပြေးထွက်သွားလိုက်ချင်သည်။

သို့သော်. . .

စိတ်သွားတိုင်း ကိုယ်မပါနိုင်ခြင်းကိုကပင် မိမိ၏ ပျော့ ညံ့ချက်လား။

မိမိစည်းစိမ်ယစ်မှူး သာယာမိလို့လား။

သို့တည်းမဟုတ်။

မိန်းမသားတစ်ဦး၏ အမြင့်မြတ်ဆုံးဘဝက မိခင်ဘဝပါ





ဆိုသော ယောက္ခမလောင်း ဒေါ်လှမျိုးနွယ်၏ စကားကိုပဲ. . တ်ခံလိုက်မိ၍လား။

ဒါမှမဟုတ်. . .

မိန်းမသားတစ်ဦး၏ အကောင်းဆုံးသော အသက်မွေး မ်းကျောင်းမှာ အိမ်ထောင်ပြုခြင်းဖြစ်သည်ဟူသော အဆိုကို တ်ခံထားသည့် မိန်းမသားထုထဲ မိမိပါဝင်သွားပြီလား တွေဝေ သွားပြီလား။

ဘာကိုမျှပင် မပိုင်းခြားတတ်သေး။

အခိုက ရန် နှင့်တွေ့ချင်သည်။

ရန်ထံမှ အချစ်ကိုရရှိပြီး. . .

ရန်အား မိမိက အချစ်ကို ပေးဆပ်နိုင်မည်ဆိုလျှင်တော့ ာလိုသေးသလဲ. . .

အမြန်ဆုံး ပွဲသိမ်းရုံသာ ရှိတော့သည်။

နွေတမန်အတွက် အကောင်းဆုံးသော ရွေးချယ်မှုမှာ န်အား လက်ထပ်ခြင်းမှတစ်ပါး အခြားမရှိပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၄ )

“နှင်းဆီကုမ္ပဏီခွဲကို တောင်ကြီးမှာ ဖွင့်မယ့်ရက်က ဘယ်နေ့လဲ သမီးနွေ”

“လာမယ့်အင်္ဂါနေ့ပါ အန်ကယ်”

“အင်း . . ဒုက္ခပဲ အန်ကယ်သွားနိုင်မယ်မထင်ဘူး”

ဦးကျော်ဝေက ထမင်းစားရင်း နွေတမန်အား မေးလို သည်။ နွေတမန်က . .





“လေးငါးရက်လိုသေးတာပဲ အန်ကယ်တစ်ယောက် ယောက်ကို ရွေးချယ်ပြီး လွှတ်လိုက်ပါလား”

“တစ်ယောက်ယောက် တစ်ယောက်ယောက်ဆို သမီးပဲ သွားသင့်တယ်လို့ အန်ကယ်မြင်တယ် အမေကြီးလိုက်နိုင်မလား”

“ကြုံကြုံဖန်ဖန် ရုံးဖွင့်ရက်လဲဖြစ် မိုးဦးကျတစိမ့်စိမ့်အေး ယ့် တောင်ပေါ်ဒေသကို ပန်းနုသမားကို လွှတ်ရတယ်လို့ အမေကြီးရယ် စဉ်းစဉ်းစားစား လုပ်ပါဦး”

“သမီးနွေကတော့ သွားရလိမ့်မယ် အဖော်အဖြစ် ဘယ် သူထည့်ပေးရမလဲ”

“သားငယ်ကိုပဲ ထည့်လိုက်ပေ့ါ၊ ဒါမှ . . ဒီမှာလဲ စိတ်ပူရ သက်သာမှာ၊ ညဘက်သူ့ဆိုင်ကယ်သံ မကြားရမချင်း အိပ်ရေး ဖြောင့်ဖြောင့် မအိပ်နိုင်တဲ့ဒုက္ခ နည်းနည်းငြိမ်းနေလဲ မနည်းဘူး”

ဒေါ်လှမျိုးနွယ်က အတွက်သမားဖြစ်သည်။

ဘွားသဥ္စာက . . .

“ကောင်းသားပဲ မြေးဝယ်ထားတဲ့ ကလောကအိမ်ပြင် တဲ့အခြေအနေလဲ သွားကြည့်လို့ရတာပေ့ါ”

ဒေါ်လှမျိုးနွယ်က စားလက်စထမင်းလုပ်ကိုပြန်ချပြီး . .

“ဟင် . . သားငယ်က ကလောမှာ အိမ်ဝယ်ထားတယ်၊ ကျွန်မတို့လဲ မသိလိုက်ပါလားအမေ”

“ဒီကောင်က လာဘ်မြင်ပါတယ်၊ သိန်းဆယ်ဂဏန်း လောက်ရတဲ့ မြေကွက်လေးတွေကိုဝယ်ထား အိမ်လေးသင့်ရုံ ဆောက်ပြီးတော့ ရောင်းသင့်တာရောင်း လုပ်နေတာ မင်းတို့လင်



www.burmeseclassic.com

www.burmeseclassic.com



မယားမသိကြဘူး မဟုတ်လား”

ဦးကျော်ဝေက တစ်ခွန်းမှဝင်မပြောသော်လည်း ခေ
လှမျိုးနွယ်ကတော့ မခံ။

“ဒါပေမယ့် . . အမေ့အထုပ်တော့ ပါးပါးသွားတယ်
ဟုတ်လား”

ဘွားသဉ္ဇာမျိုး အနာပေါ် တုတ်ကျမလိုက်ရသဖြင့်

“အို . . ပါးတော့လည်းဘာဖြစ်သလဲ မြေးငယ်အတွက်
ဟာ၊ သူ့အတွက် သူဘာသာသူ သုံးချင်သလို သုံးပါစေ၊ ကျွ
ထုပ်ပျောက်သွားရင် ညည်းက မကျွေးနိုင်တော့လို့လား”

“အမေကလဲ မဟုတ်တာတွေ မပြောပါနဲ့ အမေ့ကြေ
မာန်လည်းခက်နေတာ”

နွေတမန် ဝင်မပြောရဲသကဲ့သို့ ဦးကျော်ဝေလည်း နှု
ဆိတ်နေသည်။

“ဘာခက်ရမှာလဲ မာန်ဘာဖြစ်နေလို့လဲ အရက်သော
သလား၊ ဘိန်းရှူသလား၊ မိန်းမလိုက်စားသလား၊ ဒါတွေတစ်
မလုပ်ဘူး သူ့ဘာသာသူ သူငယ်ချင်းတွေနဲ့ လျှောက်လည်တ
ကားဝယ်ရောင်းလုပ်တယ် ဒါတွေဟာ မကောင်းမှုတွေလား”

“ကဲပါ . . အမေ့မြေးနဲ့ အမေနဲ့တော့ ဟုတ်နေတာပ

“ဟုတ်ရမှာပေါ့”

“အမေဟုတ်ရင်ပြီးတာပဲ . . တောင်ကြီးကို သူ့အစ်
လိုက်ဖို့ကိစ္စ အမေပဲတာဝန်ယူပြောပေတော့”

“မြေးက သူ့ကားနဲ့သူသွားမှာဆိုတော့ လမ်းမှာအဖေ





အောင် . . သင့်တော်အောင် မနန်းပါထည့်ပေးလိုက်”

“ဟုတ်ကဲ့ အမေ”

ဘွားသဉ္ဇာမျိုးသည် ထိုသို့အကွက်စေ့သူဖြစ်သည်။ ရှေ့
နောက်မှီ အဘွားကြီးဖြစ်သဖြင့် အခုထက်ထိ စိတ်မကျဘဲ
န်းမာနေဆဲ ဖြစ်သည်။

“မိုးတွင်းဖြစ်နေလို့ နွေဆိုရင် ကျုပ်လိုက်သွားတယ်”

“ယုံပါတယ်”

လိုက်လဲလိုက်တဲ့သားအမိ တစ်ခွန်းအတင်မခံကြ။

သို့သော် အိမ်မှာ သမီးသားမက်၊ မြေးမရှိသည့်အချိန်၌
အမှတ်လေးနှင့်သူ ငြိမ်အေးစွာနေလေ့ရှိသည့် ဘွားသဉ္ဇာနွယ်
နွေတမန် ခင်တွယ်မိသည်။

သမီးအပေါ် တွင်တော့ အနိုင်ယူချင်တတ်သည်။ မာန်
ဝတ်သက်လာလျှင်လည်း ဆတ်ဆတ်ထိမခံတတ်သည့် ဘွား
ဉ္ဇာအကြောင်းကို နွေတမန်ကောင်းကောင်းသိရှိ နားလည်နေ
၍ ဝင်မပြောဘဲ ပြုံး၍နားထောင်နေလိုက်သည်။

“မြေးနွေကလည်း မောင်လေးကို ဂရုစိုက်ခေါ်သွားဦး
အသောက် ရေချိုးတာကအစ ဂရုစိုက် . . ရေပြောင်းမြေ
င်းနဲ့”

“အမေ့နှယ် နွေကို စောင့်ရှောက်ဖို့ မာန်ကိုထည့်ပေး
တယ် မာန်ကိုပြန်စောင့်ရှောက်ရမယ်လို့”

“ညည်းဝင်မပြောနဲ့ နွေကိုပြောနေတာ၊ နွေဘွားသွား
တာ နားလည်ရဲ့လား”



www.burmeseclassic.com

www.burmeseclassic.com



"နားလည်ပါတယ် ဘွားဘွား၊ စိတ်ချပါ မာန်ကကျွန်မ ရဲ့ မောင်လေးပဲ၊ ကျွန်မ ဂရုတစိုက်နဲ့ စောင့်ရှောက်သွားမှာ နန်းလည်းပါမှာဆိုတော့ ပူစရာမလိုတော့ပါဘူး"

နွေတမန်က အလိုက်သင့်အဖြေပေးလိုက်သဖြင့် ဘွား သဘောမျိုးက ကျေနပ်သွားသော မျက်နှာကြီးဖြစ်သွားပြီး သမီးဖြ သူအားလည်း ဘယ်နှယ့်ရှိစဟူသော မျက်နှာထားဖြင့် ဝင့်ကြွ လိုက်သေးသည်။

နွေတမန်စိတ်တွင်း ကျိတ်၍ ရယ်လိုက်မိလေသည်။







# အခန်း ( ၁၅ )

"ရှုပ်လိုက်တာဗျာ ခင်ဗျားကိစ္စကြီးပဲ"

မာန်က မကျေနပ်သောလေသံနှင့် ဘုဆတ်ဆတ်ပြော သည်။

"အမယ်လေး သူကပဲ ပြောရတယ်ရှိသေးတယ်. . က တစ်ယောက် ခေါ်သွားတယ်ဆိုတာ ဘယ်လောက်တာဝန် လဲ၊ သူ့ကို တာဝန်ယူရမယ့် အလုပ်လုပ်ရမယ့်အစား ဗျား သွားဆွဲလိုက်ချင်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



မာန်က မိမိအား မျက်စောင်းဝံ့ကာ မကျေမနပ်ခွန်း
ပြန်လိုက်သော နွေတမန်အားကြည့်ကာ စိတ်တွင်းပြုံးလိုက်
သည်။ နှုတ်ကတော့. . .

"ဒါဖြင့် အခြားလူခေါ်သွားမယ် ပြောလိုက်ပါလား"

"ဟဲ့. . အခြားလူဆိုတာ သူစိမ်းဟဲ့၊ ကျုပ်အနေက
ကြုတ်မှာ တော်ထည့်မတွက်ဘူးလား၊ ခု တော်နဲ့လေးနန်းဆို
ကျုပ်အတွက် မိသားစုခရီးထွက်သလို အပန်းမကြီးတော့ဘူး

"စောစောကတော့ တာဝန်ကြီးတယ်ဆိုဗျ. . ခင်ဗျာ
အမျိုးမျိုး"

"ဒါကတော့ မင်းကပြောလို့ တမင်အနိုင်လိုချင်လို့
တာပေါ့၊ လိုက်ခဲ့ပါ ကလေးရယ်. . မမလဲ ကိုယ့်မောင်ပါ
အားရှိတာပေါ့၊ ဒီလိုလုပ် မင်းပျင်းမှာဆိုရင် မင်းသူငယ်ချင်း
ယောက်ပါ အဖော်ခေါ်ခဲ့လေ"

"ကောင်းပြီလေ. . ကျွန်တော့် သူငယ်ချင်း ဆွေ
ခေါ်လာခဲ့မယ်"

"ဘယ်နေ့သွားမှာလဲ အဝတ်အစားတွေ မထည့်
ဘူးနော် ထည့်ပေး"

"အေးပါဟဲ့ တကယ်တည်း ဈေးကိုင်လိုက်တာလဲ
ပါရော၊ ကောက်ညှင်းက မစေးဘဲ ဆန်ကြမ်းက စေးနေပြန်
နွေတမန်က ပွစိပွစိလုပ်သည်ကို မာန်က တစ်ဖက်
လှည့်ပြီး ဟိုရှာသလို ဒီရှာသလိုလုပ်ရင်း ပြုံးလိုက်မိသည်။
ဘွားသဇ္ဇာမျိုးက သူတို့နှစ်ဦးကိုကြည့်ကာ ပြုံးပြုံး





ပ်နေပြီး စကားမုန်တိုင်းစဲသွားချိန်ကျမှ. . .

"မြေးလေး ဘာမှမပြောနဲ့၊ ဒီကိစ္စမှာ ဘွားဘွားဒါရိုက်
ဘဲ. . ဘွားဘွားက မြေးလေး ကလောကအိမ်ကိုလဲ သွား
ကြည့်စေချင်လို့လေ၊ ငွေထပ်ယူသွားဦးနော် လိုတာပြင်ခဲ့. . ခြံ
ည်းရိုးကိုလည်း အခိုင်အမာလုပ်ထား၊ ခြံစောင့်အတွက် အိမ်ကို
ဲ့ သီးခြားသပ်သပ်ရပ်ရပ် ခြံနောက်နား ကပ်ဆောက်ထားခိုင်း
ားကိုဒေါင်နဲ့ တွဲထားလိုက်. ."

"ဘွားဘွားပြောတာ နောက်တောင်ကျသွားပြီ မာန်က
ဆောက်ကတည်းက အကုန်သီးခြားစီလုပ်ခိုင်းထားပြီးသား၊ ငွေ
လိုပါဘူး ဘွားဘွားရဲ့၊ ကားနှစ်စီးထွက်သွားလို့. . နှစ်သန်းခွဲ
သာက်ကျန်လိုက်တယ်၊ ဟိုတလောကငွေလဲ ရှိသေးတယ်"

"အို. . မြေးလေးငွေ မသုံးနဲ့၊ ဘွားဘွားမြေး ခရီးအ
တွက် ဆယ်သိန်း မုန့်ဖိုးပေးလိုက်မယ်"

"ဘွားဘွားဖို့ လက်ဖက်ခြောက်. . အကောင်းဆုံးလက်
ဖက်ခြောက် ဝယ်လာပေးမယ်"

"သာဓု သာဓု သာဓုပါတော်"

မာန်က ဘွားအေဘေးနား ကပ်ထိုင်ရင်း. . .

"ဘွားဘွားက ကျွန်တော့်ကို သိပ်ချစ်တာပဲလား"

နွေတမန်က မာန်အား ခိုးကြောင်ခိုးဝှက်ကြည့်မိသည်။
ာန်သည် တကယ့်ကိုပင် ကလေးတစ်ယောက်လိုပင် အပူအပင်
င်းမဲ့စွာ နေနိုင်သည်။ ဒါကလည်း သူ၏ ကံအကြောင်းတရား
င်း၊ အတိတ်ဘဝမှ ကုသိုလ်ကံကောင်းခဲ့သည်ကို. . .။



www.burmeseclassic.com

www.burmeseclassic.com



မိမိမှာတော့ ဖခင်ကွယ်လွန်ပြီး နှစ်နှစ်အကြာ မိခင်
သူ၏ငယ်ရည်းစားနှင့် ပြန်လက်ထပ်လိုက်သောအခါမှစ၍
ဆိုးမိုးမှောင်ကျခဲ့သည်။ ပထွေးကတော့ သဘောကောင်းသည်

မိမိအား သမီးအရင်းနှင့်မခြား မေတ္တာပေးသော်လည်
မိမိစိတ်က ပထွေးဟူသော အစွဲအလမ်း၏ ခြောက်လှန့်ခြင်း
ခံစားခဲ့ရသည်။

ပထွေးမှပါလာသော သမီးနှစ်ယောက်၏ ဗိုလ်ကျ
ကို ခံပြင်းစိတ် ဖြစ်ခဲ့သော်လည်း မိခင်စိတ်ဆင်းရဲမှာစိုးရိမ်
မျိုသိပ်ခဲ့ရသည်။

မာန်ကတော့ လိုတရမင်းသားတစ်ပါးပင်. . .။

"ဘယ်နှယ့်မေးလိုက်တာလဲ မြေးလေးရယ်၊ ဘွားဘွ
အချစ်ဆုံးကမြေးလေးပဲ၊ ဘာဖြစ်လို့မေးတာလဲ. . ဘွားဘွား
အပေါ်မှာ ဘာတွေများ ဝတ္တရားပျက်နေလို့လဲ"

" မဟုတ်ပါဘူး ဘွားဘွားက ကျွန်တော့်အပေါ်မှာ
လေသေးမရှိပါဘူး၊ ဒါပေမယ့် ဘွားဘွားရယ် လူဆိုတာ အ
တမ်းတသမတ်တည်း သွားချင်မှသွားမယ်၊ တစ်ခါတစ်ရံ အ
အယွင်းဆိုတာလည်း ရှိကောင်းရှိမယ်၊ အဲ့ဒီအခါ ဘွားဘွား
လွှတ်နိုင်ပါ့မလား"

"မြေးနော် မဟုတ်တာတွေတော့ လျှောက်မလုပ်နဲ့
အရက်သောက်၊ လောင်းကစားကြူး၊ မိန်းမလိုက်စား၊ လူသ

မာန်က ဘွားအေပါးစပ်ကို လိုက်ပိတ်လိုက်သည်။

မျက်နှာကြီးနီရဲလျက်. . .





"ဟာ. . ဘွားဘွားကလည်း ဘွားဘွားမြေးပဲဟာ၊ ဒီလို
မဟုတ်တဲ့ အလုပ်မျိုး လုပ်ပါ့မလား. . ."

"ဘုရားမကြိုက်တဲ့ ဒုစရိုက်အလုပ်မျိုးလုပ်ရင်တော့. .
ဘွားဘွားခွင့်လွှတ်မှာ မဟုတ်ဘူးနော်"

"စိတ်ချပါဘွားရဲ့ ဒုစရိုက်အလုပ် သားမလုပ်ဘူး၊ ဥပ
ဒေနဲ့ မလွတ်ကင်းတဲ့ အလုပ်မျိုးလဲ သားမလုပ်ဘူး၊ ကိုင်း. . .
သားသူငယ်ချင်းတွေဆီ ခဏသွားလိုက်ဦးမယ်၊ မမ ကျွန်တော့်
ခရီးဆောင်သေတ္တာထဲ တစ်နေ့ကို အဝတ်သုံးစုံနှုန်းနဲ့ ပြင်ပေး
ထားနော် အနွေးထည်လဲ ထည့်ပေးထားဦး"

"နေစမ်းပါဦး တစ်နေ့သုံးစုံဘာလုပ်ရမှာလဲ သွားမှာ
အသွားအပြန်ပါနဲ့ဆိုမှ ငါးရက်လောက်ပဲကြာမှာ"

"ကလောကိုတော့ တစ်ရက်အချိန်ပေးမှာပေါ့၊ ခြောက်
ရက်ထား. . ."

"ဟုတ်သားပဲ နွေရယ်၊ မြေးလေးအိမ်အတွက် လိုအပ်
တာကိုလဲ သမီးလေးကြည့်လုပ်ပေးဦးမှပေါ့"

ဒီမြေးနဲ့ ဒီအဘွားကြား၌ နွေတမန်၌ ပြောစရာစကား
ရှိတော့ပေ။

"ဟုတ်ကဲ့ ဘွားဘွား"

"မိုးတွင်းဆိုတော့ မြေးအကြိုက်သာ ထည့်ပေးလိုက်ပါ
သမီးရယ်၊ ဘွားဘွားဝိုင်းလုပ်ပေးရမလား"

"ဟာ. . ရပါတယ် ဘွားဘွား ကျွန်မလုပ်တတ်ပါတယ်၊
ညအိပ်အကျီတော့ သုံးစုံဆိုရမလား ခြောက်စုံထည့်ပေးရမလား"



www.burmeseclassic.com

www.burmeseclassic.com



မာန်က ပြုံးကာ. . .

"မမသဘော မောင်လေးဘ၀က မမပြုသမျှ နုရမယ့်ဘ၀ပါနော် သွားပြီ"


မာန်၏ အနှောင့်မလွတ်အသွားမလွတ် နောက်ပြောင်သွားမှုကို နွေတမန် မျက်စောင်းလက်နက်နှင့်သာ ချေပလိုက်နိုင်တော့သည်။

ဘွားအေကတော့ မြေးအချစ်တော်ဘာပြောပြော ဘာလုပ်လုပ် ကျေနပ်ကာ ပြုံးရယ်လျက် ကျန်ရစ်ခဲ့သည်။

ဘွားသဏ္ဍာမျိုး အသက်ရှည်ကျန်းမာခြင်းသည် မာန်ကြောင့်လည်း ဖြစ်တန်ရာ၏ဟူ၍ နွေတမန် တွေးလိုက်မိသည်။



# အပိုင်း(၂)



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၆ )

"တော်တော်မိတဲ့ မန်နေဂျင်းဒါရိုက်တာပဲ"

"ဘော့စ်နဲ့ အင်ဂေ့ချ် လုပ်ပြီးသားဆို"

"ဟုတ်တယ် ဒါကြောင့် နှင်းဆီကို သူဦးဆောင်နေ

ပေါ့"

"ဘော့စ်ကိုတော့ မမြင်ဘူးသေးတော့ ခန့်မှန်းလို့မရ

ဒါပေမယ့် ခုအနေအထားအရဆိုရင် ဘော့စ်တော့ တော်

ကံကောင်းတဲ့သူပဲ"





"အိမ်ကဟာနဲ့များ ကွာချင်တိုင်းကွာပဲ"

"ဟတ်. . ဟားဟား. . ဟုတ်ပ့ါဗျာ"

မာန်သည် နွေတမန် တောင်ကြီးမြို့၊ နှင်းဆီကုမ္ပဏီခွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးနေသည်ကို လူအုပ်ကြားကပဲ စောင့်ကြည့်ခဲ့သည်။

မမျှော်လင့်သော ယောကျ်ားကြီးအချို့၏ အတင်းလားသတင်းလား မသိသော စကားများကို ကြားလိုက်ရသည်။ စိတ်ထဲနာကျင်မှုနှင့်အတူ ထိုလူအုပ်အနီးမှ ထွက်ခွာလာခဲ့ပြီး ခြေဦးတည့်ရာ လျှောက်နေရာမှ မိမိကားအနီးသို့ ရောက်လာသဖြင့် ကားပေါ်တက်ကာ ထွက်ခွာလာခဲ့သည်။

တောင်ကြီးမြို့ရှိ လမ်းများကို လျှောက်မောင်းပြီး တစ်နာရီမျှ အချိန်ဖြုန်းလိုက်သည်။ ဒေါ်နန်းကို သတိရလိုက်သဖြင့် တောင်ကြီးဟိုတယ်သို့ ပြန်မောင်းခဲ့သည်။

ဒေါ်နန်းက ဧည့်ခန်းကောင်တာ၌ ဟိုတယ်ဝန်ထမ်းများနှင့် စကားပြောနေသည်။

"လေးနန်း ထမင်းဆာပြီလား"

"သူ့အလုပ်တွေ မပြီးသေးဘူးထင်တယ်"

"ကျွန်တော်က လေးနန်းကို ထမင်းပြန်ကျွေးတာ၊ လာလေးနန်းလိုက်ခဲ့"

ဒေါ်နန်းက ရှိုးသားစွာပင်. . .

"ဒီမှာမစားဘူးလား"

"ရောက်တုန်းရောက်ခိုက် ရှမ်းထမင်း၊ ရှမ်းဟင်းလေး



www.burmeseclassic.com

www.burmeseclassic.com



စားရအောင် ဈေးထဲသွားမယ်”

“အေး. . ဒါလဲဟုတ်တာပဲ”

မာန်သည် ဒေါ်နန်းလက်မောင်းကိုဆွဲကာ ခေါ်ခဲ့သည်

“မနွေကိုကော မစောင့်တော့ဘူးလား”

“ဝင်ကြည့်လိုက်မယ် အလုပ်မပြတ်သေးတော့လဲ ထာ
ခဲ့လိုက်တာပေါ့၊ သူ့အတွက်က ပူစရာမလိုပါဘူး အကျွေးအမွေ
ပါတာပဲ”

“ကော်ဖီလက်ဖက်ရည်နဲ့ မုန့်လောက်ပါ ဝင်ခေါ် လိုက်
ပါဦး”

“ဟုတ်ကဲ့”

မာန်၌ ထိုအကျင့်လေးများက ချစ်စရာကောင်းသည်ဟ
ဒေါ်နန်းထင်လေသည်။ အဆင့်အတန်းမခွဲခြားတတ်ခြင်းနှ
ဆင်းရဲသား အလုပ်သမားများကို ပို၍ ဂရုစိုက်တတ်သော
ရှိလေသည်။

မာန်၏စိတ်ထားအလှကို ဒေါ်နန်းက တွေ့မြင်ပြီးသာ
ဖြစ်သဖြင့် ဒေါ်နန်းအပါအဝင် အိမ်၏ဟာဟီရ အလုပ်သမားအာ
လုံးကိုမေးကြည့်. . .

“တစ်အိမ်သားလုံး၌ ဘယ်သူ့ကိုအချစ်ဆုံးလဲ”

ဟုဆိုလျှင် အားလုံးက တညီတညွတ်တည်းဖြင့် ကိုလေ
ဟုဖြေကြလေသည်။

နှင်းဆီကုမ္ပဏီဖွင့်ထားရာ အဆောက်အဦးရှေ့၌ မာ
ကားရပ်လိုက်သည်။ ကားများ စောစောကလောက် ရှုပ်မနေ





တော့၊ လူကလည်း အတော်ရှင်းနေပြီ၊ နှင်းဆီကုမ္ပဏီမှ ထုတ်
လုပ်သောပစ္စည်းများကို လက်ကားဖြန့်ဖြူးပေးသည့် နေရာဖြစ်
သကဲ့သို့ အရောင်းပြခန်းလည်း ဖွင့်လှစ်ပေးထားသည့် နေရာဖြစ်
ခြင်းကြောင့် ကြည့်ရှုသူ၊ လေ့လာသူများကတော့ စည်ကားနေ
သည်။

“လေးနန်း ဆင်းဦးမလား”

“ကားပေါ်ကပဲ စောင့်တော့မယ် မာန်လေး”

“ခဏပါပဲ”

ပင်မတံခါးဝမှ ညွှန်ကြားအလုပ်သမားအား. . .

“ဒေါ်နွေတမန် ရှိသေးသလား”

“ပြန်သွားပါပြီ”

“ဘယ်သူလိုက်ပို့သလဲ”

“ဒီက မန်နေဂျာ ဦးအိုက်စံလိုက်ပို့ပါတယ်”

“ကောင်းပြီ ခွင့်ပြုပါဦး”

မာန်က နှုတ်ဆက်ပြီး ကားဆီသို့ ပြန်ခဲ့လေသည်။

ကားပေါ်ရောက်တော့. . .

“မတွေ့ဘူးလား မာန်လေး”

“အဲဒါကြောင့်ပြောတာ ခဏတဖြုတ်တောင် မစောင့်
နိုင်ဘူး. . အခုမှတွေ့တဲ့ သူစိမ်းနောက်လဲ လိုက်ရဲတယ်”

“ဒီလိုဆို ဟိုတယ်ပဲ ပြန်လိုက်ပါလား”

“မပြန်ပါဘူး နေပါစေ၊ ကျွန်တော်လဲ ဗိုက်ဆာပြီ လေး
နန်းလဲ ဆာရောပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"လေးနန်း မဆာသေးပါဘူး"

"မညာနဲ့. . လာ ဒီနေ့အင်းလေးက ဈေးလာရောင်းတဲ့ နေ့ ငါးထမင်းချဉ်တို့ ဝက်သားချဉ်တို့ အရမ်းကောင်းတယ်"

"မနွေက မိန်းကလေးဆိုတော့ အချဉ်အစပ်ပိုကြိုက်မှာ ပေါ့"

"ကြိုက်ရင် ဝယ်သွားပေးမယ်ဗျာ"

မာန် နွေတမန်ကို နည်းနည်းတော့ ပညာပေးချင်သည်။ ထို့ကြောင့် တမင်တင်းခံနေလိုက်ခြင်း ဖြစ်သည်။

ဒေါ်နန်းကလည်း ထပ်မပြောရဲတော့. . ဆိုင်ရောက်တော့ မာန်သည် ဒေါ်နန်းအား၊ ဂရုတစိုက်လည်းကျွေး၊ သူကိုယ်တိုင်လည်း အားပါးတရစားလေသည်။ ဂျုံးမြစ်အစိမ်းလေးကို တကျွတ်ကျွတ်ဝါးရသည့် အရသာကိုက တစ်မျိုးပင်၊ တို့ဟူးကြော်ကလည်း ကျွတ်ရွကာ စားကောင်းသည်။

"မနွေဆိုရင် ကြိုက်မှာပဲ"

မာန်ကလည်း ပြန်ခေါ်ချင်ပါသည်။ သို့သော်. . တမင်တင်းခံထားခြင်းဖြစ်သည်။ မာန်တွက်ဆမိသည်က နွေတမန်အနေဖြင့် သူပြန်ရောက်သည်အထိ စောင့်နေဖို့ကောင်းသည်။ မိမိနဲ့ ပတ်သက်သော လုပ်ငန်းတစ်ခုအနေဖြင့် သူ့အနေနှင့် စိမ်းစရာမလိုချေ။

"နေ့လယ်စာ စားရအောင် လေးငါးထုတ်လောက်ဝယ်လိုက်မယ်နော် လေးနန်း"

"အေးအေး. . တို့ဟူးကြော်ကောဝယ်"





"ဂျုံးမြစ်နဲ့ ပူစီနံကို သပ်သပ်ထည့် ရှောက်သီးကြော်သပ်ထည့်နော်"

မာန်ကမှာပြီး ငွေရှင်းကာ ထွက်ခဲ့သည်။

"လေးနန်းအတွက်. . . အနွေးထည်ထူထူ နှစ်ထည်လောက်တော့ ဝယ်ဦးမှ"

"ဘာလုပ်မှာလဲ မာန်လေးရဲ့၊ ခုလဲပါတာပဲ"

"ဒီရာသီဥတုနဲ့ လေးနန်းအနွေးထည်ပါးပါးနဲ့ မဖြစ်ပါဘူး. . နှစ်ထည်လောက်တော့ဝယ်မှ"

"မဝယ်ပါနဲ့ အပိုပိုက်ဆံကုန်တယ်"

"မရပါဘူး. . ဝယ်မယ် လေးနန်းဘာမှ ထပ်မပြောနဲ့တော့. ."

မာန်က သူ့ဝသီအတိုင်း ဘုဆတ်ဆတ်နှင့် တားမြစ်လိုက်သည်။ ဒေါ်နန်း နှုတ်ဆိတ်လိုက်ရသည်။ မိမိလက်ပေါ်တွင် ကြီးပြင်းလာသော ဤကလေးအကြောင်းကို ဒေါ်နန်းအသိဆုံးဖြစ်သည်။ စိတ်ရင်းကောင်းသည်။ သို့သော်. . တဇွတ်ထိုးနိုင်သည်။ လိုချင်တာရှိလျှင် ရအောင်ယူတတ်သည်။ သူဖြစ်ချင်တာကို ဖြစ်အောင်လုပ်လိုက်ရမှ. . ကျေနပ်တတ်သူဖြစ်သည်။ ဌဲကောင်းသည်။

မာန်က သူ့စိတ်တိုင်းကျ သိုးမွှေးဆွယ်တာ အထူနှစ်ထည် ပြီးတော့ နွေတမန်အတွက်ဆိုကာ နှစ်ထည်ဝယ်ယူလိုက်သည်။

မြို့မဈေးကြီးထဲမှ သူတို့ထွက်လာတော့ တစ်နာရီကျော်



www.burmeseclassic.com

www.burmeseclassic.com



လေပြီ။ တောင်ကြီးဟိုတယ် ရောက်သောအခါ တစ်နာရီခွဲ

နွေတမန်နှင့် ဒေါ်နန်း တည်းခိုသောအခန်းတွင် နွေ

မန်စာရင်းစာအုပ်တစ်အုပ်ကိုကြည့်လျှက် ထိုင်စောင့်နေသည်

တွေ့လိုက်ရသည်။

သူတို့ကိုမြင်တော့။

"ဗိုက်ဆာလိုက်တာကွာ မင်းက တို့ကိုတောင်မစော

ဘူး. . ."

မာန်က မိမိ၏ စိတ်လိုက်မာန်ပါရှိလိုက်မှုလေးအတွ

တစ်ဒင်္ဂနှောင်တ ရသွားသည်။

ဒေါ်နန်းက. . .

"လေးနန်း မပြောဘူးလားကွယ် ပြန်ခေါ်ပါလို့"

"အခုပါလာပြီပဲလေ. . လာ. . လာ. . စားသော

ခန်းမှာ သွားစားမယ်၊ လေးနန်းနားချင် နားလိုက်တော့. . ကျွ

တော်ပဲ ပြင်ကျွေးလိုက်မယ်"

နွေတမန်သည် စိတ်ရှည်သော အမျိုးသမီးဖြစ်သည်

"ရပါတယ် မာန်ရယ် တို့ဘာသာတို့ သွားစားလိုက်

မယ်"

"မဟုတ်ဘူး မစားတတ်မှာစိုးလို့"

"ဟင်းဟင်း. . တို့က မီးဖိုချောင် နိုင်နင်းတယ်

မြန်မာတိုင်းရင်းသား အစားအစာမှန်သမျှ လေ့လာပြီး ချက်ပြု

နေကြပါ၊ ဝက်သားချဉ်နဲ့ ငါးထမင်းချဉ်မဟုတ်လား၊ မင်းကြိုက်

ရင် အိမ်ရောက်ရင် လုပ်ကျွေးမယ်"





စားသောက်ခန်းဘက်သို့ လျှောက်လာစဉ်. . .

"မမ ကျွန်တော့်ကို စိတ်မဆိုးဘူးလား"

"ဘာအတွက်လဲ"

"မမကို ထားခဲ့တဲ့အတွက်"

"အပြစ်မှမဟုတ်ဘဲ မင်းနဲ့လေးနန်း ဆာလာလို့ သွား

တယ်. . မမပြန်လာတော့ လွဲသွားတယ်. . ဒါပဲ၊ မမကလဲ

ဆာလှကြီး မဟုတ်ပါဘူး၊ မနက်က ရှမ်းခေါက်ဆွဲနဲ့ လက်

ရည် စားသောက်ထားတယ်လေ၊ ဒီအတွက်တော့ စိတ်မ

ာင်းမဖြစ်ပါနဲ့၊ ညနေရောက်ရင်သာ ဒီက ဒါရိုက်တာအဖွဲ့နဲ့

ယာမင်အဖွဲ့ ဝင်တွေက လိုက်ကျွေးတဲ့အခါသာ မင်းနဲ့လေး

း လိုက်ခဲ့ရမယ်"

"ဟုတ်"

မာန်စိတ်ထဲ အေးချမ်းသွားသည်။

နွေတမန်ကို စွဲလန်းမိခြင်းတွင် ထိုအချက်တွေလည်းပါ

သည်။

နွေတမာန်သည် စိတ်သဘောထားကြီးသော စိတ်ရှည်

ာ အမျိုးသမီးဖြစ်သည်။

ဆက်လက်ပြီး သူ့အပေါ်၌ သည်းခံခွင့်လွှတ်နိုင်ပါစေ


သူဆုတောင်းလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၇ )

အင်းလေးဖောင်တော်ဦးဘုရား၊ ပင်းဒယဂူ၊ ကုလုံး
တော်တို့ကို ဖူးပြီး ကလောသို့ တစ်ညအိပ်မည်ဟု မာန်က အစီ
စဉ်ရေးဆွဲပြီး လိုက်ပို့ပေးခဲ့သည်။

ကလောကို ရောက်ချိန်၌ မိုးချုပ်နေလေပြီ။

မှောင်မှောင်မည်းမည်းဖြစ်ခြင်းကြောင့် နွေတမန်သ
ကလောမြို့၏ အလှအပကို မခံစားရချေ။

သစ်လွင်တောက်ပနေသော ခြံဝန်းတံခါးရှေ့တွင်





်လိုက်ပြီး ဟွန်းတီးလိုက်လေသည်။

ခြံစောင့်က အပြေးအလွှားလာပြီး သံပန်းခြံတံခါးကို
င်ပေးလေသည်။

တောင်စောင်းလေးပေါ်တွင်ရှိသော တစ်ထပ်တိုက်ပု
ားကို ကားမီးရောင်အောက်တွင် လှမ်းမြင်လိုက်ရသည်။

ခေါင်းတိုင်လေး လည်းပါသည်။ နွေတမန်သဘောကျ
ားသည်။ စိတ်ထဲမထားတတ်သည့်အတိုင်း. . .

"ဟဲ့ . မာန် အိမ်လေးက ချစ်စရာလေးပဲ မင်းစိတ်ကူး
ာင်းတယ်"

"မမ သဘောကျသလား"

"ကျတယ် နွေရာသီအားတဲ့အချိန် ဒီမှာလာနားခိုရမယ်
ယ့်နဲ့လဲ အိမ်ကြီးရှင် အိမ်သော့ပေးမှာလား"

"ပေးမှာပေါ့ မမကြိုက်ရင် မမအတွက် ကျွန်တော့်ရဲ့
လာလက်ဖွဲ့အဖြစ် ပေးပါတယ်"

"အပြောကလဲ ကြီးလိုက်တာ"

"ကျွန်တော် မနောမြောတတ်တာ. . မမမသိသေးဘူး
င်တယ်"

အိမ်ကလေးဆီသို့ ခြံဝမှ ကိုက်သုံးရာခန့် သွားရသေး
ည်။

အိမ်ရှေ့ပေါ်တီကိုအောက်တွင် ကားရပ်လိုက်သည်။

ခြံစောင့်လင်မယား ရောက်လာပြီး ပစ္စည်းများကိုကူချ
သည်။



www.burmeseclassic.com

www.burmeseclassic.com



မာန်က တံခါးသော့ကိုဖွင့်လိုက်ပြီး မီးခလုပ်များကို ဖွ
လိုက်သည်။

"ဟင်. . မင်းဟာက ပရိဘောဂအပြည့်အစုံနဲ့ သစ်လွ
တောက်ပနေပါလား၊ ဘွားဘွားရဲ့အထုပ်က ဤအိမ်ကလေး
ပစ္စည်းများအဖြစ် ပြောင်းလွဲသွားတာပေါ့လေ"

"ကျွန်တော်ရဲ့ လုပ်အားခတွေလည်း တစ်ဝက်တေ
ကျော်ပါပါသေးတယ်"

နွေတမန်က မာန်မအားမလပ်နိုင်အောင် အလည်
ပတ်များရခြင်း၏ အကြောင်းရင်းကို ခုမှကွက်ကွက်ကင်းက
သဘောပေါက်လိုက်လေသည်။ မာန်က. . .

"အိပ်ခန်းသုံးခန်းရှိတယ် တစ်ယောက်တစ်ခန်းအိပ်ရ
မယ်၊ လေးနန်းနဲ့မမ ကြိုက်တာယူ ကျန်တဲ့အိပ်ခန်း ကျွန်တေ
ယူမယ်"

နွေတမန်က. . .

"အံမယ်လေးတော် တစ်ညအိပ်မှာများ"

"ဘယ်က တစ်ညကမှာလဲ နှစ်ည"

"ဟဲ့. . နှစ်ညတောင် ဘာလုပ်မှာလဲ ရွှေအပတ်ထဲ
ပြန်လာတော့မှာလေ၊ ရန်ကုန်မြန်မြန်ပြန်ရောက်လေ ကော
လေပေါ့ မာန်"

"ကျွန်တော် အလုပ်ရှိသေးတယ် မမရဲ့"

"တစ်နေ့လုံး မအားတဲ့လူကို မမက ညဘက်မောင်း
ရက်သလား"





နွေတမန် စိတ်ရှုပ်သွားသည်။ လက်လျှော့လိုက်ရပြီ။

"မင်းသဘောကွာ"

ပြောပြောဆိုဆို အိပ်ခန်းသုံးခန်းကို ကြည့်လိုက်သည်။
အိပ်ခန်းသုံးခန်းက ယှဉ်လျက်ရှိသည်။

ခေါင်းရင်းဘက်အခန်းကို မာန်ခရီးဆောင်သေတ္တာ
င်းစေပြီး အလယ်ခန်းကို ဒေါ်နန်းအိတ်သွင်းစေသည်။ ခြေ
င်းခန်းကို သူယူလိုက်သည်။

ဖြစ်နိုင်လျှင် ဒေါ်နန်းနှင့်အတူ အိပ်ချင်သော်လည်း တစ်
န်းလျှင် တစ်ယောက်အိပ်ခုတင်တစ်လုံးစီသာ ရှိသဖြင့်. . နွေ
မန်ကသင့်တော်မည့် အနေအထားကို ရွေးချယ်နေရာချလိုက်
သည်။

ခြံစောင့်လင်မယားက. . .

"ဆရာ ဘာခိုင်းစရာရှိသေးသလဲ"

"မရှိတော့ပါဘူး၊ မင်းတို့ပြန်နားတော့ မနက်ဖြန်အ
က် ထမင်းဟင်းချက်ဖို့ ဈေးသွားဝယ်ပေးလိုက်၊ မမနဲ့ လေးနန်း
းချင်တာမှာလိုက်နော်"

"တို့ကိုယ်တိုင်လိုက်မှာ စက်ဘီးမရှိဘူးလား"

"မမကလဲဗျာ ကုန်းတက်ကုန်းဆင်းတွေနဲ့ စက်ဘီးနဲ့
ာမှာပေါ့၊ သူတို့ပဲခိုင်းလိုက်ပါ၊ ဆက်သား၊ ဆိတ်သား၊ ကြက်၊
ာ်နဲ့အသီးအနှံ လတ်လတ်ဆတ်ဆတ်တွေ ဝယ်ခဲ့ကွာ၊ မနက်
ါပုတ်တင်ပြီး လာပို့လိုက်၊ ဟုတ်ပြီလား. . ရော့ ဈေးဖိုးယူသွား
ိုက်"



www.burmeseclassic.com

www.burmeseclassic.com



မာန်က တစ်ထောင်တန်နှစ်ရွက် ထုတ်ပေးလိုက်သည်

"ဘုရားပန်းပါ မှာလိုက်ပါဦး၊ မင်းဘုရားစင်မှာ ပန်း... ဘူး"

"ခြံထဲမှာ မမကပ်ချင်တဲ့ပန်း ခူးပြီး ကပ်လို့ရတယ်"

"လေးနန်း အိပ်တော့မယ် မာန်လေးဘာစားချင်သ...

"ဘာမှ မစားတော့ပါဘူး"

ခြံစောင့် လင်မယားလည်း ပြန်သွားသည်။

ဒေါ်နန်းလည်း သူ့အတွက်သတ်မှတ်ပေးလိုက်သေ... အိပ်ခန်းသို့ ဝင်ရောက်သွားလေသည်။

မာန်က အိမ်ရှေ့တံခါးမကြီးကို ပိတ်လိုက်သည်။ မှ... ခါး၊ သံပန်းတက်ပြီး ခြင်လုံဇကာ သံတံခါးနှင့် သုံးထပ်ရှိနေသေ... ပြတင်းပေါက်များ၊ တံခါးပေါက်များကို နွေတမန်လှည့်ပတ်ကြ... လိုက်သည်။

ဧည့်ခန်းနှင့် ထမင်းစားခန်းကို ကြိမ်ခန်းဆီးဖြင့်သာ... ထားပြီး ထမင်းစားခန်းတွင် မီးလင်းဖိုရှိနေသည်။

ဒီနှစ်သည် မိုးကောင်းနှစ်ဖြစ်သည်။ မိုးအေးမှုကို ... နေအောင် ခံစားရသည်။

"မမ ကလောရောက်ဖူးသလား"

"ဘုရားဖူးထွက်တော့ ဖြတ်သွားဖူးရုံပဲလေ ခုမှရေ... ဖူးတော့တာ၊ မနက်ဖြန် မင်းက တစ်နေ့ကုန် လျှောက်သွား... လား. . တို့တစ်တွေကို ဟိုနားဒီနား လိုက်မပို့တော့ဘူးလ...

"အားတဲ့အချိန်ပြန်လာပြီး ပို့ပေးမှာပေါ့၊ ထမင်းဟ... ...စားမှာ သူငယ်ချင်းတွေကတော့ သူ့အိမ်မှာစားဖို့ ခေါ်ပါ ...တယ်၊ ဒါပေမယ့် မိဘမောင်နှမတွေနဲ့ဆိုတော့ မလွတ်လပ်ဘူး၊ ...ဘူးမစားချင်လို့ အိမ်မှာပဲ မမနဲ့လေးနန်းလက်ရာ စားတော့မယ် နော်"

"အေးပါ. . အဲဒါပဲကောင်းတယ်၊ ဆိုင်ထမင်းဟင်းနဲ့ ဟို ...ယ်ထမင်းဟင်းကိုလဲ တို့တစ်တွေ ညည်းငွေ့နေပါပြီ၊ ကဲ. . တို့ အိပ်တော့မယ် မင်းလဲ ကားတစ်နေ့လုံး မောင်းနေရတာ ပင်ပန်း နေရောပေါ့၊ အိပ်တော့. . ."

မာန်ကိုပြောပြီး နွေတမန် အိပ်ရာဝင်ခဲ့သည်။

မိုးလေး တစိမ့်စိမ့်အေးနေမှုကို အရသာတစ်မျိုး ဖြစ် နေလေသည်။

နွေတမန် ဂွမ်းစောင်ပုံထဲ နွေးထွေးစွာနေရင်း ရုတ်တ ...တ် အိပ်မပျော်နိုင်ချေ။

လေးလအတွင်း ပြောင်းလွဲလာသော မိမိဘဝအခြေအ နေသည် မြန်ဆန်လွန်းလှသည်။ ရွှေပင်နားတော့ ရွှေကျေးဘဝ သို့ ရောက်ရှိခဲ့သည်။

အရှင်မွေး နေ့ချင်းကြီးခဲ့သူအလား ဒေါ်နွေတမန်ဟု များအလယ်၌ မျက်နှာပွင့်လင်း နေရာရခဲ့သည်။

ကုမ္ပဏီပိုင်ရှင် သူဌေးဦးရန်၏ ဇနီးလောင်းအဖြစ်. . ...သိရှင်ကြား အသိအမှတ်ပြုခံခဲ့ရသည်။

မိမိဘဝသည် ပင့်ကူမျှင်ကြား၌ ငြိနေသော ပိုးအောင် ...ယ် ရုန်းမလွတ်သာတော့ဘူးလား၊ စိန်နားကပ်ရှောင်ကြောင့်







www.burmeseclassic.com

www.burmeseclassic.com



ပါးပြောင်နေခြင်းကို မက်မောရမည်လား။

နဖူးစာဖက်၍ ပေါင်းဖက်လက်ထပ်ပြီးလျှင်တော့လည်း ရေမြင့်ကြာတင့်သည့် သဘောဖြစ်ခြင်းကြောင့် လိပ်ပြာသ သည်။

သူဌေးကတော်တစ်ယောက်အနေနှင့် မျက်နှာပွင့်လန်း ပေမည်။

ယခု လက်မထပ်ရသေး။

ရန်ဆိုသောသူဌေးကို မမြင်တွေ့သေး။


ဖုန်းဖြင့် စာဖြင့်သာ အဆက်အသွယ်ရှိသည်။ ရှေ့အ ပတ်ထဲ ပြန်ရောက်မည်ဟု ပြောသည်။ ရက်ချိန်းတိတိကျကျ ဒီရက်ပိုင်းထဲရမည်။

ရင်ခုန်ဖွယ်ကောင်းသော အိပ်မက်ရှည်တစ်ခုကို မက် တော့မည်ထင့်။

နွေတမန်စိတ်ကူးယဉ် အိပ်မက်ရှည်ကြောင့် အိပ်ပျော် ခြင်းသည် ရောက်မလာခဲ့ချေ။







# အခန်း ( ၁၈ )

"မိုးတွေကလဲ ရွာလိုက်တာကွယ်"

"ဟုတ်ပါရဲ့ လေးနန်းရယ် ဒီမိုးနဲ့သာဆိုရင် ဘယ်လိုမှ ပြန်ထွက်လို့ရမယ် မထင်ဘူး"

"မာန်လေးကလဲ ဘာတွေအလုပ်ရှုပ်နေတာလဲ မသိပါ ဘူး၊ ပြန်မလာသေးဘူး"

နွေတမန်နှင့် ဒေါ်နန်းစိတ်ပူနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မနေ့က တစ်နေ့လုံးလုံး အပြင်ထွက်သည်။ ထမင်း မန်းကတန်း ပြန်လာစားပြီး ပြန်ထွက်သွားသည်။ ညမိုးချုပ်မှ လာပြီး ထိုးအိပ်သည်။

ဒီနေ့ မနက်လဲ နိုးနိုးချင်း. . .

"ကိစ္စမပြတ်သေးလို့ ခဏပဲ ပြီးမှပြန်မယ်၊ ဒီည လောက် ပြန်ထွက်ဖြစ်မယ်ထင်တယ်၊ ဖေဖေတို့ စိတ်မပူ အောင် ဖုန်းဆက်ထားလိုက်မယ်"

ဟုပြောပြီး ပေါ်မလာတော့ချေ။ ညနေစောင်းနေ ပြီ။

"ဘယ်လိုက်လို့ လိုက်ရမှန်းလဲမသိ တော်တော်ခက် ပဲ"

"ကဲပါ မနွေရယ် စိတ်လဲ သိပ်မပူနေပါနဲ့တော့၊ သူ. . . ဒီလိုသွားတတ်လာတတ်တာ သိနေတာပဲ ထမင်းစားလိုက်တော့ သူ့ကို မစောင့်နဲ့၊ ဒီမိုးနဲ့ဆို ဒီညလဲ မပြန်နဲ့တော့၊ မိုးတွေလေတွေ ကြား မာန်လေးကလဲ ကားမောင်းတာ ခပ်ကြမ်းကြမ်းနဲ့ဆိုတော့ အန္တရာယ်များပါတယ်၊ မနက်ဖြန်မှ ပြန်ကြတာပဲ. . ကောင်း တယ်"

"မစားချင်သေးဘူး လေးနန်းရယ် လေးနန်းပဲစားနှ လိုက်ပါ. . ကျွန်မရင်ထဲ တစ်မျိုးကြီးပဲ၊ စိတ်ပူလာရင် အလို ရင်ခံနေတော့တာပဲ"

"မတွေးပါနဲ့ကွယ် မာန်လေးက ဒီအတိုင်းပဲ ဘယ်အရာ ကိုမှ အလေးအနက်မထားတတ်ဘူး"





"ဟုတ်ကဲ့ လေးနန်းသာ စားနှင့်ပါ ကျွန်မမာန်လေးကို စောင့်လိုက်ဦးမယ်"

နွေတမန်၌ မောင်မရှိပါ၊ အစ်ကိုလည်းမရှိသဖြင့် မာန် အပေါ် မောင်တစ်ယောက်ပမာ ချစ်ခင်တွယ်တာလျက်ရှိသည်။ မိုးသည်းသည်း၌ ပြန်မရောက်သေးခြင်းအတွက်လည်း စိုးရိမ်ပူ ပန်လျက်ရှိသည်။

ရန်ဖုန်းဆက်ပြီး ပြန်လာမည့်နေ့ကိုလည်း သိချင်သည်။ ယောက္ခမလောင်းများ စိတ်ပူနေမှာကိုလည်း စိုးရိမ်သည်။ ကုမ္ပဏီ၏ လုပ်ငန်းများအတွက်လည်း နောက်ဆံတင်းနေသည်။

ထိုသောကများဖြင့် စားမဝင်နိုင်အောင်ဖြစ်ပြီး ပြတင်းပေါက်မှန်မှတစ်ဆင့် မိုးသဲသဲမဲမဲရွာသွန်းနေသောပြင်ပကို ငေးမျှော်နေမိသည်။

အချိန်တွေ ဘယ်မျှကုန်ဆုံးသွားသည်ကို မသိလိုက်ပါ။ သို့သော်. . .

"မနွေ ဆယ်နာရီတောင် ထိုးတော့မယ်၊ ထမင်းမစား သေးဘူးလား"

"မစားတော့ပါဘူး၊ လေးနန်းသွားအိပ်တော့. . မိုးအေး တယ်"

"မနေ့ကလဲ ဆယ်နာရီခွဲလောက်မှ ပြန်ရောက်တာပဲ၊ ပြန်လာမှာပါ"

"ဟုတ်ပါတယ် ကျွန်မက အိပ်မရသေးလို့ပါ လေးနန်း ကလူကြီး ခရီးလဲပန်းရဦးမှာဆိုတော့ သွားအိပ်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေးအေး . . ပုတီးစိပ်ရင်း အိပ်လိုက်တော့မယ်၊ အ
ရေးအကြောင်းရှိရင် လှမ်းခေါ် လိုက်နော် လေးနန်းက အိပ်ရေး
ဆတ်ပါတယ်"

"ဟုတ်ကဲ့ စိတ်ချပါလေးနန်း"

နွေတမန် ဧည့်ခန်း၌ တစ်ယောက်တည်း ကျန်ရစ်ခဲ့လေ
သည်။ ခရောင်းလမ်းကို လျှောက်လှမ်းခဲ့ရသူ သူ့အနေဖြင့် လော
ကဓံကို ကြံ့ကြံ့ခံနိုင်စွမ်း ရှိပါသော်လည်း၊ စိုးရိမ်ပူပန်တတ်သည့်
မိန်းမသားတစ်ဦး၏ သဘာဝတရားကိုတော့ဖြင့် မဖျောက်ဖျက်
နိုင်ပါချေ။

ရန်အတွက်ရည်စူးပြီး ခေါင်းစွပ်ဆွယ်တာ လက်ပြတ်
လေးကို ထိုးနေမိသည်။

တောင်ပေါ်မိုး၏ အငြိုးအတေးက နွေတမန်ရင်ထဲ
လွမ်းတစိမ့်စိမ့်ဖြစ်အောင် ဖန်တီးထားလေသည်။

အထီးကျန်ဘဝ။

တစ်ဦးတည်းသောသမီး မိခင်၏ အထီးကျန်အမွေ
မိမိဆက်လက်ခံစားနေရပြီလား။

ရန်မိသားစုက မိမိအား အထီးကျန်ဘဝမှ ကယ်တင်
ပေးလိမ့်မည်ဟု ယုံကြည်ချက်နှင့်အတူ ရန်နှင့်တွေ့ဆုံပါက မိ
ဘက်မှ ပြောစရာစကားမရှိတော့ပါဘူး၊ ရန်ဆန္ဒဟာ ကျွန်မရဲ့
ဆန္ဒပါ ဟုပြောလိုက်လျှင် အရာရာသည် သာယာကြည်နူးဖွယ်
ကောင်းသော အိပ်မက်ဝက်ပါလေးတစ်ခု ဖြစ်သွားလိမ့်မည်။

ဆယ့်တစ်နာရီကျော်လာပြီ။





မာန်မဟုတ်တော့ဘူး။

ညဉ့်နက်မှာ လုပ်စရာအလုပ်မရှိ။

သုံးယောက်ထိုင် ရေမြှုပ်ကုလားထိုင်ရှည်ပေါ်၌ ခေတ္တ
သဲလျောင်းလိုက်သည်။

မှေးခနဲ အိပ်ပျော်သွားသည်။

အိပ်မက်ထဲ၌ . . မာန်ကား အက်ဆီဒင့်ဖြစ်သည်ဟု မြင်
မက်သဖြင့် ထိတ်လန့်တကြား ဖြစ်သွားသည်။

လန့်နိုးလာသည်။

"ဟင်"

နိုးလာကာမှ ပို၍ ထိတ်လန့်ခြင်းကို ရောက်ရှိရသည်။
မိမိမျက်နှာအနီး၌ စူးစူးစိုက်စိုက်ကြည့်နေသော မျက်
လုံးတစ်စုံ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၉ )

မာန်ဆယ့်နှစ်နာရီထိုး အိမ်သို့အရောက်သွားလို
သည်။

အိမ်သော့နှစ်တွဲက မိမိ၌ရှိနေသည်။ ကျန်တစ်တွဲ
နွေတမန်နှင့် လေးနန်းထံ၌ ထားခဲ့သည်။

ထို့ကြောင့် အိမ်တံခါးကို လွယ်လင့်တကူ ဖွင့်ဝင်လို
သည်။

တံခါးကိုပြန်ပိတ်လိုက်ပြီး၊ အိမ်သော့ချိတ်ရန် သတ်မှ





အားသောနံရံကို လှမ်းကြည့်လိုက်သည်။ သော့တွဲကို အဆင်
သင့်တွေ့ရသဖြင့် ယူကာ လက်ကိုင်အိတ်ထဲထည့်သိမ်းလိုက်
သည်။

ပြီးမှ ဧည့်ခန်းတွင် အိပ်ပျော်နေသော နွေတမန်ထံသို့
လျှောက်သွားလိုက်သည်။

အနားမှ ရပ်ကြည့်လိုက်သည်။

ဟင်. . . ဒီလောက်မိုးအေးရသည့်အထဲ နွေတမန်၏
အားထင်စပ်လေးများ၌ ချွေးကလေးများ စိမ့်ထွက်နေပါလား။

မာန် နွေတမန်၏အနီး ကြမ်းပြင်၌ ဒူးထောက်ထိုင်ချ
လိုက်ပြီး ချွေးသုတ်ပေးရန်သင့်မသင့် စဉ်းစားလိုက်သည်။

ထိုစဉ် နွေတမန် အထိတ်တလန့်ဟန်ဖြင့် နိုးလာသည်။

"ဟင်"

သူ့အား ခပ်စိမ်းစိမ်းကြည့်ကာ. . .

"မင်း. . မင်း. ."

သူကြမ်းပြင်ထက်မှ ထလိုက်ပြီး နွေတမန်နှင့်မျက်နှာ
ချင်းဆိုင် ကုလားထိုင်တွင် အေးဆေးစွာ ထင်ထိုင်လိုက်သည်။

"မင်း ငါ့နားဘာလာလုပ်တာလဲ"

"ဘာလုပ်တယ်ထင်သလဲ"

မာန်က ရယ်ချင်သည့်စိတ်ကို မြိုသိပ်ပြီးမေးခွန်းထုတ်
လိုက်သည်။

"ငါ ဘယ်သိမှာလဲ ငါအိပ်ပျော်နေတုန်း မင်းငါ့နားကို
ဘာကိစ္စ လာရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လာကြည့်တာ"

"ဘာ"

ထိတ်လန့်မှုနှင့်အတူ သံသယ မျက်လုံးများဖြင့် ကြည့်[...] နေသော နွေတမန်ကို သူကရုဏာသက်မိသည်။ သူမင်မပျို့[...] ကျားရဲတောအလယ် ပိတ်နေသည့်အလား အထိတ်တလန့်ရှိ[...] သည့်အလား။

"မာန်ပြောလေကွာ"

"မမ အိပ်ပျော်နေသလား၊ မပျော်ဘူးလားလို့ လာ[...] ကြည့်တာ ကြည့်နေတုန်း မမနိုးသွားတာ"

သူက စိတ်ကိုလျှော့ကာ ခပ်အေးအေးလေး ဖြေ[...] လိုက်သည်။

နွေတမန် သက်ပြင်းချလိုက်သည်။

"ဒီည ပြန်လို့ဖြစ်မှာမဟုတ်တော့ဘူး၊ မနက်ဖြန်မနက်[...] ပြန်မယ်၊ ပစ္စည်းတွေအားလုံးတော့ ကောက်သိမ်းထားတာပဲ"

မာန် အင်းမလှုပ် အဲမလှုပ် နေလိုက်သည်။

သူဆိုးဖြတ်ချက်တစ်ခုကို ပြတ်သားစွာ ချမှတ်ဖြစ်တော့[...] မည်။ မနက်ဖြန်ကို စောင့်ရမည်လား။ ယခုပဲ ရင်ဆိုင်ရမည် လား။ ယခုပဲ ရင်ဆိုင်ရမည်လား။

တိုးဆိုတိုက်၊ ကျားဆိုကိုက်လိုက်တာ အကောင်းဆုံး ပဲ. . .။

"ကဲ. . ဒီအချိန်မှတော့ ထမင်းလဲစားမနေနဲ့တော့ ဘာ[...] သောက်ဦးမလဲ"





မာန်ကမဖြေ။

နွေတမန်က မျက်မှောင်ချီကာ ထူးကဲသော သူ့အမူအ ရာကြောင့်. . .

"မာန်"

မျက်လုံးဖြင့်သာ. . နွေတမန်အား တုံ့ပြန်ကြည့်လိုက် သည်။ နွေတမန်က အားမလိုအားမရ. .

"မင်းဘာဖြစ်နေတာလဲ မာန်လုပ်ငန်းအစဉ်မပြေခဲ့ဘူး လား"

"လုပ်ငန်းက အခုမှစမှာ"

"ဟင်"

နွေတမန်က ထရပ်လိုက်သည်။

"ဘာလဲဟ ဒီလိုဆို မင်းနေခဲ့တော့၊ မနက်ဖြန်လိုင်းကား [...]ဲ တို့နဲ့လေးနန်း ပြန်တော့မယ်"

မာန်က တစ်ခွန်းမှမပြောဘဲ အိမ်နောက်ဖေးတံခါးကို သွားကြည့်သည်။ သော့ခတ်ထားသည်။ ပြင်ပထွက်ပေါက်က နှစ်ပေါက်ပဲရှိသည်။

နွေတမန်က မာန်နောက်လိုက်လာကာ. . .

"မင်းမူးနေသလားမာန်၊ အရက်သောက်လာသလား"

"ခင်ဗျား အရက်နံ့ရလို့လား"

နွေတမန်က မျက်စောင်းထိုးလိုက်သည်။

သည်မျက်စောင်းကြောင့် သူ့အသည်းကျွမ်းပြန်လိုက်ရ သည့်အဖြစ်ကို နွေတမန်ကတော့ သိမည်မထင်။

www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင်ဘူး ခုရုပ်မှနောင်ရှင်း ပြဿနာကို ခပ်ရှင်း ရှင်းပဲ ရင်ဆိုင်လိုက်တော့မည်ဟု ဆုံးဖြတ်ကာ. . .

"ကျွန်တော် မူးနေတာမှန်တယ်၊ ဒါပေမယ့် အရက်မူး တာမဟုတ်ဘူး၊ အချစ်မူး မူးနေတာသိလား၊ ခင်ဗျားသိရဲ့လား"

မာန် နွေတမန် လက်မောင်းရင်းနှစ်ဘက်ကို ဆုပ်ကိုင် ကာ စေ့စေ့ကြည့်ပြီး ပြောလိုက်သည်။

"မာန် လွှတ်စမ်း. . နင်ရူးနေသလား"

နွေတမန် ရုန်းသည်။ မရ။ မာန်၏ လက်နှစ်ဖက်က ခိုင်မာလွန်းလှသည်။

"အေး. . ဟုတ်တယ် ကျွန်တော် ရူးနေတယ်၊ ခင်ဗျား ကိုချစ်လွန်းလို့ ရူးသွပ်နေတယ်၊ ဒါကို ခင်ဗျားသိရဲ့လား. . ."

နွေတမန် အံ့ဩသွားဟန်တူသည်။ မျက်လုံးအပြူးသား နှင့် သူ့အားကြည့်လေသည်။

ထိုအကြည့်က သူ့ရင်ကို ပစ်ခွင်းလိုက်သော အချစ်မြား တစ်စင်းအလား ရှိနေသည်။

မာန် နွေတမန်ကိုရင်ခွင်ထဲ ဆွဲသွင်းကာ လွတ်ထွက် သွားမှာ စိုးကြောက်သည့်အလား တင်းတင်းကြပ်ကြပ် ပွေ့ဖက် ထားလိုက်ပြီး။

"မမကို ကျွန်တော်ချစ်တယ်၊ ကျွန်တော့်ကိုပဲ လက်ထပ် ပါ မမရယ်၊ ကိုကိုလောက် စည်းစိမ်၊ ဂုဏ်ဒြပ် မရှိပေမယ့် မမကို ကျွန်တော်လဲ လိုတရဘဝမျိုး ထားနိုင်အောင် ကြိုးစားမှာပါ. . .

မမကို မြင်မြင်ချင်းချစ်မိတာပါ. . .





ကျွန်တော့်စိတ်ကို ကျွန်တော်ဆုံးမပေမယ့် ဘယ်လိုမှ ထိန်းထားလို့မရတော့လို့ပါ. . .'

နွေတမန် အိပ်မက်မက်နေတာလား တစ်ဒင်္ဂတော့ အံ့ ဩသင့်ခြင်း တုန်လှုပ်ခြင်းနှင့်အတူ မာန်၏ ရင်ခွင်၌ မလှုပ်သာမ လှုပ်သာ ငြိမ်သက်သွားမိသည်။ နောက်မှ သတိဝင်လာပြီး အား ကုန်ရုန်းကာ. . .

"လွှတ်. . လွှတ်စမ်း နင်ခွေးကျင့်ခွေးကြံမကြံနဲ့"

မာန်လွှတ်ပေးလိုက်သည်။

နွေတမန်က ထောင်ချောက်မှ လွတ်သွားသော သမင်မ ငယ် အားကုန်ပြေးကာ အိပ်ခန်းထဲဝင်ပြေးကာ တံခါးဂျက်ချ လိုက်လေသည်။

မာန် ရုတ်တရက် အနာပေါ် တုတ်ကျသည့်အလား. . ဆတ်ဆတ်ခါ နာကျင်သွားကာ ကျက်သေသေနေရာမှ သူ့မြင်း ငယ် နွေတမန် ပျောက်ကွယ်သွားမှ သတိဝင်လာသည်။

အစ်ကို ဖြစ်သူအတွက် ရည်းစူးထားသော ဇနီးလောင်း အပေါ် ပြစ်မှားမိသည့် ပြစ်ဒဏ်ကို သူရုတ်တရက်လက်ငင်းခံစား ရသည်ပြီ။

မတတ်နိုင်။

နှလုံးသား အမိုက်ကောင်အပေါ် သူချုန်းအုပ်မရတော့။

အချစ်နှင့်စစ်မှာတရားသည် မတရားသည်မရှိဘူးဟု လက်ခံထားသည်။

နွေတမန်၏ အိပ်ခန်းတံခါးဝ၌ သူရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည့် အိပ်ခန်းတံခါးသော့များ အားလုံးရှိနေသည်။

"ဒီမှာ မမ ကျွန်တော်ပြောတာ နားထောင်ပါ"

"နားမထောင်နိုင်ဘူး မင်းလိုလူစိတ်မရှိတဲ့လူရဲ့ စကား ကို နားလဲမထောင်နိုင်ဘူး၊ လိုက်လဲမလိုက်နာနိုင်ဘူး"

"ကောင်းပြီ မနေ့ကပဲ ဖေဖေတို့ဆီ ဖုန်းဆက်လိုက်ပြီ ပြီ၊ ကျွန်တော် မမကိုချစ်လို့ ခိုးပြေးသွားပြီ၊ အဲဒီ ကိစ္စအဝဝ ဖေဖေတို့ ကြိုက်သလိုသာ အရေးယူဆောင်ရွက်ပါတော့လို့ အကြောင်းကြားလိုက်ပြီသားဆိုတာတော့ မမသိထားပါ"

နွေတမန့်ထံမှ တုံ့ပြန်သံမကြားရတော့ချေ။

ဘာအကြံယူနေသလဲဆိုတော့ မာန်မခန့်မှန်းတတ်ချေ

မိန်းမတို့၏ မာယာနက်ရှိုင်းမှုကို နားမလည်သကဲ့ အချစ်၏ စိုးမိုးချုပ်ကိုင်မှုလည်း သူလက်မြှောက်အရှုံးပေးတ အချစ်၏ကျေးကျွန်ဖြစ်ခဲ့ရလေပြီ။







အခန်း ( ၂၀ )

နွေတမန်တစ်ညလုံးအိပ်မပျော်ဘဲ မနက်မိုးလင်းခါနီးမှ နားခနဲ အိပ်ပျော်သွားခဲ့သည်။

အိပ်ရာမှနိုးတော့ နေရောင်ခြည်က ပြတင်းပေါက်မှာ ပြနေသည်။ မိုးသားတို့သည်လည်း မနေ့ညက သူတို့ဘာမှမ လွှန်ထားသည့်အလား တိမ်သားကင်းစင်နေခြည်တောက်ပ တော်။

www.burmeseclassic.com



ခန်းဆီးကို အသာချပြီး ရေချိုးခန်းဝင်ခဲ့လိုက်သည် အိပ်ခန်းသုံးခန်းစလုံးကို ရေချိုးခန်းအိမ်သာတွဲလျက်၊ ထားရှိ သော မာန်၏ ခေတ်မီမှု စိတ်ကူးဉာဏ်ကိုတော့ ချီးကျူးမိသည်

သို့သော်. .

လူမှုရေးပြစ်မှုအတွက် မာန်အား ဘယ်လိုရင်ဆိုင်သ သည်။ အပြစ်ပေးသင့်သည်ကို နွေတမန် ညလုံးပေါက်စဉ်း ခဲ့သည်။

မိမိ၏ အနာဂတ်ကမ္ဘာလေး ပျက်စီးသွားပြီ။

ကိုယ်လက်သန့်စင် ဖီးလိမ်းပြင်ဆင်ပြီးနောက် အပြင် ထွက်ရန် အိပ်ခန်းတံခါးရှေ့ ရပ်လိုက်သည်။

ချီတုံချတုံဖြစ်နေသည်။

မာန်နှင့် ရင်ဆိုင်ရသည့်အခါ သွေးအေးအေးနှင့် မ ရင်ဆိုင်နိုင်ဖို့ အရေးကြီးသည်။

သူတောင်မှ သွေးအေးအေးနှင့် အကွက်ချလုပ်သေ သွားသေးတာပဲ။ မိမိကဘာကြောင့် သူ့အား သွေးအေးအေး ပြန်လည်ရင်မဆိုင်နိုင်ရမှာလဲ ။

နွေတမန် မိမိကိုယ် မိမိအားပေးလိုက်ကာ တံခါးဖ တင်းစွာ ဖွင့်လိုက်သည်။

"ဟင်"

တံခါးဝ၌ ကန့်လန့်ခံအိပ်နေသော မာန်ကို မြင်ခေ လိုက်ရသဖြင့် နွေတမန် ဆက်လက်လှုပ်ရှား၍မရတော့။ မ ကိုကျော်လွှားပြီး ထွက်မှသာလျှင်ရမည်။





မာန်သည် ယောကျာ်း ဖြစ်သည်။

မိမိသည် မာန်ထက်အသက်ကြီးသည် မှန်သော်လည်း မိန်းမသာလျှင် ဖြစ်သည်။

မာန်သည် ဂွမ်းစောင်တစ်ထည်ကို ခင်းကာ ခေါင်းအုံး နှင့် အကျအနအိပ်စက်နေခြင်း ဖြစ်သည်။

ဒေါ်နန်းကလည်း ထမင်းစားခန်းမှ လှမ်းကြည့်နေ သည်။

ဒေါ်နန်း၏ မျက်လုံးများသည် ညကကိစ္စကို သိပြီးကြား ပြီး ဖြစ်ပေလိမ့်မည်။

နွေတမန် မာန်အနီး အသာဒူးထောက်ထိုင်လိုက်သည်။

မာန်သည် အိပ်ရေးဆက်တတ်သလား၊ မဆတ်တတ် သလားကိုတော့ နွေတမန်မသိပါချေ။

သို့သော် မာန်၏ဒူးတစ်ဖက်ကို အနည်းငယ်ရွှေ့လိုက်ပါ က မိမိအိပ်ခန်းပြင်ထွက်လို့ ရသွားလိမ့်မည်။

ထိုအခါကျမှ ဒေါ်နန်းနှင့်တိုင်ပင်ကာ မိမိ၏ လွတ် မြောက်ခြင်းလမ်းစကို ရှာဖွေပြီး၊ ယောက္ခမလောင်းများကို အဖြစ် မှန်ရှင်းပြရမည်။

မိမိသည် သစ္စာမဲ့သော မိန်းမမဟုတ်ကြောင်း သိသွား လျှင် ကျေနပ်ပါပြီ။

နွေတမန် မာန်၏ ဒူးတစ်ဖက်ကို အသာအယာ ကွေ့နှိုး ရွှေ့ကြည့်သည်။ စိုးရိမ်စိတ်ကြောင့် ရင်ခုန်သံစဉ်ကျယ်လောင် မှုကို မိမိကိုယ်မိမိ ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် နိုးပါပြီ မမ"

ဖြုန်းစားကြီး အနားကပ်သံစဉ်ကြောင့် နွေတမန်လန့် သွားသည်။

မာန်က ရုတ်ခြည်းထိုင်လိုက်သည်။

အနီးကပ် အနေအထားကြောင့် နွေတမန်တုန်လှုပ်ကာ နောက်သို့ ဆုတ်ထိုင်လိုက်သည်။

မာန်က ပြုံးကာ မိမိကို စိုက်ကြည့်နေသည်။ နွေတမန် မျက်နှာလွှဲကာ. . .

"နိုးရင်လဲ ထတော့ကွာ. . မင်းနဲ့အေးအေးဆေးဆေး စကားပြောချင်တယ်"

"ရပါတယ် ကျွန်တော်ကလည်း ပြောချင်နေတာပဲ. . . မမက လက်မှမခံတာ"

နွေတမန် ဘာမှမပြောနိုင်ခင်၌ မာန်သည် ထထွက် သွားသည်။ သူ့အိပ်ခန်းဘက် သူဝင်သွားသည်။

နွေတမန်ယခုမှ အသက်ရှုချောင်သွားသည်။

ဘာကြောင့်ရယ်မသိ မာန်ဘက်မှ မရိုးသားမှုကို သိရှိ လိုက်သည့်အချိန်မှစ၍ မာန်နှင့်အနီးကပ်နေရမည်ကို စိုးရိမ် ကြောင့်ကြလျက် ရှိလာသည်။

နွေတမန် မာန်၏အိပ်ရာကိုခါကာ ခေါက်သိမ်းပြီး ယ ခင်ကကဲ့သို့ မာန်အိပ်ခန်းသို့ ရဲတင်းစွာ မဝင်ရဲတော့သဖြင့်. . .

"လေးနန်းရယ် သွားဝင်ထားပေးပါ"

ဟု ဒေါ်နန်းအား အကူအညီတောင်းလိုက်ရသည်။





ဒေါ်နန်းက ပြုံးကာ. . .

"မနွေကလဲ ဒီအခြေအနေရောက်မှတော့ မထူးတော့ ပါဘူး၊ မာန်က မနွေကို တကယ်ချစ်ရှာတာပါ"

နွေတမန် ဒေါ်နန်းအပေါ် ရုတ်တရက် စိတ်ဆိုးသွားမိ သည်။ သမီးချင်းကိုယ်ချင်းမစာ ပြောရက်လေခြင်းဟု သို့သော် ဒေါ်နန်းသည် အပျိုကြီးဖြစ်ခြင်းကို သတိရလိုက်မိသကဲ့သို့ ဒေါ် နန်း၏ဘဝသည် မာန်ကြောင့် ရှင်သန်နေခြင်းဖြစ်ကြောင်းကို သတိပြုမိလိုက်သဖြင့် အမျက်ဒေါသသည် အပြင်သို့မထွက်တော့ ပဲ. . .

"သူ့အချစ်ကို ကျွန်မမယုံသေးဘူး လေးနန်း. . ကဲပါ သွားထားလိုက်ပါ"

ဒေါ်နန်းနှင့် ပူးပေါင်းကြံစည်ပြီး လွတ်မြောက်မှုလမ်းစ ကို ရှာဖွေဖို့ မလွယ်ကူကြောင်း နွေတမန် သဘောပေါက်လိုက် သည်။

ကျောချမှ ဓါးပြမှန်းသိရတော့သည့် မိမိအတွက် အ ကောင်းဆုံးသော နည်းဗျူဟာကို စဉ်းစားနေမိသည်။

"ကော်ဖီသောက်တော့မလား မနွေ"

"မာန်နဲ့မှ"

အို. . ရုတ်တရက် မေ့လျော့ကာ ပြောလိုက်မိသည်။ တကယ်တော့. . မာန်ကိုစိတ်ဆိုးနေရမည်။ မျက်နှာမမြင်ချင် လောက်အောင် မုန်းတီးသင့်ပါသည်။

ထိုစိတ် မိမိ၌ ဘာဖြစ်၍များ မဖြစ်ပေါ်လာချေသနည်း။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပွဲ၌ထိုင်ကာ ငူတူတူငိုင်တိုင်တိုင်နှင့် တွေ
စဉ်းစားနေသည်။

မိမိ ဘာဆက်လုပ်သင့်သလဲ. . .။

မိမိ၏ ဂုဏ်သိက္ခာကို ပြန်ဆယ်ရမည်။

"ဟဲ့. . ငါ့မှာ သော့မရှိဘူး"

"ရပါတယ် သံပန်းကြားက ကျွန်တော်ပေးလိုက်မယ်"

နွေတမန်သည် မီးဖိုချောင်မှ ဒေါ်နန်းနှင့် အိမ်အပြ
ဘက်မှ ဟင်းစားလာပို့သော ခြံစောင့်ယောက်ျားသားကို လှမ်း
ကြည့်နေလိုက်သည်။

အားလုံးဟာ မာန်၏လူတွေပဲ။

ဖက်နှင့်ထုပ်ထားသော အသားထုပ်များ တစ်ထုပ်ချင်
သံပန်းကြားမှ လှမ်းပေးသည်။ နောက် ဟင်းသီးဟင်းရွက်များ
နွှားနို့ပုလင်း. . .

"ဩော်. . ဒုက္ခ. . ဒုက္ခ. . ငါ့မလဲ အိုကြီးအိုမအရွယ်
ရောက်မှ အကျဉ်းချခံရတယ်လို့ မာန်လေးတို့လုပ်လိုက်ရင်. .
စာဖွဲ့လောက်ပါရဲ့. . ."

ဒေါ်နန်းက ပြုံးရယ်လျက် ကျေနပ်သောလေသံကို
ကျေနပ်သော စကားလုံးနှင့် ညည်းညူလိုက်လေသည်။

နွေတမန် ဘာကိုမှမပြောချင်။

ခြံစောင့်ယောက်ျားသား ပြန်သွားလေပြီ။

ဒေါ်နန်းက သားစိမ်း၊ ငါးစိမ်းခုတ်ထစ်ခြင်းကို စတ
နေလေပြီ။





မာန်ထွက်လာပြီး. . .။

ဘသားချောက ယခုမှ စိတ်အေးလက်အေး ကိုယ်လက်
သန့်စင်ရေမိုးချိုးလာပုံရသည်။ ရိပ်သင်ပြီးစ မေးစေ့နှင့် နှုတ်ခမ်း
မွှေးပေါက်သောနေရာတို့၌ စိမ်းဖန့်နေသည်။ ဝါညက်သော အ
သားအရေက ဝင်းလဲ့လျက်၊ မျက်လုံးများက သူ့၌ဘာအပြစ်မှ
မရှိသည့်အလား ကြည်လင်တောက်ပလျက်။

မိမိအနီး၌ ဘေးချင်းယှဉ်လျက် ကုလားထိုင်ကို ဆွဲယူ
ဝင်ထိုင်လိုက်သည်။

နွေတမန်က ထကာ တစ်ဖက်သို့ ကူးထိုင် ဟန်ပြုလိုက်
သည်။

ထိုအခါ. . မာန်က လျှင်မြန်စွာ နွေတမန်လက် ကိုဆွဲ
ကာ. .

" ပြန်ထိုင်ပါမရယ် မာန်က မမသဘောမတူရင် ဘာမှ
မကျူးလွန်ပါဘူး"

နွေတမန်က မထိုင်ပါ။

"မင်း ငါ့အသားကို မထိနဲ့ ငါသဘောမတူဘူး"

မာန်က ပြုံးစစလုပ်ကာ လွှတ်ပေးလိုက်သည်။ နွေတမန်
က မျက်စောင်းခဲကာ မာန်နှင့်မျက်နှာချင်းဆိုင်ဘက်သို့ ပြောင်း
ထိုင်လိုက်သည်။

ထိုအခါမှ ပိုဆိုးသွားပြီလားဟု နွေတမန်စဉ်းစားလိုက်
သည်။ အဘယ့်ကြောင့်ဆိုသော် မာန်က စားပွဲပေါ်ခေါင်းထောက်
ကာ မိမိအား ရွှန်းရွှန်းစားစား ကြည့်နေသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မာန်"

"ဗျာ"

"မင်း ငါ့ကို အဲဒီလိုမကြည့်နဲ့စမ်း"

"ဘာဖြစ်လို့လဲ"

"မင်းအကြည့်က ကြောင်မိနေတဲ့ ကြွက်ကိုမစားသေး ဘဲ ပုတ်ခတ်ဆော့ကစားရင်း ကျေနပ်နေတဲ့ ကြောင်စဉ်းလဲရဲ့ မျက်လုံးမျိုး"

"ဟုတ်လား. . အင်း. . မှန်ပေးပါဦး ကြည့်ချင်လိုက် တာ"

"ကြောင်စဉ်းလဲတော့ မကြားဖူးပါဘူး၊ ကျားစဉ်းလဲတို့ မြေခွေးစဉ်းလဲတို့ပဲ ကြားဖူးပါတယ်"

"တော်စမ်းပါ မင်းလုပ်ရပ်တွေ ကောင်းသလားဆိုတာ ပြန်စဉ်းစားကြည့်စမ်း မာန်"

မာန်က အေးဆေးစွာပင် ခေါ်ပုတ်ကြော်တုံးလေးကို ခက်ရင်းဖြင့်ထိုးကာ. . နှမ်းထောင်းပန်းကန်၌ တို့လူးလိုက်ပြီး နောက် ယူစားလိုက်သည်။

နွေတမန်သည် သူ့အား မျက်ခြေမပြတ် စောင့်ကြည့် နေလိုက်သည်။

သွေးအေးအေးနှင့် ကြိုတင်စီမံတတ်သော ဉာဏ်ချာတိမ် ကို မိမိကလည်း သွေးအေးအေးနှင့် ရင်ဆိုင်ရှုံသာရှိတော့သည်။

မာန်က သူ့အား မမှိတ်မသုန် အကဲခတ်ပြီး အကြံယူနေ သော နွေတမန်အကြည့်ကို သဘောပေါက်သည်။ ဘာကြောင့်





များ အစ်ကိုဖြစ်သူနှင့် လက်ထပ်ရန် ရည်ရွယ်ထားသူကိုမှ ရင်နှင့် အောင်ချစ်သွားမိရသနည်း။

"စဉ်းစားစရာမလိုပါဘူး၊ မကောင်းမှန်းသိတာပဲ၊ ဒါပေ မယ့် နှလုံးသားရဲ့ ပူဆာမှုဒဏ်ကိုမှ ကျွန်တော်မခံစားနိုင်ဘဲ"

မာန်က ပါးစပ်ထဲမှ အစားကုန်သည်နှင့် လှမ်းပြောလိုက် ပြီး ကော်ဖီတစ်ငုံသောက်လိုက်သည်။

နွေတမန်က. . .

"မင်းက မင်းအတွက်ပဲကြည့်တာကိုး၊ ငါ့ရဲ့ဂုဏ်သိက္ခာ အပေါ် မင်းနည်းနည်းမှ မငဲ့ညှာဘူးလား"

မာန်က နွေတမန်ကို ငေးစိုက်ကြည့်လိုက်သည်။ ခက် ရင်းလေးဖြင့် ခေါ်ပုတ်ကို ထိုးဆွလိုက်ပြီး နှမ်းထောင်းပန်းကန်၌ သုံးရင်း. . .

"ငဲ့ပါတယ်. . ငဲ့လို့ မမကိုသာချစ်လို့ အတင်းအကြပ် ချုပ်နှောင်ထားလိုက်တယ်၊ ဖေဖေတို့မကျေနပ်ရင် ရဲစခန်းတိုင် ချက်ဖွင့်ပြီး သားကို ဖမ်းခိုင်းနိုင်ပါတယ်လို့ ပြောလိုက်တာ၊ မမ အတွက် ကလေးမုန့်ပေးကြိုက်ပါတယ်ဆိုတဲ့ အပြောမျိုးမဖြစ် အောင် ကြိုတင်ကာကွယ်လိုက်တဲ့ သဘောပါ"

စကားဆုံးတော့ ခေါ်ပုတ်ကို ပါးစပ်ထဲထည့်လိုက်သည်။

နွေတမန်မှာ သူ့ကိုသာ တအံ့တဩ ငေးကြည့်လိုက်မိ သည်။

အစားကုန်သွားသည်နှင့် ကော်ဖီတစ်ငုံသောက်လိုက်ပြီး မိမိအား စကားဆက်ပြောနေသော မာန်ကို လက်ပြောက်အရှုံး



www.burmeseclassic.com

www.burmeseclassic.com



ပေးရတော့မလို ဖြစ်နေသည်။

"မမကို ကျွန်တော်ချစ်တာ ပိုင်ဆိုင်ချင်နဲ့အချစ်နဲ့ ချစ်တာ၊ ပိုင်ဆိုင်ခွင့်မှမရဘူးဆိုရင် ကျွန်တော့်စိတ်တွေကို ကျွန်တော် နိုင်နင်းစွာ ထိန်းချုပ်နိုင်စွမ်းရှိတော့မှာ မဟုတ်ဘူးလို့ ကျွန်တော် ထင်တယ်၊ ဒါပေမယ့် ကျွန်တော်မမကို တစ်ဖက်သတ်အနိုင်မယူချင်ပါဘူး"

"မင်းရဲ့လုပ်ဆောင်ချက်ဟာ. . . တစ်ဖက်သတ် လုပ်ဆောင်ချက် မဟုတ်ဘူးလို့ မင်းဆိုချင်တာလား"

"ဟုတ်တယ် မမကို ကျွန်တော် ရွေးချယ်ခွင့်ပေးထားပါတယ်"

"ဘာရွေးချယ်ခွင့်လဲ"

"ဖေဖေ မေမေတို့ လိုက်လာတဲ့တစ်နေ့မှာ မမကျွန်တော့်ကို တိုင်ချက်ဖွင့်ပြီး အဖမ်းခိုင်းလို့ရပါတယ်"

"ဒါ. . မင်းသက်သက်အကြွပ်ကိုင်တာပဲ"

မာန်က ပြုံးလေသည်။

ခေါ်ပုတ်တုံးလေး ငါးတုံးလည်းကုန်သွားလေပြီ။ ကော်ဖီ တစ်ပန်းကန်လည်း ကုန်အောင်သောက်ပြီး ရေနွေးကြမ်းထပ်ငှဲ့ သောက်နေသော မာန်ကိုကြည့်ပြီး နွေတမန် အသည်းယားနေသည်။

"ဒါ. . အကြွပ်ကိုင်တယ်လို့ မမယူဆတာလား၊ ကျွန်တော် မမကို လက်ထပ်စာချုပ်မှာ အတင်းအကြွပ်လဲ လက်မှတ် မထိုးခိုင်းဘူး၊ မမကို ကိုယ်ထိလက်ရောက်စော်ကားတဲ့ အလုပ်





ဟာ လုပ်လို့လား"

"ဒါပေမယ့် မင်း အများအထင်မှားအောင် ငါ့ကို တမင် ဖန်နှောင်ထားတာပဲ၊ သူစိမ်းယောကျ်ားတစ်ယောက်နဲ့ မိန်းမ တစ်ယောက် အတူတစ်အိမ်တည်း အတူနေနေတာကို သန့်စင် တယ်ဆိုတဲ့ ရှင်းပြချက်ကို ဘယ်သူက လက်ခံမှာလဲ"

"ကိုကိုကိုခင်ဗျားတော်တော် မျှော်လင့်နေသလား"

"စကားအကောင်းပြောနေတာ ဖောက်မလာနဲ့နော်"

မာန် မျက်နှာနီရဲလာသည်။ မိမိအား ခပ်စူးစူးကြည့် လိုက်သဖြင့် နွေတမန် ကျောချမ်းသွားသည်။

"ကိုကိုကို မမြင်ဘူးသေးဘဲနဲ့တောင် ခင်ဗျားလက်ထပ် ချည်စူးရဲရင့် ကျွန်တော့်လို ခင်ဗျာနဲ့တရင်းတနှီးရှိနေတဲ့ လူတစ် ယောက်အပေါ် ဘာဖြစ်လို့ လက်မထပ်ရဲရမှာလဲ၊ ဘာလဲ ခင်ဗျား အချစ်ကို ဒေါ်လာနဲ့ ဂုဏ်ဒြပ်နဲ့ ချိန်စကြည့်တာလား"

နွေတမန် ဒေါသထွက်သွားသည်။

"တော်စမ်းကွာ လျှာရိုးမရှိတိုင်း လျှောက်မပြောနေနဲ့ ဘာ၊ လူကြီးတွေ လက်နဲ့ရေးတာကို ခြေနဲ့ဖျက်တတ်တဲ့အစား ငါမပါချင်ဘူး၊ ပြီးတော့ မင်းလို တဖွတ်ထိုးတဖောက်ကန်း ကောင်ကလေးကိုလဲ ငါမချစ်ဘူး၊ မင်းလုပ်ချင်တာလုပ်တာကိုလဲ ခွင့်မပြုဘူး. . ငါပြန်မယ် အိမ်တံခါးကိုသာ ဖွင့်ပေး"

"မဖွင့်ပေးဘူး ခင်ဗျားလုပ်ချင်သလိုသာလုပ်"

"မင်း ရူးနေသလား"

"ဟုတ်တယ် ခင်ဗျားလို ငွေမက်၊ ဂုဏ်မက်တဲ့ မိန်းမကြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုမှ ကျုပ်က ချစ်မိတာကိုဗျ၊ ကျုပ်ရူးချင်နေပြီပေါ့”

“မင်းမဟုတ်တာတွေ လျှောက်ပြောမနေနဲ့. . ငါ. . ငါ

ငါ့ဘဝမှာ ငွေလဲမလိုချင်ဘူး၊ စည်းစိမ်လဲ ငါမမက်ဘူး၊ မိသား

ရယ်လို့ မပြည့်စုံခဲ့တဲ့ငါဟာ မိသားစုကလေးကို မက်မောခဲ့တယ်

ခုတော့ ငါရဲ့မျှော်လင့်ချက်တွေအားလုံးကို မင်းဖျက်ဆီးပစ်လိုက်

ပြီ”

နွေတမန်ကပြောရင်း ဝမ်းနည်းကြေကွဲလာကာ မျက်

ရည်များ ပိုးပိုးပေါက်ပေါက် ကျလာလေသည်။

မာန် ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ ဘယ်ကဘယ်

လို နွေတမန်အနီးသို့ ရောက်သွားမှန်းမသိ။

မျက်ရည်ပဲ သုတ်ပေးရတော့မလိုလို ရင်ခွင်ထဲဆွဲ

ကာ အငိုတိတ်အောင် ချော့မြူရမလိုလို ဘာလုပ်ရမှန်းမသိ

နွေတမန်အား မထိရဲ။

“ဟာဗျာ. . တိတ်ဗျာ. . အဲဒီလို မျက်ရည်လက်နက်

ကျွန်တော့်ကိုအနိုင်မကျင့်နဲ့”

“မင်းအနိုင်ကျင့်နေတာပါ. . မင်းသာ ငါ့ကိုအနိုင်ကျင့်

နေတာ၊ ငါ့ဘဝတစ်ခုလုံး ငါ့ရဲ့ ဂုဏ်သိက္ခာတစ်ခုလုံးကို မင်း

ရာမရှိအောင် ဖျက်ဆီးပစ်လိုက်တာ”

နွေတမန်က ငိုရှိုက်ရင်း ရန်တွေ့လိုက်သည်။

မာန် မခံမရပ်နိုင်. . .။

“မဟုတ်ဘူး. . မဟုတ်ဘူး၊ မမကို ကျွန်တော် တကယ်

ချစ်တာပါ၊ မမဘဝ မနစ်မွန်းစေရဘူး မမသိက္ခာမကျစေရဘူး





ကျွန်တော်. . .”

နွေတမန် နားနှစ်ဘက်ကို ပိတ်လိုက်သည်။

“မပြောနဲ့တော့. . ဘာမှမပြောနဲ့၊ မင်းကို ငါမချစ်ဘူး

မုန်းတယ်. . မုန်းတယ်. . ”

နွေတမန် မာန်အားတိုးဝှေ့ပြီး အိပ်ခန်းရှိရာသို့ အပြေး

လွှား ထွက်ခဲ့သည်။

ယောက်ျားတစ်ယောက်ရှေ့၌ မျက်ရည်ကျပြရသည့်

ဖြစ်မျိုး မိမိတစ်သက်တာ၌ မမျှော်လင့်ခဲ့ပါချေ။

ယခုတော့. . .။

မိမိရင်ထဲမှ ဆန္ဒတို့သည် မာန်၏ ရှေ့မှောက်၌ ဝပ်စင်း

ရောက်ကွယ်ကုန်ပါလား။

မာန်က မိမိအား ရန်ကိုလက်ထပ်ခြင်းမှာ ဂုဏ်ပကာ

သန မက်မောခြင်းကြောင့်ဟု ထင်မြင်ယူဆနေမှတော့ မိမိ၏

ဆရှေ့ရေးသည် ရန်၏မိသားစုနှင့် အဝေးဆုံးသို့ ရောက်ရှိသွား


သည်ပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၂၁ )

မာန် နွေတမန်၏ တံခါးဝ၌ ရပ်လိုက်သည်။

"ညကလည်း ထမင်းမစားဘူး၊ ခုမနက်လည်း ဘာ စားရသေးဘူးနော်၊ မာန်လေး ကြည့်လုပ်ပါဦး၊ တော်ကြာ နေ ကောင်းဖြစ်နေဦးမယ်"

ဟု ဒေါ်နန်းက လှမ်းပြောလိုက်သည်။

မာန်စိတ်ရှုပ်သွားသည်။

ကိုယ့်လုပ်ရပ်သည် ဘယ်သူမှခွင့်မလွှတ်နိုင်သော လု





ဖြစ်သည်။

အချစ်ကို အေးစားပြတိုက်သလိုမျိုး တိုက်ယူ၍ မရမှန်း သိပါသည်။

သို့သော် ချစ်နေမိသည်ကို။

သောကဇောနှင့် တံခါးကိုပိတ်ရန် မေ့လျော့ပြီး ခုတင်ပေါ်၌ မှောက်ကာငိုနေသော နွေတမန်ကို လှမ်းကြည့်ပြီး စိတ်ချမ်းသာနိုင်အောင် ဖြစ်ရသည်။

"ရော့ . . သွားချော့ကျွေးလိုက်"

လေးနန်းလာပေးသော စားသောက်စရာဘန်းကို လှမ်းယူပြီး အိပ်ခန်းထဲသို့ ရဲရဲဝံ့ဝံ့ပင် ဝင်လိုက်သည်။

ခုတင်ဘေးနား မှန်တင်ခုံပေါ်၌ ဘန်းကိုလှမ်းတင်လိုက်သည်။

"မမ"

"ဟင် . . မင်း . . မင်း . . ဘာဝင်လုပ်တာလဲ"

နွေတမန်က ကမန်းကတန်း လူးလဲထလိုက်သည်။

ဝမ်းနည်းကြေကွဲမှုကြားက ကပိုကရိုဖြင့်လှနေသော နွေတမန်ကို မာန်က တောင်းပန်သောအပြုံးဖြင့် ပြုံးပြလိုက်သည်။

"မမ ဘာမှမစားရသေးဘူးဆို"

နွေတမန်က ခုတင်ပေါ်မှ ခြေချထိုင်လိုက်သည်။ မျက်ရည်များကို သုတ်လိုက်ပြီး မာန်အားကြည့်လိုက်သည်။

"တစ်ခုခုစားလိုက်ပါလား မမရာ၊ ပြီးမှ မမနဲ့ကျွန်တော် စကားတွေ ပြောကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



“မင်းနဲ့ငါ့ကြားမှာ . . ပြောစရာစကားမရှိတော့ဘူးလို့ ထင်တယ်”

“ဒီလိုဆို မမက ကျွန်တော်စီစဉ်တဲ့အတိုင်း အေးအေး ငြိမ်သက်စွာနဲ့ နေမယ်ပေါ့”

“ဝေးသေး အချိန်ရှိသေး လွတ်လမ်းရှာမယ်၊ အန် တို့ကို အမှန်တရား ရှင်းပြမယ်၊ လက်ခံတာ လက်မခံတာ သူ အလုပ်၊ ငါ့ဘက်ကတော့ ငါဟာ မျက်နှာများတဲ့ မိန်းမမဟုတ် ဘူး၊ အစ်ကိုနဲ့ စေ့စပ်ထားပြီးပါပြီလို့ လူသိရှင်ကြားဖြစ်နေ မိန်းမတစ်ယောက်က ညီနဲ့လိုက်ပြေးသွားတယ်တဲ့၊ ဘယ်မှာ ငါ့သိက္ခာ၊ မြောင်းထဲလုံးဝ ရောက်သွားပြီ၊ ဒါကို မင်းသိရဲ့လား”

“ရောက်ပါစေ၊ ရောက်သွားတဲ့ . . မမသိက္ခာကို ကျွ တော်ဆယ်ယူမှာပေါ့”

“ဘာ . . မင်းက မင်းရဲ့အလိုကိုပဲသိတယ်၊ သိက္ခာမရှိ မိန်းမတစ်ယောက်၊ သစ္စာမရှိတဲ့ မိန်းမတစ်ယောက်၊ ဖောက်ပြ တတ်တဲ့ မိန်းမတစ်ယောက်အနေနဲ့ ငါလူပုံအလယ် မျက်နှာ ဝှံအောင် မင်းလုပ်နေတာ၊ ဒါလား အချစ်၊ ဘာအချစ်လဲ ငါမ ဘူး”

မာန် ပြန်မပြောတတ်။

နွေတမန်က ပြတင်းပေါက်နား သွားရပ်သည်။ လိုက် ကာကိုဖယ်ကာ ပြင်ပကို ကြည့်လိုက်သည်။ သို့သော် အမြင် ရှိ၍ ပကတိအနေအထားအားလုံးကို မြင်တွေ့ပုံမပေါ်။

“မင်း ငါ့ကိုချစ်တယ်ဆိုရင် ငါ့ဘဝနစ်မွန်းသွားခြင်





င်းပြုလုပ်ရက်ပါ့မလား၊ မင်း ငါ့ကို မချစ်ဘူး၊ မင်းကိုမင်း ချစ် တာ၊ မင်းဟာ အစ်ကိုလက်ထဲက အရုပ်တွေကို လုယူလို့တောင် အားမရဘူး၊ လူကိုပါ လုယူချင်တဲ့အတ္တကောင် . . . တစ်ကိုယ် ကောင်းသမားပဲ”

မာန် စိတ်ကိုလျှော့လိုက်သည်။

ပြောပါစေတော့၊ ကိုယ်ကျူးလွန်ထားသည့် အပြစ်အ တွက် ဒီလောက်တော့ အပြောခံသင့်သည်။

မာန် မနာနိုင်ဘဲ နွားနို့ဖန်ခွက်ကိုယူကာ နွေတမန်နား ကပ်၍ . . .

“ကဲ . . လေတွေနည်းနည်းလျှော့ပြီး နွားနို့လေးသောက် လိုက်ဦး၊ ပြီးမှဆက်ပြော . . ”

“သွား . . . မင်း ငါ့ကိုလွှတ်ပေး”

“လွှတ်ပေးဖို့ ဖမ်းထားတာမှမဟုတ်တာ၊ ရော့ သောက် လိုက်ပါ မမရာ . . နော်၊ ရော့ . . ရော့ . . ”

မာန်က ချော့မော့ကာ နွေတမန်အား နွားနို့ဖန်ခွက်ကို ကမ်းပေးရန် ကြိုးစားလိုက်သည်။

“ ဖယ်စမ်း . . သွား၊ မသောက်ဘူး . . ”

နွေတမန်က ဆွဲယူကာ ပစ်ချလိုက်သည်။

“ချွင် . . ခလွမ် . . ”

“မမ . . ခင်ဗျားနော် ခင်ဗျား”

မာန် ဒေါကန်ပြီး နွေတမန်ပခုံးနှစ်ဘက်ကို ခပ်ကြမ်း ကြမ်း လှုပ်ယမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းလွှတ်နော်၊ ငါ့အသားကို မထိနဲ့"

"ထိအောင် ခင်ဗျားပဲလုပ်တာ"

"မင်းလို လူယုတ်မာကျွေးတဲ့ ထမင်းဟင်း ငါမစားဘူး မင်း. . ငါ့ကို မထိနဲ့၊ မင်းကို ငါခွင့်မလွှတ်နိုင်ဘူး၊ ဖယ်. . လွှတ်စမ်း"

"ကျုပ်. . ဘာယုတ်မာလို့လဲ"

"မိန်းမတစ်ယောက်ကို. . လှောင်ပိတ်ထားပြီး အကြွ ကိုင်နေတဲ့ လူမှမယုတ်မာရင် ဘယ်လိုလူမျိုးက ယုတ်မာသလဲ ဖယ်ကွာ"

"မဖယ်ဘူး၊ ခင်ဗျား စကားတွေပြင်ပြောစမ်း"

"မပြောဘူး၊ မင်း. . မင်းမယုတ်မာနဲ့ လွှတ်စမ်း၊ ငါ့ မထိနဲ့. ."

"ထိတယ်ဗျာ. . ထိတယ်၊ ခင်ဗျားကို ချစ်လွန်းလို့ မ ပြီ" ရက် မနမ်းရက်တာ ခင်ဗျား ကျုပ်ကို လူယုတ်မာလို့ထင်မှတော့ ယုတ်မာမယ်ဗျာ၊ ဘာဖြစ်လဲ. . ကဲ. ."

မာန်က စိတ်ကိုလွှတ်ပေးလိုက်သည်။ နွေတမန်၏ ပုတ်နေသော မျက်နှာပြင်ကို နမ်းရှိုက်ရန် ကြိုးစားလိုက်သည်

နွေတမန် အားကုန်ရုန်းကာ ရှောင်ရှားပြီး မာန်၏ပါးပြင် ကို အားကုန်ရိုက်ချလိုက်သည်။

"ဖြန်း"

မာန်၏ ဘယ်ဘက်ပါးပြင်တစ်ခုလုံး ထူပူသွားသည်။

နွေတမန် မာန်အနီးမှ ဖြတ်ပြေးလိုက်သည်။





"အား"

နွေတမန် ဖန်ကွဲစများ စူးနစ်ဝင်သွားလေသည်။

နွေတမန် ခွေခနဲ ယိုင်ထိုးသွားသည်။

မာန်က လှမ်းထိန်းလိုက်သည်။ နွေတမန်၏ ခြေဖဝါး အောက်မှသွေးများ ရွှဲနစ်၍ စီးထွက်လာသည်။ နွေတမန်သည် နာကျင်မှုကြောင့် အသားများ တဆတ်ဆတ်တုန်ယင်လာသည်။ နှုတ်ခမ်းကိုတင်းတင်း ကြိတ်ထားလိုက်သည်။

မာန် မကြည့်ရက်။ နွေတမန်၏ ဝေဒနာသည် သူ့အား ထုံးစက်စေသည်။

နွေတမန်အား ဇွေ့ခနဲပွေ့ချီကာ ဖန်ကွဲစများကို ရှောင် ရှားပြီး ခုတင်ပေါ်တင်လိုက်သည်။

"လေးနန်းရေ ဖန်ကွဲစတွေ အမြန်ဆုံးလာသိမ်းပေးပါ ဦး"

မာန် ပြာယာခတ်ရသည်။

သူ့အိပ်ခန်းသို့ပြေးကာ ဆေးသေတ္တာလေးကိုယူပြီး နွေ တမန်အနီး ထိုင်ချလိုက်သည်။

ခြေဖဝါးကို သူ၏ပေါင်ပေါ်တင်ကာ ကြည့်လိုက်သည်။ ဖန်ကွဲစများ စူးဝင်နေသည်။ ညာဘက်က ပိုများပြီး ဘယ်ဘက် က အနည်းငယ်သော ဖန်စများကို ဆွဲနှုတ်သည်။

"အား"

"သိပ်နာနေလားဟင်"

နွေတမန် တုံ့ပြန်မှုမပေး။ ခေါင်းငုံ့ချထားသည်။ သို့



www.burmeseclassic.com

www.burmeseclassic.com



သော် မျက်ရည်ပေါက်များက တစ်ပေါက်ချင်းကျနေသည်။

မာန် ရင်ထဲနာကျင်စူးရှလျက်. . .

အရက်ပြန်နှင့် ဂွမ်းစတို့ကိုယူပြီး နွေတမန်၏ ခြေဖဝါးဒဏ်ရာများကို ဆေးကြောလိုက်သည်။

အသံမထွက်ဘဲ အံကြိတ်ခံနေသော နွေတမန်ကို ငေးကြည့်လိုက်သည်။

ဖြူဖျော့နေသော နွေတမန်. . တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်ရာမှ. . .

"မူး. . မူး. . မူးတယ်"

နွေတမန် အိပ်ရာပေါ်သို့ လဲကျသွားသည်။

မာန် ဘာလုပ်ရမှန်းမသိ။

နွေတမန်ကို အနေအထားမှန်စေရန် ရွှေ့ပေးပြီး. .

"လေးနန်း မောင်ထူးကို လှမ်းခေါ်လိုက်ပါဦး ဆရာဝန်တစ်ဦး အမြန်ဆုံးသွားပင့်ပါလို့"

"အေးအေး ယပ်ခတ်ထား၊ ရှူဆေးလေး နှာဝတော့ထားပေး"

လေးနန်းက သူ့ကိုစိတ်မချသဖြင့် လှမ်းမှာရင်း. .

"ဟဲ့. . သော့သော့"

"ခေါင်းအုံးအောက်မှာ"

မာန် နွေတမန် မျက်နှာမှ ချွေးစလေးများကိုသုတ်ပြီး နှာခေါင်းဝသို့ ရှူဆေးလေး တို့ထိပေးလိုက်၊ ယပ်ခတ်လိုက်နှင့် အလုပ်ရှုပ်သွားသည်။





ဖြူဖတ်ဖြူရော်နှင့် ပိုးဟပ်ဖြူတစ်ကောင်လို ဖြစ်နေသည်။

မာန် လက်မြှောက်အရှုံးပေးရတော့မည်လား။

ရင်ထဲက စူးစူးရှရှ နာကျင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၂၂ )

နွေတမန် သတိရလာသည်။

အိပ်မက်ဆိုးတစ်ခု မက်နေဆဲပါလားဟု မိမိနံဘေးတွင် ဒရင်းဘတ်ခင်းပြီး အိပ်ပျော်နေရှာသောမာန်ကို တွေ့လိုက်သော ကြောင့်ဖြစ်သည်။

ဆရာဝန် ရောက်လာသည်။ အသားဆေး၊ အကြော ဆေးထိုးပေးသည်။ အနာများကို ဆေးထည့်သည်။ ဒါကိုသိပြီး နောက် ပြန်အိပ်ပျော်သွားခဲ့သည်။





နွေတမန် အသာထလိုက်သည်။ ခြေထောက်နာကျင်မှု က အသည်းသို့ခိုက်အောင် နာကျင်စေသည်။

အပေါ့အပါး သွားချင်သည်။

အားယူကာ ထလိုက်သည် ။

"ကျွတ်"

နာကျင်မှုကြောင့် စုတ်တစ်ချက် သပ်လိုက်မိသည်။

"ဟင်. . မမ နိုးပြီလား ဘာလုပ်မလို့လဲ၊ အပေါ့သွားမ လို့လား"

နွေတမန် စိတ်ညစ်သွားသည်။ သူ မသိစေချင်ကာမှ သူကနိုးရတယ်လို့. . ။

"နေနေ. . မမ၊ ကျွန်တော် ပို့ပေးမယ်"

"အို. . ရတယ်၊ နေနေ. . မင်းသူငယ်ချင်း ဆွေဆွေကို ခေါ်လိုက်ပါ"

"မဟုတ်တာ. . မရှက်ပါနဲ့၊ ကိုယ့်မောင်တစ်ယောက်လို သဘောထား"

ရေချိုးခန်းနှင့် အိမ်သာတွဲလျက် အခန်းတံခါးကိုပိတ် ပေးပြီး သူကျောခိုင်းပြီး စောင့်ဆိုင်းနေသည်။

နွေတမန် တံခါးကိုအသာ တွန်းဖွင့်လိုက်သည်။

"နေ. . နေ၊ တို့. . လျှောက်နိုင်ပါတယ်"

"မဟုတ်ဘူး၊ ဒေါက်တာက မှာသွားလို့၊ ခြေထောက်ခ ထောက်နဲ့ဦးတဲ့၊ အနာတော်ရုံနဲ့ မကျက်ဘဲနေမယ်၊ တ[illegible]နိုင်သ ရှု လဲလျှောင်းနေဖို့မှာသွားလို့ပါ မမရာ"



www.burmeseclassic.com

www.burmeseclassic.com



"မမ ထမင်းစားတော့နော်၊ ကျွန်တော် ထမင်းစားခန်း
ခေါ်သွားမယ်"

နွေတမန် ရင်ခုန်အောင် သူပြုစားနေသလား၊ မိမိရဲ့
အိပ်မက်ထဲ၌ မိမိထက်ငယ်ရွယ်သော ယောကျာ်းတစ်ဦးကို အား
ကိုးအားထားပြုရလိမ့်မည်ဟု လုံးဝမမက်ခဲ့ပါချေ။

ယခုတော့ . . .

"လေးနန်း ဟင်းချိုနွေး"

မာန်တစ်ယောက် ပျာယာခတ်နေလေပြီ ။

"ဒေါက်တာက မမကိုအားနည်းနေတဲ့အချိန်မှာ ဒဏ်ရာ
ကလည်းရ၊ သွေးထွက်လည်းများလို့ မူးမေ့သွားတာတဲ့၊ သွေး
အားကောင်းအောင် အစာများများ ပြန်စားရမယ်"

မာန်က ဟင်းများကို ကိုယ်တိုင်ခပ်ထည့်ပေးသည်။

"မာန်လေး၊ သားပါ တစ်ခါတည်း ဝင်စားလိုက်လေ"

ဒေါ်နန်းက ဟင်းချိုလာချပေးရင်း ပြောလိုက်သည်။

နွေတမန် မာန်အား လှမ်းကြည့်လိုက်သည်။ အကြည့်
ချင်း ဆုံသွားသည်။ မာန်က ချက်ချင်းမျက်နှာလွှဲကာ . . .

"မမ လွတ်လွတ်လပ်လပ် စားပါစေ၊ ကျွန်တော်ကြောင့်
အနှောင့်အယှက် ဖြစ်နေပါ့မယ်"

ဟုပြောပြီး နေရာမှထွက်သွားလေသည်။

နွေတမန် မိမိကိုယ်မိမိ အားမလိုအားမရ ဖြစ်မိသည်
စိတ်ရောလူပါ ပျော့ညံ့လွန်းသည်။

မာန်လို တဇွတ်ထိုးတဇောက်ကန်း လူတစ်ယောက်





လွယ်လွယ်နှင့် အရှုံးပေးရတော့မည်လား။

ထမင်းကို အေးဆေးစွာစားလိုက်သည်။ သောကလုံးက
ဆို့နင့်နေမှုကြောင့် များများစား၍မရ။

မိမိစားပြီးချိန်မှ မာန်ရောက်လာသည်။

"တို့ကို အိမ်ရှေ့ပို့ပေး"

မာန် ထမင်းမစားရသေးဘူး သိထားသဖြင့် သူ့အား
ထမင်းစားစေချင်သည်။ သူ့နား၌ ကြာရှည်စွာမနေချင်။

ထို့ကြောင့် ဧည့်ခန်းသို့ ပို့ခိုင်းလိုက်သည်။

သူက . . မိမိကို ကလေးတစ်ယောက်လို စွေ့ခနဲ ပွေ့ချီ
လိုက်တိုင်း သူ့မျက်နှာကို မကြည့်မိစေရန် ကြိုးစားရသည်။ သူ၏
ရင်ခုန်သံကို ကြားနေရလျက် မိမိ၏ရင်ခုန်သံနှင့် မရောယှက်
အောင် သတိထားရသည်။

ခက်နေပြီ။ နွေတမန် ဒါကို အချစ်လို့မထင်ပါနဲ့။

သာယာမှုတစ်ခု ဖောက်ပြန်မှုတစ်ခုပါ။ အချစ်ကို . . .
တရားသောနည်းလမ်းဖြင့် မယူချင်တဲ့ယောကျာ်း၊ အစ်ကိုအပေါ်
သစ္စာမရှိသော ယောကျာ်းတစ်ယောက်ရဲ့ အချစ်ကို အချစ်စစ်
ပါဟုထင်လျှင် မှားသွားပေလိမ့်မည်။

သုံးယောက်ထိုင် ရေမြှုပ်ဆက်တီရှည်ကြီးပေါ်၌ သူချ
ထားလိုက်သည်။ ကြိမ်ခုံဝိုင်းလေးကို ရှေ့၌ချပြီး ခြေထောက်ထိုး
တင်ပေးလိုက်သည်။

နွေတမန် မာန်၏ အပြစ်ကင်းစင်သော မျက်နှာ
ကြည့်မိသည်။ သူဘာမှအပြစ်မရှိသည့်အတိုင်း ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လင်ပင်. . ။

မိမိထိုးလက်စ သိုးမွှေးခြင်းလေးကို ယူပေးလိုက်သည်။

"ဒီသိုးမွှေးအကျီက ဘယ်သူ့အတွက်ထင်သလဲ"

"ကိုကို့အတွက်ဆိုတာ ကျွန်တော်သိပြီးသားပဲ"

"မင်း မနာလိုမဖြစ်ဘူးလား"

"မမကလွဲရင် အရာရာဟာ အသေးအမွှားပဲ၊ မမကို ပိုင်ဆိုင်ခွင့်ရသွားရင် ကျွန်တော့်ဘဝဟာ ပြီးပြည့်စုံသွားပြီလို့ ထင်တယ်"

"ကဲပါ. . ထမင်းသွားစားတော့၊ ပြီးမှ စကားပြောမယ်"

နွေတမန်က သွေးအေးသော ဤသတ္တဝါလေးကို သွေးအေးစွာ တုံ့ပြန်နိုင်ရန် စဉ်းစားလိုက်သည်။ မပေါက်ကွဲမိစေရန် သတိထားလိုက်သည်။ ပေါက်ကွဲသွားပါက အရှုံးနှင့်ရင်ဆိုင်ရမည် များသည်။ လောလောဆယ်ကြည့် ခြေထောက်ဒဏ်ရာရသည့်စိတ်သွားတိုင်း ကိုယ်မပါတော့၊ ယခုနေ ပြေးဖို့အခွင့်အရေးရှိ လျှင်တောင်မှ ထမပြေးနိုင်သောဘဝ။

မာန် မိဘများကို အကြောင်းကြားပြီးပြီ ဆိုသည်မှာ ဟုတ်ပါရဲ့လား။ မာန် ဘာလုပ်သည်ကို မိမိမှ မသိနိုင်ဘဲ။

အကျီခါးစည်းကို လက်စသပ်လိုက်သည်။ လည်ပင်းကွပ်ရန်နှင့် လက်ကွပ်ရန်သာ ကျန်တော့သည်။

"မမ ဘာပြောချင်သလဲ"

မာန်သည် သစ်တော်သီးကို အင်မတန်ကြိုက်ပုံရသည်။ ရန်ကုန်အိမ်မှာလည်း အခွံခွာပြီး အလုံးလိုက်ရေဆေးကာ ထ





ကျွတ်ကျွတ် တဂွပ်ဂွပ် ဝါးနေတတ်သည်။

ယခုလည်း ထို့အတူပင် သစ်တော်သီးစားရင်း မိမိနှင့် ချက်နှာချင်းဆိုင်တွင် ဝင်ထိုင်ပြီး မေးလိုက်သည်။

"မင်း ရန်ကုန်ကို ဖုန်းဆက်တော့ ဘယ်သူနဲ့တွေ့သလဲ"

"ဖေဖေကော မေမေကော၊ နှစ်ယောက်စလုံးနဲ့တွေ့တယ်"

"မင်း ဘာပြောလိုက်သလဲ"

"ပထမဦးဆုံးက ဖေဖေတွေ့တယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါနဲ့လို့ နိဒါန်းခံပြီး မမကိုကျွန်တော်ချစ်နေလို့ ခိုးပြေးသွားပြီလို့ ပြောလိုက်တယ်၊ ဒီမှာ. . ဖေဖေကပေါက်ကွဲပြီး မင်းကိုငါ သတ်မယ်၊ ခုဘယ်မှာလဲဆိုပြီး ပွက်လောရိုက်ပါလေရော"

နွေတမန် ဦးကျော်ဝေ၏ ဒေါသကို မြင်ယောင်မိကာ ပြုံးယောင်သန်းမိသည်။ မာန်အပေါ် အကောင်းမပြောသော်လည်း ဟိုကောင်ပြန်ရောက်လာပြီလား၊ အိပ်နေတုန်းလားဟု အမြဲမေးတတ်သလို နေမကောင်းတုန်းကလည်း ဆရာဝန်ကို ချက်ချင်းခေါ်ခိုင်းပုံတို့ကို ပြန်လည်မြင်ယောင်မိလေသည်။

"ဒီတော့. . မေမေက လုကိုင်ပြီး စာရင်းစစ်ပီသစွာနဲ့ စစ်ဆေးတော့တာပဲ၊ သား ဘယ်ကဆက်တာလဲတဲ့၊ ကလောက သို့လိမ်ပြောလိုက်တယ်"

"ဟင်. . ကလောမဟုတ်ဘူးလား"

"မဟုတ်ဘူး. . အောင်ပန်းမြို့ခင်ဗျ၊ မမတို့ကို ထမင်သိမ်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း အဘယ်ချိန်ကတည်းက ကြိုတင်ကြံစည်ထားတာလဲ"

မာန်ကပြုံးကာ သစ်တော်သီးအစေ့ကိုထုတ်ပြီး လက်သွားဆေးသည်။ လက်သုတ်ပြီးမှ. . .

"ဘွားဘွားဆီက ကလောအိမ်ပြင်မယ်ဆိုပြီး. . . ငွေတောင်းတဲ့အချိန် မှတ်မိလား"

"အင်း"

"အဲဒီအချိန်မှာ ကလောခြံကိုရောင်းပြီး အောင်ပန်းမှာဝယ်ပြီးသား. . အဲဒီမှာ တမင်လျှို့ဝှက်လိုက်တာ၊ အဲဒီတည်းကကြိတ်ပြီး ဆင်ကြံကြံနေတာ"

"ကိုယ့်ဂုဏ်ပုဒ်တွေကိုလည်း သိသားနဲ့"

"ပြောပြီးသားပဲ၊ ကျွန်တော်ဟာ လူကောင်းမဟုတ်ပါဘူးလို့"

"ကဲပါ အန်တီဘာပြောသလဲ"

"နွေက သဘောတူသလားတဲ့ မေမေကမေးတယ်"

နွေတမန် စိတ်လှုပ်ရှားစွာဖြင့် မာန်အားကြည့်လိုက်သည်။

မာန်သည် ပုံပြင်တစ်ပုဒ်ကို ပြန်ပြောပြနေသော. . ကလေးတစ်ယောက်နှင့် တူနေသည်။

"ကျွန်တော် ဒါကျတော့ အမှန်အတိုင်းပဲ ပြောလိုက်ပါတယ်"

"သဘောမတူလို့ အိမ်ထဲမှာလှောင်ပိတ်ပြီး ထားထား





ယ်၊ ကြိုးစားရဦးမှာပါလို့"

"ဟုတ်ရဲ့လား၊ မင်းဒီအတိုင်းပြောတယ်ဆိုတာ ဟုတ်ရဲ့ား"

"ညာတာ တစ်ခုပဲရှိတယ်၊ ကလောဆို လိုက်လာရင်တ်ချင်းတွေ့မှာစိုးလို့ လမ်းလွှဲပေးလိုက်တာ တစ်ခုပဲရှိတယ်၊ န်တာတွေတော့ အမှန်အတိုင်းပဲ ပြောတယ်"

နွေတမန် သက်ပြင်းချလိုက်သည်။ လွယ်မယောင်နှင့်ခဲနေသည့် အချစ်ရေးနှင့် အိမ်ထောင်ရေးကို မိမိနားမလည်အောင် ဖြစ်ရသည်။ မာန်ကို မိမိမုန်းမရပါ။ မုန်းမရရုံတစ်ခုလည်း အချစ်မဖြစ်နိုင်။ အချစ်စစ်စစ်ကို မိမိလိုချင်သည်။ ထံမှ အချစ်စစ်စစ်ကို ရနိုင်မလား။ မိမိကကော ရန်အားချစ်စစ်ပေးနိုင်မည်လား။

"အန်တီ ဘာထပ်မေးသေးသလဲ"

"လက်ထပ်စာချုပ် ချုပ်ပြီးပြီလားတဲ့"

စာချုပ်ဆိုမှ နွေတမန် ဖျတ်ခနဲသတိရလိုက်သည်။ မာန်း ထိတ်လန့်တကြားကြည့်လိုက်သည်။

"မင်း ဘာပြောလိုက်သလဲ၊ ဟိုနေ့ကစာချုပ်က"

မာန်က မိမိအားပြုံးကာ. . .

"ဟုတ်တယ် ဟိုနေ့ကစာချုပ်က လက်ထပ်စာချုပ်ပဲ. . မေကို ဟုတ်ကဲ့ညာပြီး လက်မှတ်ထိုးခိုင်းထားပြီးပြီလို့ အမှန်တိုင်းမပြောပါဘူး၊ မထိုးရသေးဘူးလို့ပဲ"

"မင်း. . လူလိမ်လူညာ လူယုတ်မာ၊ မင်း. . မင်းကို ငါ



www.burmeseclassic.com

www.burmeseclassic.com



မုန်းတယ် ”

“ မုန်းလေ ရပါတယ်၊ ကျွန်တော်ကတော့ ချစ်နေမှာပဲ
လိမ္မာတယ်ပြောရအောင် မမကို စာချုပ်မှာ လက်မှတ်ရေးထိုး
ခိုင်းတုန်းက ကျွန်တော်ဘာပြောသလဲ၊ အလုပ်ကိစ္စအတွက် အ
ရမ်းအရေးကြီးတယ်၊ စာတော့ မစီရသေးဘူး၊ လက်မှတ်ထိုးပေး
ပါ မမရယ်လို့လေ”

ရောက်ခါစနေ့က သူအပြင်ထွက်ခါနီး မိမိအား စာသား
များ မပါဘဲ ခေါင်းကပ်မှတ်ပုံတင်ပြီးသား စာချုပ်တစ်စောင်
ကမန်းကတန်း လာထိုးခိုင်းသည်။

“မမရာ. . ကျွန်တော် အလုပ်ကအရမ်းရေးကြီးတယ်
သွားလုပ်ရဦးမယ်၊ မမလက်မှတ်ထိုးပေးပါဦး. . စာတောင်မစီ
သေးဘူး၊ ဒီနေရာလောက်မှာသာ လက်မှတ်ထိုးလိုက်”

ဟုသာပြောပြီး လက်မှတ်ထိုးခိုင်းခဲ့သည်။ မိမိက သူ
တစ်ပါးကို မိမိစိတ်ဖြင့်နှိုင်းယှဥ်ကာ မမေးမမြန်းဘဲ အေးအေး
ဆိုကာ သူပြသောနေရာတွင် လက်မှတ်ရေးထိုးခဲ့သည်ကို သတိ
ရလိုက်သည်။

“ဒီစာချုပ်နဲ့ မမကို ကျွန်တော်အနိုင်မကျင့်ပါဘူး၊ စိတ်
ချပါ မမအတွက်ပါ”

“ဘာ မမအတွက်လည်း၊ မင်းသာ. . ငါ့အတွက်ကြည့်
တယ်ဆိုရင် ငါ့ကိုဒီလိုလုပ်စရာလည်း မလိုဘူး၊ ငါ့ကိုချစ်ဖို့လည်း
မကြိုးစားသင့်ဘူး၊ ငါ့ဘဝဟာ ခရောင်းလမ်းပါ၊ ခုမှ ပန်းခင်းလ
ကိုလျှောက်လှမ်းခါစ ရှိပါသေးတယ်၊ မင်းက ဆူးခင်းလမ်းကို





ရက်တယ်၊ ဒါလား. . အချစ်”

မာန်က မိမိအားစေ့စေ့ကြည့်ကာ. . မထိမဲ့မြင် ပြုံးပြ
သည်။

“အချစ်မှာ မျက်စိမရှိဘူးဆိုတာ မှန်ပါတယ်. .၊ အမှန်
တော့ ခင်ဗျားလို ဂုဏ်မက်ငွေမက်တဲ့ မိန်းမမျိုးကို ကျွန်တော်
ချစ်သင့်ဘူး၊ ကျွန်တော့်မေတ္တာနဲ့ ခင်ဗျားမထိုက်တန်ဘူး”

“ဘာ”

“ကျွန်တော့်လို ဘွဲ့မရသေးတဲ့ကောင်ထက်စာရင် ကိုကို့
အခြေအမြစ်ခိုင်မာပြီး သူဌေးစာရင်းဝင်တဲ့လူမျိုးကို ရွေးချယ်
တဲ့မိန်းမမျိုးထဲမှာ ခင်ဗျားပါဝင်လိမ့်မယ်လို့ ကျွန်တော်လုံးဝထင်
မထားခဲ့ဘူး”

“အေးလေ. . ခုသိပြီမဟုတ်လား၊ သိရင် မင်းနောက်
ဆုတ်လိုက်ပေါ့၊ ချစ်ဖို့မကောင်းတဲ့မိန်းမစား ငါ့ကို မင်းဘာဖြစ်
ဆက်ချစ်နေချင်ရတာလဲ”

မိမိ၏ ခပ်အေးအေးတုံ့ပြန်လိုက်မှုကြောင့် မာန်ငိုက်ကျ
သွားသည်။

“ကဲပါ ရန်မဖြစ်ချင်ဘူး အန်တီဘာပြောသေးသလဲဆို
တာ ဆက်ပြောပါဦး”

“မေမေ ပြောပြချက်အရ ကိုကို ဖိန်းနွဲခါ ရောက်မယ်၊
ရောက်ခင် ရောက်အောင်ပြန်လာကြဖို့. . ပတ်ဝန်းကျင်မသိ
အောင် ဆက်လက်ထိန်းထားမယ်တဲ့၊ ကျန်တာတွေတော့ မြန်
မာ့ကို ဆုံးမတဲ့စကားတွေပေါ့”



www.burmeseclassic.com

www.burmeseclassic.com



နွေတမန် သိုးမွေးကို ဆက်ထိုးလိုက်သည်။

“မနက်ဖြန်ပြန်ရင် အချိန်မှီပါတယ်၊ ခြေထောက် ဒဏ်ရာနဲ့ဆိုတော့ ပိုပြီးသက်သေပြလို့ ကောင်းပါတယ်၊ လေးနှ က သက်သေပါ၊ မမအပေါ်မှာ ကျွန်တော်အသည်းနင့်အော ချစ်မိတယ်၊ မမရဲ့မျက်လုံးတွေဟာ ကြည်လင်ပါတယ်၊ မမမျ နှာလေးဟာ လရောင်လိုပဲ အေးချမ်းတယ်၊ မမပါးစပ်ကထွ လာတဲ့ စကားတွေကိုတော့ ကျွန်တော်ရွံ့တယ်၊ ဂုဏ်ပကာသ ကို နှလုံးသားနဲ့ ဖလှယ်တတ်တဲ့မိန်းမတွေကို ကျွန်တော်ရွံ့တ မမစဉ်းစားပါ။ မမကို ကျွန်တော် လုပ်ကျွေးနိုင်ပါတယ်၊ ခုဆို ကျွန်တော်ရဲ့ အိမ်မြေကားဝယ်ရောင်းနဲ့ ဒီအိမ်ရယ် ရန်ကုန် ထဲက တိုက်ခန်းတစ်ခန်းရယ်၊ လိမ္မော်၊ သစ်တော်နဲ့ လက်ဖက် တစ်ခြံကို ဝယ်ထားနိုင်ပါပြီ၊ မမကို ကျွန်တော်ခြံစိုက်ကျွေး ပါတယ်၊ ဒီမြို့လေးနဲ့ ဒီဒေသလေးဟာ ငြိမ်းချမ်းတယ် မမ မ ဘူးလားဟင်”

နွေတမန် မာန်၏ နုငယ်သော မျက်နှာလေးကို ကြည့်မိသည်။

မာန် အားတက်သရောပြောနေမှုက မိမိနှလုံးသား နက်ရှိုင်းစွာ ဝင်ရောက်လာလေသည်။ မာန်က ဆက်၍. . .

“မမ မျှော်မှန်းတဲ့ မိသားစုဘဝလေးကို ကျွန်တော် တီးပေးနိုင်ပါတယ်၊ နှင်းဆီကုမ္ပဏီပိုင်ရှင်ရဲ့ဇနီး သူဌေးကတေ ကြီးရဲ့ ဘဝမျိုးကိုတော့ ကျွန်တော်မပေးနိုင်ပေမယ့် သောက အေးချမ်းသာယာတဲ့ မိသားစုဘဝလေးကို ကျွန်တော်အကော





း ဖန်တီးပေးနိုင်ပါတယ်၊ ကျွန်တော့်အချစ် ကျွန်တော့်မေတ္တာ ကြောင့် မမရဲ့ဘဝဟာ လှုံ့ခြုံနွေးထွေးစေရပါမယ်လို့ ကျွန်တော် ကတိပေးပါတယ် မမ၊ ကျွန်တော့်ကိုယုံပါ”

နွေတမန် ယုံချင်ပါသည်။

သို့သော် မာန်ကိုမယုံရဲ။

“မမ ဘာဖြစ်ချင်သလဲ”

“မင်းခိုးပြေးခြင်းကို မခံရသေးတဲ့ လက်ရှိအနေအထား ွန်ခဲ့သော နှစ်ရက်ခန့် အနေအထားအတိုင်း ပြန်ရောက်ချင် တယ်၊ တို့တွေလုပ်ငန်းအပြီး ရန်ကုန်ပြန်ကြတဲ့အတိုင်းပေါ့”

“ဒီလိုဆို မမ ကိုကိုကို့ယူမှာလား”

မာန်က ထိတ်လန့်တကြား မေးလိုက်သည်။

“ဒါကိုလည်း တို့ တပ်အပ်သေချာမပြောနိုင်ဘူး၊ ရန်ကို ြင်တဲ့အချိန်မှာ တို့ရင်ထဲမှာ တစ်ခါမှမဖြစ်ပေါ်ဖူးသေးတဲ့ အချစ် ဖြစ်ပေါ်ခဲ့ရင်တော့လည်း”

“တော်ပါပြီဗျာ၊ မိန်းမတွေဟာ အားလုံးအတူတူကြီးပါ ဒီမိဘနှစ်ပါးက ပေါက်ဖွားတဲ့ လူချင်းအတူတူ ကျွန်တော်ကို ချစ်ဘဲ ရန်ကို ချစ်မယ်ဆိုတော့”

“မင်းထင်ချင်သလိုထင်လေ မင်းတို့ယောကျ်ားသဘော ကို ငါနားမလည်သလို၊ ငါတို့မိန်းမသားတွေရဲ့ သဘောထားကို သည်း မင်းနားလည်မှာ မဟုတ်ဘူး၊ ငါအလိုချင်ဆုံးက အချစ် ငါ့အပေါ်မှာ သိပ်ချစ်တတ်ပြီး. . ငါ့ဘဝတစ်ခုလုံးကို စိုးမိုးနိုင်တဲ့ လူတစ်ယောက်၊ ငါကလည်း သိပ်ချစ်တဲ့လူတစ်ယောက်ပေါ့၊ အဲ



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပြောရင် အချစ်ကို ရှေ့တန်းတင်တဲ့ မိန်းမအနေနဲ့ ငါ့ကိုတဲ့ ဦးမှာလား”

“ဟာဗျာ မမကိုကျွန်တော် လိုက်မမီတော့ဘူး၊ ကဲ မမစဉ်းစားပါ၊ ဒီတစ်နေ့နဲ့တစ်ညဟာ စဉ်းစားချိန်ပဲ၊ မနက်ဖြ မနက် ဆုံးဖြတ်ချက်တစ်ခုကို ကျွန်တော်ပေးမယ်၊ ခုလောလော ဆယ် မမ အိပ်ချင်ပြီလား၊ လျှောက်မသွားရဘူးနော်၊ ကျွန်တော် အိပ်ချင်လို့ ခဏအိပ်မယ်”

ပြောပြောဆိုဆိုဖြင့် ဒရင်းဘတ်ကို မယူလာပြီး ညှော် တစ်နေရာတွင် ချကာအိပ်စက်လိုက်သည်။


မာန်ကိုကြည့်ပြီး နွေတမန် ခေါင်းခါရမ်းလိုက်မိသည်။

တကယ့်ကို သွေးအေးအေးနှင့် တဇွတ်ထိုးနိုင်သည့် ဓ လေးတစ်ယောက်လိုပါပဲလားဟု။

ကလေးတစ်ယောက်ကိုချစ်သော အချစ်ကိုတော့. . . ထောင့်ငါးရာနယ်ပယ်သို့ ကူးပြောင်းချစ်နိုင်မလား။







## အခန်း ( ၂၃ )

“မနေ့က မိုးသည်းသည်းရွာသလောက် ဒီနေ့တော့လည်း ကြည့်စမ်းပါဦး လေးနန်းရယ် လကြီးက သာလိုက်တာနော်၊ လရောင်အောက်မှာ လမ်းလျှောက်ချင်လိုက်တာ. . ခြေထောက်ကလည်းနော်”

နွေတမန်၏ အမှတ်မထင် ညည်းညည်းညူညူအသံလေးက မာန်၏ နှလုံးသားကို ထိရှသွားသည်။

မာန်၏အချစ်ကို မာန်ထုတ်ဖော်မပြတတ်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



မာန် နွေတမန်ကို နှစ်နှစ်ကာကာ ချစ်သည်။

သူ့မျက်နှာလေးကို မာန်အမြတ်တနိုး ကြည့်ချင်သည်။

မာန်အနားမှာ သူအမြဲရှိစေချင်သည်။

သူ့ဘဝတစ်ခုလုံး မာန်ကြောင့် ပြုံးပျော်စေချင်သည်။

မာန့်ရင်ခွင်၌ သူ့ကိုထာဝရ ထွေးပွေ့ထားချင်သည်။

ဒါတွေကို သူနားလည်ဟန်မတူ။

မာန် တံခါးဖွင့်လိုက်သည်။

ထောပတ်သီးပင်အောက်ရှိ ခုံတန်းလျားလေးရှိနေသည်။ ဆေးဖြူသုတ်ထားပေးသည်။ အောက်ခြေ၌လည်း ရှင်းနေသည်။ သို့သော် ခြင်ဆေးခွေ သုံးခွေညှိကာ ခုံတန်းလျားအောက်ခြေ၌ ချ၍ထားလိုက်သည်။

မာန်လုပ်သမျှကို နွေတမန်က တစ်ခွန်းမှမပြောဘဲကြည့်နေသည်။ အကဲခတ်နေသည်။

မာန် ညှော့ခန်းကိုပြန်လာပြီး သူ့ကိုပွေ့ချီတော့. . .

"ဘာလုပ်မလို့လဲ"

"လရောင်အောက်ရဲ့အရသာကို အပြည့်အဝခံစားကြမယ်လေ"

မာန် ရင်တွေလှုပ်ရှားနေသည်။ သူ့ကိုပွေ့ချီသည့်အခါတိုင်း မာန် စိတ်ရိုင်းကို မနည်းချုန်းအုပ်ရသည်။ အသန့်စင်ဆုံးသော နမ်းရှိုက်မှုကလေးတော့ ပြုချင်သည်။ ဝါညက်တင်းပြည့်နေသော မမရဲ့ပါးပြင်နှစ်ဘက်၌ အနမ်းဦးလေးတွေ ခြွေချချင်သည်။





မာန် သက်ပြင်းချကာ ခုံတန်းလျားလေးပေါ်၌ တင်ပေးလိုက်သည်။ ပြီးတော့. . တစ်ဖက်စွန်း၌ ဝင်ထိုင်လိုက်သည်။

"မာန်"

". . . . . . . . ."

"ကျေးဇူးတင်ပါတယ်"

"ဘာဖြစ်လို့လဲ"

"တို့ဖြစ်ချင်နေတဲ့ဆန္ဒလေးကို မင်းဖြည့်စွက်ပေးတဲ့အတွက်ပေါ့၊ တို့က လရောင်ကို သိပ်နှစ်သက်တာ"

"ဟုတ်လား၊ ဒီလိုမှန်းသိရင် ကျွန်တော့်နာမည်ကို လရောင်လို့ မှည့်ပါလို့ အမေ့ကိုဗိုက်ထဲမှာကတည်းက လှမ်းပြောလိုက်ပါတယ်"

မာန် သူ့ကိုပျော်စေချင်သောဆန္ဒဖြင့် တမင်အရွှမ်းဖောက်လိုက်ခြင်းဖြစ်သည်။

သို့သော် သူကမရယ်ဘဲ မိမိအား စေ့စေ့ကြည့်လျက်ရှိသည်ကို မာန်ခံစားသိရှိနေသည်။

"မာန်ရယ် တို့ကို လွတ်လပ်ခွင့်ပေးပါ၊ တို့ဘဝကိုတို့ပဲပိုင်စိုးချင်တယ်"

"ကျွန်တော့်ကို ချစ်မလာနိုင်ဘူးလို့ မမစိတ်ထဲထင်နေသလား"

"ဟုတ်တယ်၊ တို့ဟာ ငယ်ငယ်ကတည်းက လရောင်ကိုအဖော်ပြုပြီး နေခဲ့ရသူပဲ၊ အရွယ်ရောက်လာတော့ လရောင်ကိုချစ်တတ်လာတယ်၊ လရောင်အောက်မှာပဲ တို့စိတ်ကူးယဉ်အိမ်



www.burmeseclassic.com

www.burmeseclassic.com



မက်မက်ပြီး အဖော်ရှာခဲ့တယ်. . အဲ. . ချစ်သူရှာခဲ့တယ်”

“အဲဒီချစ်သူဟာ မာန်မဟုတ်ဘူးလား မမ၊ မာန်တော မဖြစ်နိုင်ဘူးလား”

အချစ်အတွက် လှုနာအမဲခြောက် တောင်းသလိုမျိုး တောင်းခံရလိမ့်မည်ဟု မာန်တစ်သက်မှာ တစ်ခါမှမစဉ်းစား ဘူးပါချေ။

နွေတမန် မိမိအား ငေးကြည့်သည်။

ကြည့်စမ်း လှပပြီး ရဲရင့်ဟန်ရှိသော မမရဲ့မျက်လုံး မှာ ရွှမ်းလက်သော ပုလဲဥလေးတွေ တွဲလွဲခိုလျက်ပါလား။

“တို့စိတ်ကူးယဉ်ခဲ့တဲ့ လရောင်အောက်ကချစ်သူ တို့ဘဝကို နစ်မွန်းစေပြီး မတရားချုပ်နှောင်သိမ်းပိုက်ဖို့ ကြိုး တဲ့ချစ်သူမျိုး မဟုတ်ဘူး၊ သိပ်ကို နူးညံ့သိမ်မွေ့ပြီး တို့အပေါ် ဆပ်မှုတွေနဲ့ ချစ်တဲ့ချစ်သူမျိုးပါမာန်”

မြွားတစ်စင်း မာန်၏နှလုံးသားကို နက်ရှိုင်းစွာ စိုက် သွားလေပြီ။

“ပေးဆပ်ခြင်းကမှ အချစ်စစ်လား မမ”

“ဟုတ်တယ်. . ဒါ တို့ရဲ့ယူဆချက်ပဲ၊ ခု. . မင်းကြော တို့ ဘဝမှာ ဘာတွေဖြစ်သွားမလဲ၊ ကလေး မုန့်ပေးကြိုက်ထ အစ်ကိုနဲ့စေ့စပ်ထားပြီး အနေနီးစပ်တော့ ညီနောက်တတော ကောက်ပါသွားတယ်၊ သူတို့ပဲ မျက်နှာမပူဘူးလား၊ ညီအစ် နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ဘယ်လိုကြ လဲ. . နောက်. . ”





“တော်ပါတော့ မမရယ်၊ ကျွန်တော် မကြားချင်တော့ ဘူး”

“ဟုတ်တယ် မာန် အစကတည်းက မင်းစဉ်းစားကြည့် ရင် ဒီလိုတို့ ခေါင်းမဖော်ရဲတဲ့အဖြစ်မျိုး ရောက်မှာမဟုတ်ဘူး”

“အခုလည်း မရောက်ပါဘူး မမရယ်”

မာန် နွေတမန်ကို စိုက်ကြည့်လိုက်သည်။ ပုလဲမြစ်ဖြတ် သန်းစီးဆင်းလျက်ရှိသော သူ၏ပါးမို့လွှင်ပြင်ကို အသာအဖယ်ာ သုတ်ပေးကာ တားဆီးလိုက်သည်။

“ကျွန်တော် နေ့ခင်းကပြောတာတွေဟာ အလကားပါ မမ၊ မေမေတို့ကို သားစာချုပ်ချုပ်စရာ ရှိသေးလို့ သုံးလေးရက် ကြာဦးမယ်၊ ကိုကို ဘယ်တော့ပြန်လာမှာလဲ. . ၊ လာရက်ကို မီအောင်ပြန်ခဲ့မယ်လို့ ပြောထားတာပါ”

“ဟင်. . တကယ်လား”

နွေတမန်မျက်နှာ၌ မျှော်လင့်ခြင်းဖြင့် တောက်ပသွားမှု ကိုတွေ့လိုက်ရတော့ မာန်စိတ်ထဲ အေးချမ်းသွားသည်။

“မမကို ကျွန်တော်ချစ်တယ်၊ ပိုင်ဆိုင်ချင်တယ်၊ အချိန် တလည်း မရှိတော့ ရမလားလို့ သွေးရူးသွေးတန်းနဲ့ ခြိမ်းခြောက် ပြီး ကြိုးစားကြည့်တာပါ”

နွေတမန် မျက်ရည်များကျဆင်းလာသည်။

“မငိုနဲ့လေ မမရာ”

မာန် ရင်ထဲကြေကွဲရသည်။ ချစ်ရသူကို ပိုင်ဆိုင်ရန်အ ခွင့်အရေးတွေ အများကြီးရှိပါလျက် ချစ်သူအလိုကိုသာ လိုက်



www.burmeseclassic.com

www.burmeseclassic.com



လျှော့ချင်သည်။

မိမိ၏ဆန္ဒဟူသမျှတို့သည် ချစ်သူ၏အလိုဆန္ဒအောက်ဝယ် ဝပ်ဆင်းသွားရလေပြီ။

နွေတမန် မာန်၏ပခုံးစွန်းဝယ် မျက်နှာအပ်လိုက်သည်။

"မမ ဘာဖြစ်လို့ငိုတာလဲ"

". . . . . . . ."

"ဟင်. . မမ၊ ကျွန်တော့်ကို မကျေနပ်ဘူးလား၊ အိပ်မက်လို သဘောထားလိုက်ပါ၊ မမနဲ့ကိုကို လက်ထပ်ပြီးရင်. . "

မာန် စကားဆက်၍မရအောင် ရင်ထဲစူးနင့်နာကျင်လျက်ရှိသည်။ အချစ်ဆိုသော ဝေဒနာသည် အင်မတန်ခံရခက်သော ဝေဒနာတစ်ရပ်ပါလား။

မိမိပခုံးစွန်း၌ မျက်နှာအပ်ကာ ငိုရှိုက်နေသော နွေတမန်ကို ထွေးပိုက်ခြင်းဖြင့် နှစ်သိမ့်လိုက်သည်။

နွေတမန်ဟာ မိမိ၏မရီးလောင်း၊ မိမိ၏အစ်မပါ၊ အစ်မစိတ်ချမ်းသာပါစေတော့။

မာန် အားတင်းကာ နှစ်သိမ့်လိုက်သည်။

"ကျွန်တော်. . ကျွန်တော် မမကို အစ်မတစ်ယောက်ပဲ ပြောင်းလွဲချစ်နိုင်အောင် ကြိုးစားသွားပါမယ်"

မာန်ရယ်ဟု ညည်းတွားပြီး မာန်ပခုံးစွန်းမှခေါင်းကို ပြန်လည်ရုပ်သိမ်းလိုက်သည်။

"ခံနိုင်ရည်မရှိသေးခင်တော့ မမကို ကျွန်တော်ရှောင်နေပါရစေ၊ ဖေဖေနဲ့ ကိုကိုတို့စီစဉ်ပေးတဲ့အတိုင်း. . ဂျပန်မှာ





ကျောင်းတက်ရင်း အလုပ်သွားလုပ်တော့မယ်၊ ခုနစ်နှစ်၊ ရှစ်နှစ် ဒါမှမဟုတ် ဆယ်နှစ်ပေါ့၊ အဲဒီအခါတော့ နှလုံးသားဒဏ်ရာဟာ ကျက်ကောင်းကျက်သွားမှာပါလေ"

"ကလေးရယ် ကျေးဇူးတင်ပါတယ်၊ မင်းကိုလည်း မမက အဲဒီလိုပဲဖြစ်စေချင်တယ်၊ မင်း. . တစ်သက်စာ အိမ်ထောင်သည်ဘဝနဲ့ စောစောစီးစီး အညွှန့်ကျိုးရမယ့်ဘဝမျိုး မမ မလိုလားဘူး"

နွေတမန်က မိမိပခုံးစွန်းမှ အသာဖယ်ခွာလိုက်ပြီး တည်ငြိမ်စွာ ပြန်ပြောလိုက်သည်။

"လရောင်အောက်မှာ ချစ်သူမရှာချင်ပါနဲ့ ကလေးရယ်၊ လရောင်ရဲ့ဖမ်းစားမှုကြောင့် အရာရာဟာ လှပနေတတ်တယ်၊ ချိုမြိန်နေတတ်ပါတယ်၊ ဒါကြောင့် အချစ်ဟာလည်း စိတ်ကူးယဉ်အချစ်ပဲဖြစ်မှာပါ"

"ကျွန်တော်တော့ အဲဒီလိုမထင်ဘူး၊ လရောင်အောက်မှာမှ ချစ်သူကို တွေ့နိုင်တယ်လို့. . "

" ဟုတ်ပါတယ်လေ၊ လရောင်အောက်မှာ ချစ်သူတွေ့နိုင်တယ်၊ ဒါပေမယ့် ချစ်သူဟာ လက်ထပ်သူမဖြစ်နိုင်ဘူး၊ နေရောင်အောက်မှာ တွေ့သူကသာ လက်ထပ်သင့်သူ၊ ဘဝအဖော်မွန်ပါ. . "

"မမစကားကို ကျွန်တော်နားမလည်ဘူး"

"ဒါကြောင့် မင်းဟာ အချစ်ကိုနားမလည်သေးတဲ့ ကလေးတစ်ယောက်လိုပဲ၊ အရွယ်ရောက်စမှာ အချစ်သို့လက်တည့်



www.burmeseclassic.com

www.burmeseclassic.com



စမ်းနေတဲ့ အရွယ်ပဲရှိသေးတာ၊ တစ်နေ့မှာ မင်းနားလည်လာမှာပါ။ လရောင်အောက်မှာ ဘဝကြင်ဖော်ရှာပါ မာန်၊ ဒါပဲ မင်းကို မမ နောက်ဆုံးမှာပါရစေ”

“မမနဲ့ ကျွန်တော် ဘယ်မှာတွေ့နေကြတာလဲ”

“ကောင်းကင်ကို မော့ကြည့်လိုက်လေ မာန်”

မာန်က မော့ကြည့်လိုက်သည်။

ရွှမ်းရွှမ်းမြမြ ငွေစန္ဒာလမင်းသော်တာက သူတို့အား အုပ်မိုးဖြန့်ကျက်လျက်. .

“တွေ့လား လမင်း”

“အင်း”

“လရောင်ရဲ့လှည့်ဖြားမှုကြောင့် မင်း တို့ကိုချစ်တာပါ”

“မဟုတ်ဘူး. . ဒါက အတတ်ပြောရဲတယ်၊ မမကို မြင်မြင်ချင်း ချစ်မိတာ”

“အသက်နှစ်ဆယ်ကျော်ကာစပဲ ရှိသေးတယ့်အရွယ်ကို ရင့်ကျက်တယ်လို့ ယူဆလို့မရဘူးလေ၊ အဲဒီအရွယ်မှာ ပေါက်ဖွားလာတဲ့အချစ်ဟာ”

“ဟာ. . . ဘယ်နဲ့ အတွေးခေါင်နေတာလဲ မမ၊ အဲဒီအရွယ်မှာ ပေါက်ဖွားလာတဲ့အချစ်ကမှ သိပ်ကိုသန့်စင်တာ. . . အချစ်ဦး. . အချစ်ဖူးလေးတွေပါ၊ အရောင်မဆိုးထားသေးဘူး၊ ဦးနှောက်မစွက်ဖက်ဘူး၊ တကယ့်ကို နှလုံးသားရဲ့ စေ့ဆော်မှုပုံရိပ်အတိုင်း ဖြစ်ပေါ်လာတဲ့ တကယ့်အချစ်စစ်. . ”

“ကဲပါ ကလေးရယ်. . တို့ယုံကြည်ချင်ပါတယ်၊ တို့ယုံ





ကြည်အောင် မင်း တို့ကိုသက်သေပြရလိမ့်မယ်နော်”

“ဘယ်လို သက်သေပြရမှာလဲ”

“တို့တွေ မနက်ဖြန် ပြန်ကြရအောင်”

“ကျွန်တော်ဆုံးဖြတ်ပြီးပါပြီ၊ ပြန်ဖို့ ကားတောင် ဓာတ်ဆီဖြည့်ပြီးပြီ”

“ပြီးခဲ့တာတွေကို ပြည်ဖုံးကားချထားပြီး တို့မေ့ပျောက်လိုက်ပါ့မယ်”

မာန်၏ မျက်နှာက တင်းနေသည်။

စိတ်ကိုချုပ်တည်းကာ ဖြစ်သင့်ဖြစ်ထိုက်သည်ကို ဦးခေါင်းညိတ်ပြ ကာ ဦးပေးလိုက်ရသည်။

“ဒါကိုတော့ ကျွန်တော် လက်မခံဘူး”

မာန်က ပြုံမယောင်မိုးကဲ့သို့သောမျက်နှာဖြင့် နွေတမန်ကို ကြေကွဲစွာကြည့်လိုက်သည်။ ပြီးတော့ နွေတမန်၏ လက်ချောင်းရင်း နှစ်ဘက်ကို အသာအယာဆုပ်ကိုင်ပြီး. . .

“ ဒီဖြစ်ရပ်တွေကို ပြည်ဖုံးကားမချလိုက်ပါနဲ့မမ၊ မမေ့ပျောက်ပစ်လိုက်ပါနဲ့၊ မမရဲ့ ကမ္ဘာလောကကြီးမှာ မမရဲ့ဘဝမှာ မမကိုသိပ်ချစ်ခဲ့တဲ့ သိပ်ချစ်နေတဲ့ သိပ်ချစ်သွားဦးမှာဖြစ်တဲ့ မာန်ဆိုတဲ့ကောင်ဟာ မမကောင်းစားရေး၊ မမဘဝမြင့်မားရေးအတွက် စွန့်လွှတ်အနစ်နာခံ သွားခဲ့တယ်ဆိုတာလေးကိုတော့ အမြဲ သတိရနေပေးပါဗျာ”

နွေတမန်၏ မျက်ဝန်းရိပ်ဝယ် မျက်ရည်ဥများက သိုင်းရှိနေဆဲပင်။



www.burmeseclassic.com

www.burmeseclassic.com



"မမကို ကျွန်တော်တစ်ခုမေးချင်တယ်၊ မမအမှန်အတိုင်းဖြေပါ"

နွေတမန်က ခေါင်းညိတ်လိုက်သည်။

ခေါင်းအညိတ်၌ ပုလဲဥလေးများ ခုန်ပေါက်ဆင်းသွားသည်ကို မာန်က နီးကပ်မှုအနေအထားကြောင့် ကောင်းစွာတွေ့မြင်နေရသည်။

"မမကို ချောင်ပိတ်ပြီး မေးတဲ့မေးခွန်းမဟုတ်ပါဘူးနော်၊ ကျွန်တော့်အတွက် ဖြေသာမှုတစ်ခုကို ကျွန်တော်လိုချင်လို့ပါ"

"မေး. . မေးပါမာန်၊ တို့ အမှန်အတိုင်း ဖြေပါ့မယ်"

"မမ မာန်အပေါ် သံယောဇဉ်တော့ ရှိမှာပေါ့နော်"

နွေတမန်၏ နှုတ်ခမ်းသားလေးများ တဆတ်ဆတ်တုန်လာသည်။ စိတ်လှုပ်ရှားခြင်း၊ ကြေကွဲခြင်းတွေဟာ. . မိမိကဲ့သို့သူ၌ရှိနေသည်လား. . .

"ဖြေလေ မမ"

မာန်က ဆုပ်ကိုင်ထားသောပခုံးကို လှုပ်ခါရမ်းလိုက်မိသည်။ နွေတမန်က ခေါင်းညိတ်ခြင်းဖြင့်သာ ဖြေလိုက်နိုင်သည်။

"ဒါကို အချစ်လို့ကော မမလက်ခံသလား"

နွေတမန်က ခေါင်းရမ်းလိုက်သည်။

"မညာပါနဲ့ မမ၊ ကျွန်တော့်ကိုမချစ်သင့်ဘူး ထင်လို့လား မမ၊ ဒါမှမဟုတ် မမရဲ့ဂုဏ်သိက္ခာကျဆင်းသွားမှာကို စိုးရိမ်လို့လား"

နွေတမန် ခေါင်းရမ်းကာ ငြင်းဆန်လိုက်သည်။





"မဟုတ်ဘူး. . မဟုတ်ဘူး. . တစ်ခုမှမဟုတ်ဘူး၊ မချစ်ခြင်းကို မောင်တစ်ယောက်ထက်ပိုပြီး မချစ်နိုင်တာ"

ငိုရှိုက်ရင်း နွေတမန်က ခုံတန်းလျားလေးပေါ်မှ ဆင်းထွက်ပြေးသွားဟန် ပြင်လိုက်သည်။

"အား. . ကျွတ်. . ကျွတ်"

ခြေထောက်နာကျင်သွားမှုကြောင့် ယိမ်းယိုင်ကာ စုတ်သပ်သံလေးပင် ထွက်သွားရသည်။

မာန်က ရုတ်တရက်ဆွဲဖက်ကာ လှမ်းထိန်းလိုက်သည်။

နွေတမန်၏ နွေးထွေးအိညက်သော ခန္ဓာကိုယ်သည် မာန်၏ ရင်ခွင်ကြီးထဲဝယ် နစ်မြုပ်ပျောက်ကွယ်သွားသည်။

တိမ်ညိုအမြင့်က လ၏တင့်တယ်မှုကို ဝန်တိုစွာဖြင့်ဖုံးကွယ်ပေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၂၄ )

နွေတမန် မာန်နှင့်မျက်နှာချင်းမဆိုင်မိစေရန် သတိထား
လိုက်သကဲ့သို့ မာန်ကလည်း ရန်ကုန်အိမ်ပြန်ရောက်ကတည်းက
လုံးဝအိမ်မကပ်တော့။

"သမီးရေ၊ ရန်ဆီက တယ်လီဖုန်းလာတယ်"

နွေတမန် တုန်လှုပ်သွားသည်။

မာန်၏မရိုးသားသောစိတ်ကို ပွင့်လင်းစွာသိလိုက်ရပြီး
နောက်၊ စိတ်အစဉ်သည် ယောက်ယက်ခတ်လျက်ရှိသည်။





အောင်ပန်းမြို့၏ နောက်ဆုံးည၌ သူ၏အပျိုစင်မျက်နှာ
ပေါ်အနှံ့ အနမ်းဦးများ ခြွေချသွားမှုကိုတော့ တုန်လှုပ်ခြောက်
ခြားစွာ ရင်ဆိုင်ခဲ့ရပြီး မာန်အားတွန်းဖယ်ကာ ပါးတစ်ချက်ကို
ရိုက်မိရိုက်နှက်ခဲ့မိသည်။ ပြီးတော့. . ထွက်အပြေးကို မာန်ကမိ
အောင်ဖမ်းကာ တောင်းပန်ပြီး အိပ်ရာပေါ်အရောက်ပို့ပေးခဲ့
သည်။ မာန်၏တောင်းပန်မှုတွင် မျက်ရည်စများကို တွေ့မြင်ခဲ့ရ
သည်။

"ရော့. . သမီး"

ဒေါ်လှမျိုးနွယ်က တယ်လီဖုန်းကို ကမ်းပေးလိုက်သည်။

"ရန်"

"နွေလား. . ကိုယ် ဘန်ကောက်ကဆက်နေတာ၊ မနက်
ဖြန်ညနေ ကိုယ်ရောက်မယ်"

"ဟုတ်လား၊ ကျွန်မ လာကြိုရမှာလား"

"ဒါပေါ့ နွေကြိုရမှာပေါ့။ ကိုယ်အတွေ့ချင်ဆုံးသောသူ
ဟာ ခုချိန်မှာ နွေပဲ"

ယောကျ်ားမလောင်းက တမင်ရှောင်ထွက်သွားသည်။ သူ
တို့အား လွတ်လွတ်လပ်လပ် ပြောစေချင်ဟန်။

"ကျွန်မ လာကြိုချင်ပါတယ်ရန်၊ ဒါပေမယ့် ခြေထောက်
က ထောက်ရင် နည်းနည်းနာနေသေးလို့"

နွေတမန် ဘာကြောင့် ရန်ကိုရှောင်ရှားချင်ရသနည်း။
မိမိကိုယ်မိမိ ဝေခွဲမရတော့။ ခြေထောက်နာကျင်မှုက မျက်တောင်
ခတ်လောက်သာ ရှိတော့သည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ဒါဖြင့်လည်း မလာနဲ့တော့လေ"

"လာခဲ့ပါ့မယ့်ရန်၊ ထိုင်နေရတာပဲ"

"ရပါတယ် အိမ်ရောက်ရင် နွေ့ကိုတွေ့မှာပဲ၊ ဒါပေမယ့် မြန်မာပြည်ကို ပြန်ရောက်ရောက်ချင်း ကိုယ်ရဲ့ဘဝခရီးဖော်ကို အရင်မြင်ချင်တဲ့ဆန္ဒတော့ ရှိတာပေါ့"

"ရန့်ဆန္ဒကို နွေ့ဖြည့်ပေးပါမယ်"

"ကျေးဇူးပဲ၊ ဒါပဲနွေ့ ကိုယ့်ကိုအပြင်သွားဖို့ လာခေါ်နေကြပြီ၊ မနက်ဖြန်မှတွေ့ကြမယ်. . ဘိုင့်. ."

ရန်ထံမှ အဆက်အသွယ်ပြတ်တောက်သွားသည်။

နွေ့ တယ်လီဖုန်းစကားပြောခွက်ကို နေရာတကျပြန်ချလိုက်သည်။

"နွေ့ရေ ရန်ပြန်လာရင် အိမ်မှာညစာစားပွဲလေးတစ်ခု ကျင်းပပေးပြီး နှင်းဆီကုမ္ပဏီရဲ့အကျိုးဆောင်တွေ၊ ဒါရိုက်တာ မန်နေဂျာတွေနဲ့ တွေ့ဆုံပွဲလေးလုပ်ပေးရင် ကောင်းမယ်ထင်တယ်"

ဒေါ်လှမျိုးနွယ်က ဧည့်ခန်းသို့ပြန်ဝင်လာပြီး သူ့အား လှမ်းပြောလိုက်သည်။

နွေ့တမန်၌ ယခုအချိန်တွင် ဘာကိုမှစိတ်မဝင်စား. .။ တက်ကြွသောစိတ်တို့ ဘယ်ချောင်၌ သွား၍အိပ်ပျော်နေသည်မသိ။

နောက်မှလိုက်ပါလာသော ဦးကျော်ဝေက. . .

"မင်းဟာက အိမ်မှာကျွေးရတာ အိမ်သားတွေပင်ပန်း





ပါတယ်၊ ဟိုတယ်တစ်ခုခုမှာ ကျွေးလိုက်တာ အေးပါတယ်၊ လူဘယ်နှစ်ယောက် ဘယ်နှစ်ဝိုင်းပေါ့၊ ဒါတွေ ရန်ပြန်လာမှ စီစဉ်လို့ရပါတယ်"

နွေ့တမန် ပြောစရာမလိုတော့။

"စေ့စပ်လက်စွပ်ပါ တစ်ခါတည်းဝတ်ပေးဖို့ ရန့်ကပြောနေတယ်"

"မင်းတို့ကလည်းကွာ ဘိုဆန်လိုက်တာ. .၊ ရန့်ကအနောက်တိုင်း ယဉ်ကျေးမှုတွေသယ်လာချင်တာကို တို့မြန်မာထုံးစံအရ ဘာနဲ့တင်တောင်းမယ်၊ သားရှင်က မင်္ဂလာဦးခန်းဝင်အဖြစ် ဘာတွေပေးအပ်မယ်ဆိုရင် ပြီးတာပါပဲ"

ဦးကျော်ဝေက လူမှုန်သမားဖြစ်၍ ဖြောင့်မတ်သည်။ စကားကို ရိုးစင်းစွာပြောတတ်သကဲ့သို့ ဂုဏ်ပကာသနကို မက်မောတတ်သူလည်း မဟုတ်ချေ။

ဒေါ်လှမျိုးနွယ်က သားကြီးရန်အပေါ် အကဲပို၍. . .

"အို သားကြီးရှာဖွေလာသမျှကို သူ့စိတ်တိုင်းကျလုပ်ပါစေကွယ်"

"မင်းတို့ဟာက ရှုပ်ပါတယ်ကွာ၊ ကာယကံရှင် မိန်းကလေးရဲ့ ဆန္ဒလေး ဘာလေးလည်းယူပါဦး"

နွေ့တမန်ကိုကြည့်ကာ ဦးကျော်ဝေက ပြောလိုက်သည်။

နွေ့တမန်က မချိပြုံးပြကာ. . .

"ကျွန်မကတော့ ငွေကုန်ကြေးကျခံပြီး ခမ်းခမ်းနားနားလုပ်ရမယ့် အလုပ်မျိုးကို မလုပ်ချင်ပါဘူး၊ ရန်သဘောကရှိနေ



www.burmeseclassic.com

www.burmeseclassic.com



သေးတော့ ကျွန်မသဘောတစ်ခုတည်းနဲ့ ပြီးမှာမဟုတ်ဘူး တယ် အန်ကယ်"

"အေးလေ အန်တီတို့ကတော့ သားနဲ့သမီးသဘော ပဲ၊ မနက်ဖြန် လိုက်ကြိုမယ်မဟုတ်လား သမီး"

"ရပါလိမ့်မယ် အန်တီ၊ ဒဏ်ရာနက်နက်တစ်ခုက နည်းနည်းနာသေးတာ၊ ကျန်တာတွေ အကင်းသေသွားပါပြီ

နွေတမန်သည် အများစိတ်ချမ်းသာမှုအတွက်သာ ဆပ်လိုက်ရန် ဆုံးဖြတ်လိုက်သည်။

ရန်နှင့်တွေ့ဆုံခြင်းအတွက် စိတ်မပါတော့သည်ကို ကိုယ်မိမိ နားမလည်နိုင်အောင် ဖြစ်မိသည်။

"ဒီနေ့၊ ဒီလ. . ငွေစာရင်းရှင်းတမ်းပိုင်း သမီးဆီလာ ပေးလိမ့်မယ်၊ စစ်ပေးလိုက်ဦးသမီး "

"ဟုတ်ကဲ့ပါ၊ စိတ်ချပါ အန်ကယ်"

လုပ်ငန်းနှင့်ပတ်သက်လာလျှင်တော့ နွေတမန် ဘာ သောအခါမှ မပျင်းတတ်။

"ကျွန်မသွားရင်တောင်ရပါတယ်"

"မသွားပါနဲ့ နားလိုက်ပါဦး၊ ရန်ကိုလည်း မနက်ဖြန်ပြ ရဦးမှာပဲ"

ရန်အတွက် အားလုံးက အလေးထားကာမျှော်လင့် ပုံရသည်။ ရန်သည် ဤမိသားစု၏ အိမ်ရှေ့မင်းသားတစ်ပါးပ

မာန်ကတော့. . ။

မာန်က ကလေးသာသာ ဘာသိဘာသာနှင့်. . သူ





တတ်သလိုနေသည်။

မာန်သည် ဤအိမ်ကြီး၏ အရေးကြီးပုဂ္ဂိုလ်မဟုတ်သ ကဲ့သို့ အလိုအလျောက်မှေးမှိန်နေသည်။

"ကဲ. . သမီး နွေတမန် အန်တီတို့နိုင်ငံခြားဧည့်သည် တွေဧည့်ခံဖို့ ညစာစားပွဲတစ်ခု သွားလိုက်ဦးမယ်၊ ဘွားဘွားနဲ့ သမီးပဲ ညစာစားလိုက်တော့"

ဒေါ်လှမျိုးနွယ်က မှာကြားပြီး ဦးကျော်ဝေနှင့်အတူ ဧည့် ခန်းမှ ထွက်သွားလေသည်။

နွေတမန်တစ်ယောက်တည်း ဧည့်ခန်းထဲ၌ကျန်ရစ်ခဲ့ လေသည်။

ရန်အတွက်ပြီးသွားပြီဖြစ်သဖြင့် မာန့်အတွက် သူကြိုက် သော အပြာရောင်ခေါင်းစွပ်ဆွယ်တာလေးကို မတင်ထိုးပေးနေ လေပြီ။

ပြန်ရောက်လာကတည်းက မာန်ကိုမတွေ့ရ။

မနက် ဘယ်အချိန်ထ၍ ထွက်သွားသည်ကို မသိရသ ကဲ့သို့၊ ဘယ်အချိန် ပြန်အိပ်သည်ကိုလည်း မသိရချေ။

"နွေ အဲဒါ ဘယ်သူ့အတွက်လဲ"

ဘွားသဇ္ဇာမျိုး ဧည့်ခန်းသို့ဝင်လာပြီး မေးလိုက်သည်။

နွေတမန်က ပျံ့လွင့်နေသော အာရုံကိုစုစည်းလိုက်ပြီး. . .

"မာန်အတွက်လေ"

"မာန်ကြိုက်တဲ့အရောင်ကို သမီးကသိသလား"

"သိပါတယ်၊ သူဝတ်နေကျအရောင်တွေက ကြည်ပြာနု၊



www.burmeseclassic.com

www.burmeseclassic.com



မိုးပြာ၊ မီးခိုးပြာ၊ နက်ပြာ၊ ခိုပြာနဲ့ အပြာတောကကိုမထွက်
ကျွန်မက ကျေးနုပြာလေးကို ထိုးပေးတာ”

နွေတမန် အားတတ်သရောဖြေလိုက်သည်။ မာန်ကြိုး
လိမ့်မည်ထင်ပါသည်။

မာန်၏ မလိုမ့်တပတ်လှည့်စားပြီး မိမိအချစ်ကိုချော
ပိတ်ပြီးရယူရန် ကြိုးစားခဲ့ဖူးသော်လည်း။ ဒါတွေအားလုံးခ
ဖြစ်လိုက်နိုင်သည်။ မာန်သည် အချစ်နှင့်ဆန္ဒကို ကောင်းစွာ
ခွားသိမြင်ခဲ့ပုံရသဖြင့် သူ့အမှားကို သူချင်ချင်းပြင်ဆင်ကာ
ခြေအနေအားလုံးကို ဘယ်သူမှ မသိရှိစေဘဲ မူလအတိုင်း
လည်ပို့ဆောင်နိုင်ခဲ့သည်။

အောင်ပန်းအိမ်က အဖြစ်အပျက်တို့သည်. . အိပ်မ
ပမာ အိပ်ရာမှနိုးလတ်သော် ပျက်ပြယ်သွားလေပြီ။

သို့သော် မာန်၏အနမ်းပွင့်များ၏ အငွေ့အသက်
မိမိ၏ မျက်နှာပြင်အနှံ့၌ မွှေးထွေးစွာရှင်သန်နေဆဲပါလား။

မိမိအား တယုတယ ချီပေးပုံ၊ ရေချိုးခန်း၊ အိမ်သာ
ကို ပို့ဆောင်ပေးခဲ့သည်မှာ တကယ့်ကို အစ်မတစ်ဦးအား ချစ်
သော မောင်တစ်ယောက်ပမာ စိတ်ရှည်လွန်း ဖြူစင်လွန်း
သည်။

“မြေး. . နွေ၊ ဘွားဘွား မေးတာမကြားဘူးလား”

“ရှင်. .”

နွေတမန် အိပ်ယာမှ နိုးထလာသူပမာ. . ယောင်တ
ယောင်တ. .





“ဘွားဘွား ဘာမေးလိုက်တာလဲ”

“မာန် ဘာဖြစ်လို့ ညပြန်မအိပ်တာလဲ၊ ဘာအလုပ်ကိစ္စ
တွေရှိနေသေးလို့လဲ၊ နွေကိုများ ပြောသွားသလား”

ဘွားသဥ္စာမျိုး၏ မျက်လုံးက အဘွားကြီးဆိုပေမယ့် စူး
ရှမှုရှိဆဲပင်။

နွေတမန် သက်ပြင်းချကာ. . .

“မာန်က ခက်တယ်ဘွားဘွားရာ၊ သူဘာလုပ်လုပ် ဘွား
ဘွားတို့ကို အသိတောင်မပေးဘူး၊ ကျွန်မဆို ဝေလာဝေးပဲ. .၊
တောင်ကြီးသွားတုန်းကပဲကြည့် သူ့အလုပ်တွေနဲ့ မပြီးပြတ်လို့မ
ပြန်ရတာ၊ လိမ္မော်ခြံ၊သစ်တော်ခြံကို ဝယ်ဖို့သွားကြည့်ပြီး အလုပ်
သမားတွေအတွက်ပါ သူစဉ်းစားတာတဲ့၊ ရှုပ်နေတာပဲ. .”

နွေတမန် ဆင်သေကို ဆိတ်သရေနှင့်ဖုံးကွယ်ရန် ကြိုး
စမ်းလိုက်သည်။

“အင်း. . ဘွားဘွားအထင်တော့ မြေးလေးမှာ ပြဿ
နာတစ်ခုခုများ ရှိနေမလားလို့၊ ဖြေရှင်းရခက်တဲ့ ပြဿနာလေ၊
တပါ. . ဘွားဘွားကို သူ့ဟမ်းဖုန်းကိုခေါ်ပေးစမ်းနွေ”

ဘွားသဥ္စာမျိုးက မာန်အတွက်ဆိုလျှင် သူ့စည်းစိမ်မှန်
သမျှပုံပေးအပ်ထားသူဖြစ်သည်။

နွေတမန်အတွက် ဖိုးကျိုင်းတုတ်ဖြစ်လေပြီ။ မာန်နှင့်
တွေ့ချင်သည်။ သို့သော် အကဲပါမှာစိုးသဖြင့် မိမိဘက်က
မဆက်သွယ်ရဲ။ အခုတော့ ဘွားဘွားဆက်ခိုင်းတာမို့ အ
ကြောင်းပြ၍ ကောင်းလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



နွှေတမန် တယ်လီဖုန်းစင်နား မဆိုင်းမတွပင် ရောက်သွားပြီး မာန်၏ဖုန်းနံပါတ်များကို နှိပ်လိုက်သည်။

"ဟဲလို"

"မာန်"

"မမ. . လွမ်းလိုက်တာ မမရယ်၊ ကျွန်တော့်ရင်တွေ စိတ်စိတ်အမြွာမြွာ ကွဲအက်နေပြီထင်တယ်၊ ရင်နာလိုက်တာ. . ဘယ်လိုမှနေလို့ မရဘူး"

"မင်း ဘယ်ရောက်နေတာလဲ မာန်၊ ဘွားဘွားက မင်း စကားပြောချင်လို့ တို့ကိုဆက်ခိုင်းတာ၊ ဘွားဘွားနဲ့အရင်စကား ပြောလိုက်ဦးနော်"

နွှေတမန်က အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းလိုက် သည်။

"ကောင်းပြီ ပြီးရင်. . ဘယ်သူမှမရှိတဲ့အချိန် ကျွန်တော့် ဆီကို ဖုန်းပြန်ဆက်ပါ မမကို ကျွန်တော်မှာစရာရှိတယ်"

"အင်း. . အင်း၊ ဘွားဘွား မာန်ကပြောမယ်တဲ့"

ဘွားသဘ္ဘာမျိုးအနီး တယ်လီဖုန်းကို မယူသွားပေးလိုက် သည်။

မြေးအဘွားနှစ်ယောက်ရဲ့စကားသံကို နားစွင့်ရင်း နွှေ တမန်ရင်ထဲ မာန်အား တသသဖြစ်လာသည်။

တွေ့ချင်စိတ်တို့က ဘာဖြစ်လို့များ မိမိရင်ကို ပုတ်ခတ် နေရတာလဲ။

နှစ်ရက်မတွေ့ရရုံနဲ့ ဒီအထိအောင်ခံစားရသလား။





အထိအတွေ့ကို တမ်းတမက်မောခြင်းလား။

မဟုတ်. . မဖြစ်နိုင်။

မာန်ကို အမြဲတမ်းမြင်တွေ့နေချင်သည်။ သူ့အတွက် ကော်ဖီလေးဖျော်ပေးတာ၊ ထမင်းပွဲပြင်ပေးတာလေးတွေ မလုပ် ရ၍ ရင်ထဲဟာသည်။

သူနဲ့ ဘုပြောက်မပြောရသဖြင့်လည်း မနေတတ်။ သူ တာ မိမိရဲ့အရိပ်လေးတစ်ရိပ်လိုပါပဲ။ မိမိအနားမှာရှိနေမှသာ လျှင် ပြည့်စုံသည်။

ဘုရား. . ဘုရား. . မိမိ မာန်ကို ချစ်မိနေပါလား။

ဒါကြောင့် မာန်လုပ်ခဲ့သောအမှားကြီးတစ်ခုကို မိမိခွင့် လွှတ်နိုင်ခဲ့သည်ပေါ့။

"ဒီည ပြန်လာအိပ်မယ်တဲ့"

ဘွားသဘ္ဘာမျိုးက ဖုန်းချချပြီးချင်း မိမိအား သတင်းလှမ်း ပေးလိုက်သည်။

နွှေတမန် ဝမ်းသာသွားသည်။

စောင့်ပြီး တွေ့လိုက်ဦးမည်။

"ထမင်းစားရအောင် မြေးရေ"

"ဟုတ်ကဲ့ ဘွားဘွား"

နွှေတမန် ထိုးလက်စဆွယ်တာလေးကို ခြင်းတောင်းထဲ သို့ ပြန်ထည့်လိုက်သည်။

ထမင်းစားခန်းသို့ မြေးအဘွားနှစ်ယောက်အတူ ထွက်ခဲ့ ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆင်သင့်ပဲ ထမင်းပွဲပြင်နေသော ဒေါ်နန်းနှင့်အဒေါ် ကောင်မလေးကို လှမ်းတွေ့လိုက်ရသည်။

"မနန်း ညည်းပါတစ်ခါတည်းဝင်စား"

"ကျွန်မ မဆာသေးလို့ပါ မေမေကြီး"

"ညည်းက ဒီအတိုင်းချည်းပဲ"

ညနေစာ စားသောက်ပြီး ဘွားသန္တာ အပေါ်ထပ်သို့ တက်သွားသွားခြင်း နွေက မာန့်ထံဖုန်းဆက်ခေါ်လိုက်သည်။

"မာန်"

"မမ ကျွန်တော် မမနဲ့တွေ့ချင်တယ်"

"တွေ့ချင်ရင် အခု လာခဲ့မယ်လေ၊ ဘွားဘွားက ထမင်း စားပြီး အပေါ်တက်သွားပြီ၊ အန်ကယ်နဲ့အန်တီ ဒင်နာသွား တယ်"

"အိုကေ၊ ဘွားဘွားရှိတော့"

"ဘာဖြစ်လဲ၊ ဘွားဘွားကို အရင်သွားတွေ့ပြီးရင် မင်း ထမင်းလာစားပေါ့. . အဲဒီတော့"

"ဟင့်အင်း ထမင်းလဲမစားချင်ဘူး၊ မမ စာကြည့်ခန်း မှာစောင့်နေ၊ ဒါပဲ ခုလာခဲ့မယ်"

နွေတမန် စကားဆက်ခွင့်မရတော့။ ဖုန်းလိုင်းပြတ် တောက်သွားလေပြီ။

နွေတမန် မျက်ရည်များစီးကျလာသည်။

"အရက်သောက်မလာနဲ့နော်" ဟု မမှာလိုက်ရ။

နွေတမန် အနီးသို့ ဒေါ်နန်းရောက်လာသည်။





"မနွေ မာန်လေးကို ပစ်မထားပါနဲ့ကွယ်၊ ဖျောင်းဖျောင်း ပြောဆိုပါ၊ တော်ကြာ ဒီကလေးပျက်စီးသွားလိမ့်မယ်"

"ကျွန်မ သေပဲသေချင်တယ် လေးနန်းရယ်၊ ဘာလုပ်လို့ ရပ်ရမှန်းတောင် မသိတော့ဘူး"

နွေတမန်က ကျဆင်းလာသောမျက်ရည်စများကို သုတ် လိုက်သည်။

"စဉ်းစဉ်းစားစား ဆုံးဖြတ်ပါနွေ၊ မာန်လေးရဲ့ဘဝဟာ နွေ့ရဲ့လက်ထဲမှာ ရှိပါတယ်"

နွေတမန် ပြန်ပြောလိုက်ချင်ပါသည်။

"ကျွန်မရဲ့ဘဝဟာလည်း မာန်ရဲ့လက်ထဲမှာပါ လေး နန်းရယ်" ဟု. .

သို့သော် ဘာကိုမှပြောစရာမလိုတော့ဘူးဟု ထင်ပါ သည်။


အားလုံးဟာ ပြီးဆုံးသွားပါပြီ ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၂၉ )

နွေတမန် သူ့အားကျောခိုင်းကာ သိုးမွှေးချည်များကို သဲသဲမဲမဲ ချည်နှောင်နေလေသည်။

"မမ"

နွေတမန်၏ ရှေ့အနီးကပ်ဆုံး၌ ရှိနေသော စားပွဲပေါ်၌ တင်ပျဉ်လွှဲထိုင်လိုက်သည်။

"မနက်ဖြန် မမနဲ့ကျွန်တော် ကမ္ဘာခြားသွားပြီနော်"

နွေတမန် မာန့်အား မော့ကြည့်လိုက်သည်။





ညှင်းသိုးသိုးဖြစ်နေသော မာန့်ရုပ်သွင်ကြောင့် စိတ်ထိခိုက်သွားရသည်။

"မာန်ရယ် မင်းဘယ်သွားနေတာလဲ၊ ဘာဖြစ်လို့ အိမ်ပြန်မအိပ်တာလဲ"

"မမအတွက်ပါ၊ ကျွန်တော့်စိတ်ကို ကျွန်တော်ဆုံးမပြီး တိုက်ခန်းမှာသွားနေတာ"

"ဂျပန်သွားဖို့ မလုပ်သေးဘူးလား"

"လုပ်နေပြီ . . အားလုံးအဆင်သင့်ပဲ၊ ဟိုကကျောင်းဖွင့်ချိန် ခေါ်လိုက်တာနဲ့ သွားရုံပဲ၊ ကဲပါ အဲဒါတွေအရေးမကြီးဘူး၊ အရေးကြီးတာတွေ မမကိုပေးခဲ့ဖို့မေ့နေတာ"

မာန်က သူ့အတက်ခ်ချီကေ့စ်ကိုဖွင့်ကာ စာအိတ်တစ်အိတ် ထုတ်လိုက်သည်။

"ဒီထဲမှာ မမကိုလိမ်ညာပြီး လက်မှတ်ထိုးခိုင်းထားတဲ့ စာချုပ်ပါတယ်၊ နောက် အောင်ပန်းက အိမ်သော့ကို လေးနန်းဆီမှာအပ်ထားတယ်၊ မမ စိတ်ကျဉ်းကျပ်တဲ့အခါမျိုး သွားနေနိုင်ပါတယ်၊ လုပ်ငန်းတွေအားလုံးကို မမကို ကျွန်တော်မိတ်ဆက်ပေးထားတဲ့ မိုးအောင်နဲ့ပဲ လွှဲထားခဲ့တယ်၊ မမအကူအညီလိုရင် သူနဲ့ဆက်သွယ်နော်၊ ဒီစာအိတ်ထဲမှာ သူ့လိပ်စာကတ်ရှိတယ်"

"နေပါဦး၊ ဒီစာချုပ်ကို မင်းဘာဖြစ်လို့ ငါ့ကိုပေးနေတာလဲ၊ မီးရှို့ပစ်လိုက်ပါလား"

"မမနာမည်ပါနေလို့ မရှို့ရက်လို့ပါ . . မမရှို့ချင်ရှို့ . . ကြိုက်သလိုလုပ်နိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



နွေတမန် စာချုပ်ကိုကြည့်လိုက်သည်။

"မမကို ကျွန်တော်အသက်နဲ့ထပ်တူချစ်တယ်" ဟူသော စာတမ်း။ သူ့လက်မှတ် မိမိလက်မှတ်ကလွဲ၍ ဘာမှမပါရှိပါပေ။ နွေတမန် စိတ်လှုပ်ရှားမှုကို လမ်းလွှဲလိုက်သည်။

"မနက်ဖြန် မင်းအစ်ကိုကို မင်းမကြိုဘူးလား"

နွေတမန် စာချုပ်ကို စာအိတ်လေးထဲ ပြန်ထည့်လိုက်သည်။

မာန်က. . .

"ကြိုမှာပါ. . ကျွန်တော့်စိတ်တွေကို ကျွန်တော်အားလုံး သစ်လွင်အောင် ထားသွားတော့မှာပါ။ ညစ်နွမ်းခဲ့တဲ့ ကျွန်တော် စိတ်တွေကို ကျွန်တော်ဆုံးမထားပါတယ် မမ၊ ကျွန်တော်ကြောင့် အနှောင့်အယှက် မဖြစ်စေရပါဘူး"

နွေတမန် မာန်အား ငေးကြည့်လိုက်သည်။ မာန်၏မျက်လုံးဝယ် မျက်ရည်စများ ရစ်ဝဲနေပါလား။

မာန်က သူ့အားကျောခိုင်းကာ ပြတင်းပေါက်၌ သွားရပ်သည်။ နှုတ်ကလည်း အရူးတစ်ယောက်လို ရေရွတ်လျက်. . .

"မမကို ကျွန်တော်သိပ်ချစ်တယ်ဗျာ. . ၊ ကျွန်တော့်ကို လက်ခံရဲတယ်ဆိုရင် ခု ကျွန်တော်နဲ့လိုက်ခဲ့ပါလား မမရယ်၊

စိန်ရွှေနန်းတော်နဲ့ မထားနိုင်သေးပေမယ့် အေးချမ်းလှတဲ့ ဥယျာဉ်တောမှာ ကျွန်တော့်မေတ္တာနဲ့ လုံခြုံနွေးထွေးစွာ ထားနိုင်ပါတယ်မမရယ်"

"ကျွန်တော့်ကြောင့် ကျဆင်းသွားရမယ့် မမရဲ့ဂုဏ်သိ





ကို ကျွန်တော့်မေတ္တာနဲ့ ဆယ်ယူနိုင်ပါတယ်"

"မမလိုချင်တဲ့ မိသားစုဘဝလေးကို. . ကျွန်တော်အ င်းဆုံးဖြစ်အောင် ဖန်တီးပေးနိုင်ပါတယ်"

နွေတမန် စာအိတ်ကို သိုးမွေးခြင်းထဲထည့်လိုက်သည်။ ပေါက်ချင်းကျလာသော မျက်ရည်စက်တို့ကို မာန်မြင်တွေ့ မှာစိုးရိမ်သဖြင့် သုတ်လိုက်သည်။

"မင်း ပြောစရာစကားကုန်ပြီလား မာန်"

"ဘယ်တော့မှ ကုန်မှာမဟုတ်ပါဘူး. . ၊ တစ်ခုတော့ င်းပန်းပါတယ်၊ အောင်ပန်းမှာဖြစ်ပျက်ခဲ့တဲ့ ဖြစ်ပျက်မှုတွေ သမျှဟာ"

နွေတမန်ဘက်သို့ မာန်လှည့်ပြီး အနီးသို့တဖြည်းဖြည်း က်လာရင်း စကားဆက်လိုက်သည်။

"ကျွန်တော်ရဲ့ ရူးသွပ်မှုတစ်ခုနဲ့ သွေးရူးသွေးတမ်း အ တွေပါ။ လကိုလိုချင်လို့ ရေအိုင်ထဲက လမင်းကို ဆင်းဆယ် အတွက် ရေအိုင်လည်းနောက် လမင်းလည်းပျောက်ရသလို စ်မျိုးဖြစ်ခဲ့ပါပြီ၊ ကျွန်တော်လေ မမကိုသိပ်ချစ်တယ်ဗျာ၊ မမ လွဲရင် ကျွန်တော် ဘယ်မိန်းမကိုမှ လက်မထပ်ချင်တော့ဘူး၊ ခုတော့ တောင်းဆိုချင်တယ်၊ မမနဲ့ကိုကိုလက်ထပ်ပြီး က းတွေရခဲ့ရင် မမနဲ့တူတဲ့ သားတစ်ယောက်ကို ကျွန်တော့်ကို ပါ၊ ကျွန်တော် သားအဖြစ်မွေးပြီး သူ့ဘဝတစ်ခုလုံးကို အ ဆုံး အကောင်းဆုံးဖြစ်အောင် ပြုစုပျိုးထောင်သွားရင်း န်တော့်ဘဝကို ထွက်ပေါက်တစ်ခုပေးထားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ သိပ်စိတ်ကူးယဉ်ဆန်လွန်းတယ် မာန်၊ ဓေ
ကကြီးမှာ ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ဦးစားပေးရတ
ဖြစ်သင့်တာတွေကို ဖြစ်အောင်လုပ်ပြီးမှတော့ နေတတ်အော
နေထိုင်သွားတတ်ဖို့ပဲလိုတယ်"

"ဘာပဲဖြစ်ဖြစ် ကျွန်တော့်စိတ်ကူးလေးနဲ့ ကျွန်ဓေ
စိတ်ချမ်းသာမှုကိုရှာဖွေပြီး နေပါရစေ၊ ကျွန်တော် ထပ်ပြောမ
ကျွန်တော်အသက်ရှိနေသရွေ့ မမဟာ ကျွန်တော့်နှလုံးသာ
ထာဝရရှင်သန် သွားမယ်ဆိုတာတော့ မမမှတ်ထားပါ၊ မမ
ပြောစရာ ရှိသေးသလဲ"

နွေတမန်ရင်ထဲ၌ ပြောစရာစကားများ မကုန်ဆုံး
အောင်ရှိနေသည်ဟု မာန်သည် မျက်ဝန်းချင်းဆုံးဆည်းခို
သိလိုက်လေသည်။

သို့သော် မိန်းမများသည် ဟန်ဆောင်ကောင်းကြသ
အရာရာကို ဖုံးကွယ်ဖို့ကြိုးစားကြသည်။

နှလုံးသားကိုလည်း ကောင်းစွာကြိုးကိုင်နိုင်ကြသ

"ဘာပြောမလဲ ပြောလေ"

"တို့ကို ထပ်မံ မနှောင့်ယှက်မိပါစေနဲ့"

မာန် ရင်နာနာဖြင့် ရယ်မောလိုက်လေသည်။ ထို
မောမှုက လှောင်ပြောင်ရယ်မောသံဖြစ်ပေသည်။

"မင်း မလှောင်ပါနဲ့"

"ဟ. . ဟာ့၊ အချစ်အတွက် သူ့ရဲကောင်းမလုပ်
နှလုံးသားကို ဂုဏ်ပကာသနနဲ့ လဲယူနိုင်စွမ်းရှိတဲ့မမကို ဂုဏ်





တယ်၊ ဂုဏ်မြူပြီးရယ်လိုက်တာပါ၊ နှလုံးသားရဲ့အက်ကြောင်းသံ
ကြောင့် လှောင်သံပါသွားရင် ခွင့်လွှတ်ပါ၊ ကျွန်တော်သွားပြီ. . "

နွေတမန်ကို နောက်ဆုံးအကြိမ်တစ်ချက်ကြည့်ပြီး ချာခ
နဲ လှည့်ထွက်ကာ. . စာကြည့်ခန်းထဲမှ ကမူးရှူးထိုးပြေးထွက်ခဲ့
သည်။

သူ၏မျက်ရည်စများကို နွေတမန်မမြင်စေချင်ပါ။ မျက်
ရည်ဖြင့် သွေးဆောင်သည် ထင်မှာစိုးသည်။ ယောက်ျားများမှာ
လည်း အသည်းနဲ့ဆိုတာ နွေတမန်နားလည်မည်ဆိုပါက သူ၏
နှလုံးသားများ မွမွကြေနေမှုကို တွေ့မြင်နိုင်ကောင်းရှိပါသည်။

အချစ်ကို ဓားပြတိုက်မယူလို့. . လှည့်စားမယူလို့. . ။

လှည့်စားယူရန် သွေးရူးသွေးတန်း ကြံစည်မိပြီးကာမှ
အချစ်၏သန့်စင်မှု နက်ရှိုင်းမှုကို သူတွေ့မြင်ခဲ့သည်။

အချစ်ဆိုတာ စွန့်လွှတ်အနစ်နာခံခြင်း ပေးဆပ်ခြင်းဟု
သူနားလည် လက်ခံလာပြီးသည့်နောက်. . .

မမ စိတ်ချမ်းသာပါစေတော့. .

မမ ဂုဏ်တင့်တယ်ပါတော့. .

သူထက်စာလျှင် ကိုကိုသည်. . မမ၏ဘဝကို အမြင့်မား
ဆုံးနှင့် အကောင်းဆုံးအနေအထားကို ပို့ဆောင်ပေးနိုင်လိမ့်မည်
ဟူသော ခံယူချက်နှင့်အတူ. . .



www.burmeseclassic.com

www.burmeseclassic.com








# အခန်း ( ၂၆ )

ရန်သည် ဝေးရာမှတဖြည်းဖြည်း အနီးကပ်အနေအထားသို့ ရွှေ့ရောက်ရှိလာသည်။

"နွေ... ကိုယ်မြင်ဖူးသမျှ မိန်းမလှတွေထဲမှာ မင်းဟာ အလှမှာ အယဉ်ဆင့်ပြီး သိပ်ကျက်သရေရှိတဲ့အလှပဲ"

ရန်က အနောက်တိုင်းဆန်လာတာလား။ လူမှာများကြား ထုတ်ဖော်ချီးကျူးမှုအတွက် နွေတမန်မပျော်ရွှင်နိုင်။ မ



www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးနိုင်ပါ၏ မျက်နှာပူပြီး ရှက်အားပိုသွားရသည်။

ရန်သည် ခါတ်ပုံထဲကထက် ပိုချောသည်။ သေသပ်သပ်ရပ်ကြော့ရှင်းစွာ ဝတ်ဆင်ထားမှုက မာန်နှင့်တခြားစီ။

မာန်၏ ပခုံးကိုဖက်ကာ ရန်က. .

"ညီလေးက ကိုကိုထက်အောင် ခေါင်းတစ်လုံးပိုမြင့်သွားပြီ၊ တကယ့်လူကြီးကြီးဖြစ်နေပါလား"

မာန် လူပျိုပေါက်ဘဝကပင် နိုင်ငံခြားသို့ ထွက်သွားသောရန်အတွက် မာန်၏ပြောင်းလဲလာမှုက တအံ့တဩဖြစ်စရာပင်။

"ဟုတ်တယ်၊ ရည်စားတွေ ဘာတွေတောင် ထားတတ်နေပြီကိုကို"

မာန်သည် အောင်ပန်းတုန်းက မာန်မဟုတ်တော့သည့်အလား အေးအေးဆေးဆေးပင်။

နွေတမန် မာန်ကို ကျေးဇူးတင်မိသည်။ မာန်အမူအရာကောင်းခြင်းက မိမိအတွက်အနေရ ချောင်စေသည်။

"မေမေ့ကို သားကျေးဇူးတင်ပါတယ်၊ သားအတွက် အင်မတန် အဖိုးတန်လှပမယ့် လက်ဆောင်မွန်ကို ရှာပေးနိုင်တဲ့အတွက်"

"ဒီလိုပဲဖြစ်ရမယ်လေ. . သားတို့ရဲ့အမေပဲ၊ ကိုယ့်သားတွေ အကြိုက်အားလုံး ရယ်ဒီဖြစ်စေရမယ်"

နွေတမန် ရင်ထဲရှသွားသည်။

မိမိသည် ငွေဝယ်ခ်ပစ္စည်းတစ်ခုပေလား။ ကျေးဇူးဖူ





သာ ကြွေးဖြင့်သိမ်းယူခြင်းခံရသောပစ္စည်းလား။

ရင်ဝယ် တစစ်စစ်နာကျင်လာသည်။

"ပစ္စည်းတွေ ညီရွေးခဲ့မယ်၊ ကိုကိုတို့ပြန်နှင့်. ."

မာန်က ဘာမှမဖြစ်သည့်အလား သွက်လက်စွာလှုပ်ရှားသည်။

"ကောင်းသားပဲ. .၊ လာ နွေ. . သွားရအောင်"

ရန်က လက်ကမ်းသည်။

နွေတမန်က မာန်အားမှန်းမှုန်းနှင့် ကမ်းလာသောလက်ကို တွဲလိုက်သည်။

မာန် မျက်နှာလွှဲသွားသည်။ အားလုံး ပြီးသွားပါပြီ။

နွေတမန်သည် ရန်၏လက်ကိုတွဲကာ. . ယောက္ခမလောင်းများနှင့်အတူ ပြန်ခဲ့သည်။

အိမ်ဝယ် ဘွားဘွားသဇ္ဇာမျိုး က စောင့်ကြိုနေသည်။

"ရန် အသားပိုဖြူလာတယ်"

"ဘွားဘွားက ဒီအတိုင်းပဲနော်၊ ဘာမှမပြောင်းလဲဘူး"

"ဒါပေါ့. . ဒါနဲ့ ငါ့မြေးလေး မာန်ကော"

"ပစ္စည်းရွေးရင်း ကျန်ခဲ့တယ်"

"အိုကွယ်. . ညစာထမင်း မိသားစု အစုံအလင်စားပါမယ်ဆိုမှကွယ်"

"စောင့်မှာပေါ့ ဘွားဘွားရယ်၊ ဘွားဘွားကတော့. . သူ့မြေးလေးမှ သူ့မြေးလေး၊ ဒါကြောင့် ညီကဆိုးနေတာဖြစ်မယ်"

"ဟဲ့. . ငါမြေးက မဆိုးပါဘူး၊ ဘယ်မှာဆိုးလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ အမေရယ်. . သားကြီးနားပါစေဦး၊ ပြီးမှ ထမင်း
စားရင်း စကားပြောကြတာပေါ့"

"အေးပါ. . အေးပါ. ."

လူစုခွဲလိုက်ကြသည်။

နွေတမန် မယောင်မလည်နှင့် ဒေါ်နန်းတို့ရှိရာသို့ ထွက်
ခဲ့သည်။ မျှော်လင့်ထားသည်က ရန်သည်အိမ်ရှိလူကုန်ကို လိုက်
လံနှုတ်ဆက်လိမ့်မည်ဟု။

သို့သော် မျှော်လင့်ထားသလိုဖြစ်မလာချေ။ ရန်သည်
အိမ်ရှိဗာဟီရ အလုပ်သမားများကို မေ့လျော့၍နေသည်။

"မနွေ ဘယ်လိုလဲ၊ ရန်ကပိုချောတယ်နော်"

နွေတမန် ဘာမှအဖြေမပေးဘဲ ပြုံးနေလိုက်သည်။

ထိုအချိန် မာန်ရောက်လာသည်။

"ဟော မာန်လေးလာပြီ"

ဒေါ်နန်းက ပစ္စည်းများကို ဝိုင်းကြိုရန် ပြေးထွက်သွား
သည်။ မာန်က. . .

" လေးနန်း. . နေ. . နေ၊ ကိုထူး ကိုကို့အခန်းထဲ
လိုက်၊ မိမဲ. . မိညိုက နိုင်တဲ့ပစ္စည်းပဲသယ်၊ ညည်းတို့ဖို့တော့
ဘာမှပါမယ် မထင်ပါဘူး၊ ပါလာရင်တော့ ထီထိုး၊ မပါလာ
တော့ ကျုပ်ပဲ ခင်ဗျားတို့ လိုချင်တာကို ဝယ်ပေးမယ်"

မာန်ရောက်လာမှ အိမ်ကြီးသည် အသက်ဝင်လာသည်။
စိုပြည်သွားသည်။

မာန်သည် တကယ့်လူသားဆန်သည်။ မာန်သည် သူ





သို့ တစ်ချက်ဝေ့ဝဲကြည့်ပြီး. . .

"ဘွားဘွား. . ကျွန်တော်ချိန်းထားတာလေး တစ်ခုရှိလို့
သွားတော့မယ်"

"ဟဲ့. . တစ်နေ့. . တစ်နေ့၊ ညစာ. ."

"တစ်နေ့တစ်လေလည်း နားမလည်ဘူး၊ ဝယ်လက်ရှိ
တုန်းလေး သွားလိုက်ဦးမယ်နော် ဘွား"

ဘွားအေ၏ တွဲကျနေသော ပါးပေါ်မှအရေပြားကို အ
သာအယာ ချစ်စနိုးဆွဲပြီး ထွက်သွားလေသည်။

နွေတမန် ရင်ထဲလစ်ဟာ ကျန်ရစ်ခဲ့လေသည်။ ထမင်း
စားဝိုင်းဝယ်၊ နွေသည် အမှတ်များထပ်ရလေသည်။

"ဒါကလဲ နွေ့လက်ရာလေ၊ နွေ့လက်ကတော့ ရွှေချ
ထားဖို့ တောင်ကောင်းတယ်၊ အချက်အပြုတ်၊ အချုပ်အလုပ်
ကျွမ်းကျင်ရုံမကဘူး၊ လုပ်ငန်းမှာလည်း စာရင်းဇယားကျွမ်းကျင်
သလို အကြံကောင်းဉာဏ်ကောင်းတွေလည်း ပေးနိုင်တယ်၊ ရန်
မင်းအဖေက နွေကို အလုပ်အခုမှပေးမိတာတောင် နောက်ကျ
သွားလေခြင်းဆိုပြီး နောင်တရနေတာ"

ဒေါ်လှမျိုးနွယ်၏ စကားသံများက ရွှမ်းရွှမ်းဝေနေ
သည်။ နွေတမန် ပြုံးရုံသာပြုံးနေမိသည်။

ဂုဏ်ယူရမှာလား။

မိန်းမသားတစ်ယောက်၏ ဂုဏ်အင်္ဂါရပ်တွေကို ပိုင်
ဆိုင်နေသော မိမိကို ယောကျ်ားလေးရှင်ဘက်က ချီးမွမ်းခြင်း
အတွက် ကျေနပ်သင့်သလား။

www.burmeseclassic.com



ဂုဏ်ယူသင့်သလား။ ဝမ်းသာသင့်သလား။

နွေတမန် ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ကြည့်သည်။

ထိုခံစားချက်များ ဖြစ်ပေါ်မလာပါလား။

ရန်က ထမင်းစားသောက်အပြီးတွင် ပါလာသောလက်ဆောင်များကို ထုတ်ပေးသည်။ မိမိနှင့်သူ့အဘွား၊ မိဘနှစ်ပါးနှင့် မာန်အတွက်သာ။ ယုတ်စွအဆုံး သူ၏နာနီဖြစ်သော ဒေါ်နန်းအတွက်ပင် မပါချေ။

နွေတမန်ရင်ထဲ တစ်စုံတစ်ရာလိုအပ်နေသကဲ့သို့ ခံစားလိုက်ရသည်။

သားအမိ သားအဖသုံးယောက် စကားပြောမှုများတွင် ဒေါ်လာနှင့် လုပ်ငန်းအကြောင်း၊ အမြတ်အကြောင်းတွေသာပါသည်။

နွေတမန် စိတ်မဝင်စား။ သို့သော် စာရင်းအကြောင်းမေးလာလျှင်တော့ ဖြေပေးနိုင်ရန်အတွက် အနား၌ထိုင်ပေးရင်း မာန်အတွက် သိုးမွေးအင်္ကျီကို သဲကြီးမဲကြီးထိုးနေမိသည်။

ညအတော်လေးနက်လာချိန်၌ ဦးကျော်ဝေတို့လင်မယားက အပေါ်ထပ်သို့ တက်သွားသည်။

ဧည့်ခန်းမကြီးဝယ် ရန်နှင့်သူ နှစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

"မာန်မလာသေးပါလား နွေ"

"သူကဒီလိုပဲ၊ ဘယ်အချိန်ပြန်လာအိပ်တယ်ဆိုတာ. . မသိနိုင်ဘူး၊ တစ်ခါတစ်ရံ အိပ်တောင်မအိပ်ဘူး ထင်တယ်"





နွေတမန် ရှည်ရှည်ဝေးဝေးပင် ဖြေလိုက်သည်။

ရန်က သူနှင့်အနီးကပ်ဆုံး ဆိုဖာဆက်တီသို့ ကူးပြောင်းထိုင်လိုက်သည့်အခါ နွေတမန် တုန်လှုပ်ချောက်ချားသွားသည်။

ရန် မိမိအနားသို့မလာစေချင်။ ရန်သည် မာန်ထက်ချောမောသည်။ မာန်ထက် အရွယ်ကြီးသည်။ ရင့်ကျက်နေပြီ။ ပညာလည်း သူ့အရွယ်အရ တတ်မြောက်ပြီးဖြစ်သည်။ စီးပွားဉစ္စာကလည်း ကောင်းမွန်စွာ ရှာဖွေနိုင်သူဖြစ်နေပြီ။ တစ်နည်းဖြင့် ဂုဏ်သရေရှိလူကြီးလူကောင်း လူချမ်းသာတစ်ဦး စာရင်းဝင်သူ ဖြစ်သည်။

ထိုလူ၏ကမ်းလှမ်းမှုကို လက်ခံရမှာ စိုးရွံ့လာသည်။

"ဘယ်သူ့အတွက် ထိုးနေတာလဲ"

"မာန်အတွက်လေ"

"ထင်သားပဲ၊ ဒီအရောင်က မာန်ကြိုက်တဲ့အရောင်ပါသို့"

"ရန်ကိုထိုးပေးတဲ့ အရောင်ကကော ရန်အကြိုက်အရောင် မဟုတ်ဘူးလား၊ ကျွန်မက ဘွားဘွားနဲ့မေမေကို မေးပြီးမှ ရန့်အကြိုက်ကို ထိုးပေးတာလေ၊ ရန် ကြိုက်တယ်မဟုတ်လား"

"ကြိုက်ပါတယ်၊ ဒါပေမယ့် အရောင်ထက် မင်းလက်ကလေးတွေနဲ့ ချည်နှောင်ပေးမှုကို ပိုနှစ်သက်တာ"

နွေတမန် ပြုံးလျက်. . .

"ကျေးဇူးတင်ပါတယ် ရန်၊ ကျွန်မက ဒီအိမ်ကို စရောက်ကတည်းက အသက်အကြီးဆုံး ဘွားဘွားအတွက်ကစပြီး ကြီး



www.burmeseclassic.com

www.burmeseclassic.com



စဉ်ငယ်လိုက် ထိုးပေးခဲ့တာ ခုမှ မာန့်အလှည့်ဖြစ်သွားတာ”

“ဟုတ်ပါတယ်. . ကိုယ်ဘာပြောနေလို့လဲ၊ ကဲ. . အဲ
သိုးမွေးအပ်ကို ခဏချထားပြီး ကိုယ်တို့စကားပြောကြရအောင်

ရန်၏တောင်းဆိုချက်ကို. . . နွေတမန် လိုက်လျော
သည်။ ထိုးလက်စ သိုးမွေးချည်ခင်နှင့် အပ်ကို ခြင်းတောင်းတွင်း
သို့ စနစ်တကျထည့်လိုက်သည်။

ပြီးတော့. . မိမိအား ရွှမ်းလက်သောမျက်လုံးများဖြင့်
ကြည့်နေသူရန့်အား ရင်ဆိုင်လိုက်သည်။

ရန်၏မျက်လုံးများ၌ မြတ်နိုးခြင်းအရောင်များ ထွက်
သည်။ နွေတမန် သက်ပြင်းချလိုက်မိသည်။

“ဘာလို့ သက်ပြင်းချတာလဲ၊ မင်း စိတ်ထဲမှာ အကျဉ်း
ကျပ်တစ်ခုရှိနေလို့လား နွေ”

“ဟုတ်တယ် ရန်၊ ရန်မေးလာမယ့် မေးခွန်းတွေအတွက်
ကျွန်မမှာ ဖြေဖို့အဖြေမှ အသင့်မရှိသေးနေလို့ပါ”

“ခုထက်ထိ မရှိသေးဘူး ဟုတ်လား”

ရန်က တအံ့တသြဖြင့် မေးခွန်းထုတ်လိုက်သည်။

“ဟုတ်ပါတယ်”

“ကိုယ်နဲ့လက်ထပ်ဖို့ အနေးအမြန်ကိုလား”

ရန်သည် ကိုယ့်ကိုယ်ကိုယ်အထင်ကြီးတတ်ပုံရသည်
သူလိုလူမျိုး. . ဘယ်မိန်းကလေးမှ ငြင်းပယ်လိမ့်မည်
မဟုတ်ဟု တွေးဆထားပုံရသည်။

“မဟုတ်ဘူး. . လက်ထပ်ဖို့ကိစ္စ၊ လက်ခံဖို့လက်မခံ





အတွက်ကို အဖြေမရှိသေးတာ”

ရန်က ထရပ်ပြီး နွေတမန်၏ဆိုဖာအနီး၌ အုပ်မိုး၍ရပ်
လိုက်သည်။ တည်ငြိမ်သောအပြုံးက အထက်စီးဆန်နေသည်။

“နွေ ကိုယ့်ကို ရယ်စရာပြောနေတာလား”

“မဟုတ်ဘူး၊ တကယ်. . .”

ရန်က အပြုံးမပျက်ဘဲ. . .

“ကိုယ့်မှာ မိန်းမတစ်ယောက်လက်ထပ်ချင်လောက်တဲ့
အရည်အချင်း မပြည့်စုံသေးဘူးလား၊ ဘာတွေလိုအပ်နေလို့လဲ
နွေ. . .”

ရန်သည် စိတ်ရှည်သော လူတစ်ယောက်ဖြစ်သည်။
စိတ်ရှည်လက်ရှည် ထုတ်လာသောမေးခွန်းအတွက် နွေတမန်
စဉ်းစားပြီး ရန့်အား မေးခွန်းပြန်ထုတ်လိုက်သည်။

“လက်ထပ်ခြင်းအတွက် အလိုအပ်ဆုံးအရာ အချစ်မ
ဟုတ်ဘူးလား ရန်”

ရန်က သူ၏အနီးမှ ဖယ်ကြဉ်ကာ လျှောက်သွားပြီး ဆို
ဖာဆက်တီတစ်လုံး၌ ဝင်ထိုင်လိုက်ပြန်သည်။

“နွေ ကိုယ်မင်းကို ရင့်ကျက်တည်ငြိမ်တဲ့ မိန်းမတစ်
ယောက်ဖြစ်လိမ့်မယ်လို့ ထင်ထားတာ”

“အချစ်နဲ့ပတ်သက်ရင်တော့ မရင့်ကျက်သေးတာအ
မှန်ပါပဲ ရန်၊ ဒါကြောင့် ကျွန်မကို အချိန်ထပ်ပေးပါဦး ကျွန်မ
ထပ်စဉ်းစားဦးမယ်”

“ဘာဖြစ်လို့ အချိန်ဆွဲချင်ရတာလဲ နွေ၊ ဘယ်တော့



www.burmeseclassic.com

www.burmeseclassic.com



သက်အရွယ်လို အချစ်ဟာ ဘဝတစ်ခုလုံးအတွက် အရေးပါဆုံး အရာလို့များ မင်းတွက်ဆထားသလား"

နွေတာမန် ရန်ကို နားလည်စပြုလာသည်။ ရန်သည် ယောကျ်ားမာနရှိသည်။ သူကဲ့သို့သော ပြည့်စုံခြင်းအပေါ်၌ ငြင်းပယ်နေခြင်းအတွက် ခံပြင်းသွားပုံရသည်။

"အိမ်ထောင်တစ်ခုမှာ ပြည့်စုံခြင်းက အဓိကမကျဘူး လားနွေ၊ ကိုယ်ဟာ မင်းဘဝလုံခြုံမှု မြင့်မားမှုကို အပေးနိုင်ဆုံး ယောကျ်ားတစ်ယောက်အဖြစ် အမြန်ဆုံးအားကိုးအားထားပြု သင့်ပြုထိုက်တယ်ဆိုတဲ့ အတွေးမျိုးကို မင်းလက်ခံသင့်တယ်"

"ဒါကတော့ ရန်နဲ့ကျွန်မ ခံယူချက်ခြင်းမှ မတူညီဘဲ ပြည့်စုံခြင်းဆိုတဲ့နေရာမှာ ပစ္စည်းဉစ္စာပြည့်စုံခြင်းထက် စိတ်ပိုင်း ဆိုင်ရာ ပြည့်စုံခြင်းကို ကျွန်မပိုလိုလားပါတယ်"

"စိတ်ပိုင်းဆိုင်ရာ ပြည့်စုံခြင်းဆိုတာက မင်းဘာကိုဆို လိုတာလဲနွေ"

ရန်နှင့် စကားပြောဆိုနေသည်မှာ ခက်ခဲသောအင်တာ ဗျူးတစ်ခုကို ဖြေဆိုနေရသကဲ့သို့ ပင်ပန်းလှသည်။

"ချစ်ခြင်းမေတ္တာပါတဲ့ အိမ်ထောင်ရေးကသာ ပြည့်စုံ တဲ့အိမ်ထောင်ရေးတစ်ခုပေါ့။ စိတ်ပိုင်းဆိုင်ရာ ပြည့်စုံတဲ့အတွက် စိတ်ချမ်းသာကိုယ်ချမ်းသာနဲ့ အိမ်ထောင်ရေးသာယာမယ်လို့ ကျွန်မယူဆတယ်"

"ဩော် ကိုယ်သဘောပေါက်ပြီ၊ ကိုယ်ကလည်း အချစ် ကို နကန်းတစ်လုံးမှ မသိတဲ့လူလိုပါပဲ၊ ကိုယ့်ကိုချစ်မှ မင်းလက်





ထပ်မယ်ဆိုတဲ့ သဘောပေါ့၊ ဟုတ်လား နွေ. ."

"ဟုတ်ပါတယ် ကျွန်မက ရန်ကိုချစ်မချစ်၊ ကျွန်မကိုယ် ကျွန်မ ဆန်းစစ်ဦးမယ်၊ ရန်ကကော ကျွန်မကို ချစ်မချစ်. ."

ထိုစကားဆက်ရန် နွေတာမန်အတွက် အင်မတန်ခက်ခဲ လေသည်။ မျက်နှာနီရဲလာကာ ရန်အကြည့်ကို လွှဲဖယ်လိုက် သည်။

ထိုအချိန် ဧည့်ခန်းထဲ၌ ဘယ်အချိန်ကရောက်နေမှန်း မသိသော မာန်ကိုတွေ့လိုက်ရသဖြင့် ရုတ်ခြည်းထလိုက်မိသည်။

"မာန်ပြန်လာပြီလား၊ ထမင်းစားပြီးပြီလား"

"ပြီးပါပြီ၊ ကျွန်တော်ကြောင့် အနှောင့်အယှက်ဖြစ်သွား ပြီထင်တယ်၊ ဆောရီးကိုကို. . ကျွန်တော် အိပ်တော့မယ်"

"နေဦး. . မာန်၊ ရန်က မင်းကိုတွေ့ချင်နေတာ၊ တို့နဲ့ရန် ဘာမှပြောစရာမရှိတော့ဘူး၊ တို့အိပ်တော့မယ်. . ရန် ကျွန်မတို့ ခွင့်ပြုပါဦး"

နွေတာမန် ဘယ်သူမှဟန့်တားခြင်းမပြုနိုင်မီ သိုးခွေခြင်း ကိုဆွဲကာ ဧည့်ခန်းထဲမှထွက်ခဲ့လေသည်။

မွန်းကျပ်မှုအတွက် ထွက်ပေါက်ရှာနေစဉ်. . မာန်သည် ကယ်တင်ရှင်အဖြစ် ရောက်ရှိလာခြင်းအတွက် နွေတာမန် မာန့် အား ကျေးဇူးတင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း ( ၂၇ )

မာန်သည် အစ်ကိုဖြစ်သူအား အံ့အားသင့်စွာကြည့်လိုက်သည်။

"နွေတမန်ဟာ ကိုကို့လိုလူမျိုးကိုယူဖို့အတွက် စဉ်းစားဖို့ အချိန်ယူရလိမ့်မယ်လို့ ကိုကို လုံးဝထင်မထားခဲ့ဘူး"

"ကိုကို့ကို သူ ငြင်းနေလို့လား"

"အချိန်ဆွဲနေတယ်"

"ဘာအကြောင်းပြချက်နဲ့လဲ"





မာန်၏ရင်၌ တိတ်တခိုးမျှော်လင့်ချက်များ ရှင်သန်လာသည်။ သို့သော် အစ်ကိုနဲ့စေ့စပ်ထားပြီးသား မိန်းမက ညီနဲ့အနေ ပ်တော့ ညီနဲ့လိုက်ပြေးတယ်ဆိုတဲ့ ဂုဏ်သိက္ခာမဲ့တဲ့အလုပ်မျိုး တစ်သက်လုံးမလုပ်ဘူးဟု နွေတမန်ကြွေးကြော်ထားခဲ့သည် အမှတ်ရမိလိုက်ပြန်တော့. . တိတ်တခိုးမျှော်လင့်ချက်သည် ငွင့်ပါးပျောက်ကွယ်သွားလေသည်။

"ရင့်ကျက်မှုမရှိတဲ့ အတွေးအခေါ် တစ်ခုပါကွာ၊ ညီ နားလည်မယ်မထင်ပါဘူး"

"ညီနားမလည်ဘူးထင်ရင် ကိုကိုရှင်းပြပေါ့"

ရန်က မာန်အားကြည့်လိုက်သည်။ ငယ်စဉ်ကတည်းက ညီအား ပိုလ်ကျအနိုင်ယူတတ်သော မာန့်အပေါ် အမျက်မသိုဘဲ လျှော့ပေးကာ ကျေနပ်ခဲ့ရသည်အထိ အချစ်ပိုခဲ့ရသည်။

ခုလည်း သူသိချင်တာကို မိမိကမရှင်းပြလျှင်. . .

"ပြောလေဗျာကိုကို၊ ရင့်ကျက်မှုမရှိတဲ့ အတွေးအခေါ် ဆိုတာဘာလဲ. ."

"စိတ်ကူးယဉ်ဆန်ဆန်အတွေးမျိုးကိုပြောတာ"

"မမက ဘာကိုစိတ်ကူးယဉ်ဆန်နေလို့လဲ"

"အိမ်ထောင်တစ်ခုကို အချစ်နဲ့ပဲတည်ဆောက်ချင်တယ် . . ဘယ်လောက်အောက်သလဲ၊ ကိုကို့လိုလူမျိုး သူငြင်းပယ် ယ်ဆိုကတည်းက သူ့မှာ ဦးနှောက်မရှိဘူး"

"ဒါပေမယ့် နှလုံးသားရှိမှာပါ"

မာန်က နွေတမန်ဘက်က ခံပြင်းသွားသည်။ ရန်ကာ. .



www.burmeseclassic.com

www.burmeseclassic.com



"နှလုံးသားဆိုတာ ဘာလုပ်ရမှာလဲ"

"နှလုံးသားမရှိရင် လူမဟုတ်ဘူးလေ ကိုကို၊ ကိုကို့ ချက်တွေဟာ သိပ်ကိုမှားယွင်းနေပြီ၊ အိမ်ထောင်တစ်ခုကို... ပွားရေးစာရင်းအင်းလို တွက်ယူလို့မရဘူး၊ ကျွန်တော်မေး ကိုကို မမကို ချစ်သလား"

"ချစ်သလား၊ ဒီမေးခွန်းက တော်တော်ခက်တယ်၊ ညီ ကိုကို ချစ်တယ်၊ ညီလိုချင်တာကို ကိုကိုပေးနိုင်တယ်၊ ဒါပေမဲ့ သူလိုချင်တာကိုတော့ ကိုကိုမလိုက်လျောနိုင်ဘူး၊ ကိုကို့အ သာ သူကလိုက်လျောရမယ်"

မာန်သည် အစ်ကိုဖြစ်နေခြင်းကြောင့် ဒေါသစိတ်ကို သိပ်လိုက်သည်။ ချစ်သူအတွက် ခံပြင်းသွားသည်။

"စဉ်းစားကြည့်စမ်း ညီ၊ သူ့ဘဝကို မြင့်မားလာအောင် ကိုကိုတို့မိသားစုက ကယ်တင်ခဲ့တယ်၊ မေမေလိုလူမျိုးမို့လို့ ဂုဏ်ချင်း၊ ရွှေရွှေချင်းထပ်မြတ်ဖို့အတွက် တကယ့်ဒိတ်ဒိတ် တွေကို ဖယ်ရှားပြီး သူ့ကို ရွေးချယ်ပေးခဲ့တယ်၊ သူ ကိုကို့လို နဲ့ လက်ဆက်ဖို့ကို ဝမ်းသာအားရလက်ခံရမယ့် အနေအထား ဒါကို..."

မာန် စိတ်လျှော့လိုက်သည်။ နွေတမန်ဘက်က ခံ စိတ်တို့ကို မျိုသိပ်ပြီး...

"ဒီတော့ ကိုကိုဘာဖြစ်ချင်တာလဲ"

"ကိုကိုကတော့ ဒီတစ်ပတ်ညှော်ခံပွဲမှာ စေ့စပ်ပြီး နော လ လက်ထပ်မယ်"





"ကိုကို သူ့ကို ချစ်သွားနိုင်လို့လား"

"ကိုကိုတို့အရွယ်ဟာ အချစ်နဲ့အိမ်ထောင်တစ်ခု တည်ဆောက်စရာမလိုတော့ဘူး၊ ကိုကို သူ့ကိုကြိုက်တယ်..၊ ကြိုက်တယ်ဆိုတာ ရုပ်အဆင်းသဏ္ဌာန်ရော၊ လုပ်ရည်ကိုင်ရည်ရော သဘောကျပါတယ်၊ ကိုကိုမြင်ဖူးသမျှ မိန်းမတွေထဲမှာ သူဟာ နှစ်သက်စွဲမက်စရာ အကောင်းဆုံးမိန်းမပဲ..၊ ဖေဖေ မေမေတို့ ကိုယ်တိုင်ကလည်း သဘောကျတဲ့မိန်းမဖြစ်တော့ ကိုကို့ဘက်ကတော့ အဆင်သင့်ပဲ၊ ဒါကို အချိန်ဆွဲနေတာ ကိုကိုမကြိုက်ဘူး"

"မိန်းမသားတစ်ယောက်ရဲ့ ဆုံးဖြတ်ပိုင်ခွင့်တစ်ခုကို ကိုကိုက ကန့်ကွက်ချင်လို့ရမလား၊ စိတ်ရှည်မှပေါ့.."

"စိတ်မရှည်နိုင်ဘူးညီ၊ ပွဲဦးထွက်မှာ ကိုကိုအလျှော့ပေးလိုက်ရင်..နောက် ကိုကို့အပေါ် အမြဲနိုင်စားသွားမှာပေါ့ကွာ"

"ဒီလိုတော့ မထင်ပါနဲ့၊ မမဟာ အင်မတန်စိတ်ရှည်တဲ့ အမျိုးသမီးပါ"

"စိတ်ရှည်လို့မရဘူး၊ ကိုကိုလုပ်စရာ အလုပ်တွေအများကြီးရှိသေးတယ်၊ အမေရိကားကိုလည်း သွားချည်လာချည်လုပ်စရာရှိနေသေးတော့ ကိုကို့အနေနဲ့ နောက်ကြောင်းအေးချင်တယ်၊ နောက်..ကိုကို့အသက်လည်း မငယ်တော့ဘူးလေ ညီ"

"ညီ တစ်ခုမေးချင်တယ်၊ တကယ်လို့များ မမ ကိုကို့ကို ငြင်းဆန်လိုက်မယ် ဆိုရင်ကော..."

"ဟား..ဟား..ဟား..၊ ညီက ဟာသပြောတတ်သားပဲ၊ ကိုကို့လိုလူမျိုး သူ့ငြင်းပယ်ရင် သူ့လောက်မိုက်တဲ့ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ရှိပါ့မလား၊ သူ ဒီလောက်မမိုက်မဲဘူးလို့ ကိုကိုထင်ပါတယ်. . ကဲ. . ညီ. . စကားလည်းကောင်းတယ် ကိုကိုအိပ်တော့မယ်. . ဪ. . ညီမှာတဲ့ပစ္စည်းတွေ ညီ့အိပ်ခန်းထဲမှာ ကိုကိုပို့ထားပြီး ပြီ၊ ဂွတ်နိုက်ညီ. . ”

ရန် အပေါ်ထပ်သို့ တက်သွားသည်ကို မာန်ငေးမေ ကြည့်နေမိသည်။

မာန်အတွက် အသည်းဆတ်ဆတ်ခါအောင် နာကျင် သော်လည်း သူထုတ်ဖော်တောင်းဆိုလိုသော စကားများ တော့ လုံးဝမထုတ်ဖော်မိပါချေ။

ထိုစကားတစ်ခွန်းကား. . .

“ပွဲတက်ဇနီးမယားတစ်ယောက်အနေနဲ့ လက်ထပ် ခြင်းဆိုရင်လည်း ကိုကို့အတွက် မိန်းမရှားပါဘူး၊ ဒီတော့ ကျ တော့ဘဝအတွက် မရှိမဖြစ်အလိုအပ်ဆုံးဖြစ်တဲ့ မမကို ကျ တော့်ကို ပေးပါလား” ဟု။

သို့သော်. . .

နွေတမန်သည် ယောကျ်ားသုံးပစ္စည်းမဟုတ်။

နွေတမန်သည် လူ့အသုံးဝင်၊ သက်ရှိလူသားဖြစ်သ ကိုတော့ ကိုကိုသိရှိ နားလည်သင့်ပါသည်။

“မာန်လေး အိပ်တော့လေ. . . ဆယ်နှစ်နာရီကျော် လေးနန်း မီးတွေလိုက်ပိတ်လိုက်တော့မယ်နော်”

ဒေါ်နန်း ဘယ်အချိန်ကတည်းက ရှိနေသည်ကို မာ သတိမထားမိလိုက်ပါချေ။ အသံကြားမှ ပတ်ဝန်းကျင်ကို သတိ





မိလိုက်သည်။

“ဪ. . ဟုတ်ကဲ့ လေးနန်း၊ လေးနန်းက မအိပ်သေး ဘဲ ဘာလုပ်နေတာလဲ”

“လေးနန်း တစ်ရေးနိုးတာပါ၊ ဒီလိုပဲ နိုးတဲ့အချိန် အိမ် တံခါးတွေ လိုက်စစ်နေကျပဲ၊ ကဲ. . ကဲ. . အိပ်တော့နော်”

ပြောပြောဆိုဆို ဒေါ်နန်းက မီးဆိုင်းများကိုပိတ်ပြီး ည မီးများကို ပြောင်းလဲထွန်းလိုက်သဖြင့် မာန်အပေါ်ထပ်သို့ လေး တွဲသော ခြေလှမ်းများဖြင့် တက်ခဲ့လေသည်။

နွေတမန်အတွက် စိတ်မကောင်းဖြစ်မိသည်။

ကိုကို့စကားများကို မမသာကြားသိခဲ့လျှင်. . .

ကြားသိအောင် သူပြော သင့်သလား။

ကိုယ့်ဘက်ပါအောင် ဆွဲဆောင်ခြင်းဟု မမအထင်လွဲ သွားလျှင်ကော။

မမ၏ အထင်လွဲခြင်းကို မခံနိုင်။

ကိုကို၏ ယောကျ်ားမာနကို မမ သူ့အလိုအလျောက် တွေ့မြင်နားလည်နိုင်ပါစေဟုသာ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း ( ၂၈ )

"မင်း ကားမောင်းမသင်ရသေးဘူးလား နွေ"

ကုမ္ပဏီသို့သွားရန် အသင့်အနေအထား၌. . ရန်သည် နွေတမန်အား အံ့အားသင့်စွာ မေးလိုက်သည်။

"မာန်က သင်မပေးဘူး"

"ညီက တော်တော်ဆိုးတာပဲ၊ ကိုကိုက ဒီမှာအမြဲရှိနေနိုင်တာမဟုတ်ဘူး၊ ရှိတဲ့တိုင်အောင် သူ့ကိုအမြဲ လိုက်ပို့ပေးနေနိုင်မှာမဟုတ်ဘူး၊ ကပါ ညီသင်မပေးချင်လည်း ယာဉ်မောင်းသင်





န်းတစ်ခုမှာ လိုက်သင်လိုက်ပါ"

မာန်အား နွေတမန်ကြည့်မိသည်။

မာန့်မျက်နှာနီရဲနေသည်။

အစ်ကိုဖြစ်သူအား အလိုမကျမှန်းသိသည်။

နွေတမန်က. . .

"အခု ရန်နဲ့ကျွန်မ နှင်းဆီကုမ္ပဏီကို အတူတကွသွား မဟုတ်ဘူးလား"

"ဟုတ်တယ်. . ဒါပေမယ့် ခဏပဲ၊ ဝန်ထမ်းတွေကို စကားပြောပြီးရင် ဆိုက်ထဲကူးဦးမယ်၊ နောက် ကုမ္ပဏီသစ်တစ်ခုတွေက် နေရာသစ်တစ်ခု ထပ်ရှာရဦးမယ်လေ၊ အပြန် သူ့ကိုယ်ကြိုပေးနိုင်မလဲ၊ နောက်. . ဒရိုင်ဘာနဲ့သွားလာတာမျိုးကည်း အပိုငွေပဲ၊ ဟိုမှာဆိုရင်. ."

"ကဲ. . တော်ပါပြီရန်၊ ကျွန်မတို့ သွားကြရအောင်၊ ရှင်ကြိုနိုင်ရင်လည်း ကျွန်မဘာသာ ဘတ်စ်နဲ့ပြန်ပါ့မယ်"

ရန်က နွေတမန်အား မကျေမနပ်သောဟန်ဖြင့် ကြည့်ိုက်သည်။

"မင်း ဒါသက်သက်မဲ့ ကိုယ်တို့မိသားစုရဲ့ ဂုဏ်သိက္ခာချဖို့ ကြံရွယ်ချက်ပဲနွေ၊ နှင်းဆီကုမ္ပဏီရဲ့ ဒွေးမလောင်းဟာတ်စ်ကားစီးရဲ့ အဆင့်အတန်းဆိုတာမျိုးကို ပြလိုက်ချင်တဲ့ဘောလား"

နွေတမန် မခံနိုင်ပါ။

"ဘတ်စ်ကားစီးတာဟာ ဂုဏ်သိက္ခာကို ကျဆင်းစေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လား၊ ဝမ်းနည်းပါတယ်ရန်၊ ကျွန်မ ဘတ်စ်ကားစီးခဲ့ရတဲ့ လူတန်းစားပါ၊ ဘဝမမေ့ပါဘူး လိုအပ်ရင် လိုအပ်သလို စီးသွားတဲ့အခါ စီးမှာပဲ၊ ကားမောင်းသင်ဖို့ မသင်ဖို့ဆိုတာကို ကျွန်မစဉ်းစားဦးမယ်၊ ကျွန်မဝါသနာပါမှ စိတ်ပါမှ ကျွန်မသင်မယ်"

"မင်း . . ကိုယ့်ကို သက်သက်ခွတိုက်ဖို့ ကြိုးစားနေတာလား"

"မဟုတ်ပါဘူး၊ ကျွန်မရဲ့ဆန္ဒကိုပြောတာပါ"

"မင်းဆန္ဒကို မင်းထုတ်ဖော်ပြောဖို့မလိုဘူး၊ မင်း ကိုယ့်ဆန္ဒကိုပဲ လိုက်လျောသင့်တယ်"

"ဝမ်းနည်းပါတယ်ရန်၊ ကိုယ့်ခန္ဓာနဲ့ သူတစ်ပါးဆန္ဒမျိုး ကျွန်မမနေနိုင်ပါဘူး၊ ဒါပေမယ့် . . ရှင်က ရှင်ရဲ့ဝန်ထမ်းတစ်ယောက်အနေနဲ့ ကျွန်မကို အမိန့်ပေးတာမျိုး ကျွန်မလက်ခံနိုင်တယ်၊ ရှင့်ရဲ့ဇနီးလောင်းတစ်ယောက်ကို ချုပ်ကိုင်ပုံသွင်းမှုမျိုးဆိုရင်တော့ ကျွန်မ ဝမ်းနည်းပါတယ်"

ရန်၏အမျက်က အပြင်သို့ ထွက်မလာပါချေ။

"ကောင်းပြီး၊ ကိုယ်နဲ့မင်း ဒီကိစ္စကို နောက်မှဆွေးနွေးမယ်. . အခု သွားမယ်၊ ညီ မင်းမကို ညနေကြိုပေးလိုက်ပါ"

မာန် အင်းမလုပ် အဲမလုပ် နေလိုက်သည်။ နွေတမန်က မာန့်အားကြည့်လိုက်သည်။

ထိုအကြည့်၌ နားလည်မှုများပါသည်။ ကရုဏာများပါသည်ဟု မာန်နားလည်လိုက်သည်။

နွေတမန်က အေးဆေးစွာပင် ကားဆီသို့လျှောက်သွား





သည်။ ရန်က သူ့အတွက် ကားရှေ့ခန်းတံခါးကို ဖွင့်ပေးလိုက်သည်။ မိန်းမကို ဦးစားပေးရမည်ဟူသော အပေါ်ယံ အပြုအမူလေးတွေကတော့ အနောက်တိုင်းယဉ်ကျေးမှုမှ ပါလာဟန်တူသည်။

•

နွေတမန် ကားပေါ်တက်ပြီးမှ သူက တံခါးပိတ်ပေးသည်။

ကားမောင်းစဉ် သူ့ဘက်မှ စကားတစ်ခွန်းမှ စမပြောသဖြင့် နွေတမန်ကလည်း မစမိချေ။

သို့သော် ကားပေါ်မှဆင်းကာနီးတွင် . . .

"ဆယ်နာရီခွဲတိတိ အစည်းအဝေးစမယ်၊ ဝန်ထမ်းအားလုံး ဆင့်ခေါ်ထားလိုက်ပါ"

"ဟုတ်ကဲ့"

နွေတမန် သူ့အားမစောင့်ဘဲ ကုမ္ပဏီထဲသို့တန်းဝင်ခဲ့ပြီး လုပ်စရာရှိသည်တို့ကို ချက်ချင်းလုပ်ဆောင်လိုက်သည်။

ရန်သည် အံ့ဩစရာကောင်းလောက်အောင်ပင် တည်ငြိမ်ရင့်ကျက်စွာဖြင့် လုပ်ငန်းအတွက် အစီအစဉ်များကို တစ်ခုချင်းအသေးစိတ် စီစဉ်ချမှတ်သွားနိုင်ခဲ့သည်။

နွေတမန်ကို ဆက်ဆံသည့်အခါ၌လည်း သူ၏ခန့်နေ ဂွင်းဒါရိုက်တာ အဆင့်ထက်မပိုချေ။ သူနှင့် နွေတမန်သည် မိတ်ဆွေများအသိအမှတ်ပြုထားသော ဇနီးလောင်းမဟုတ်သည့်အလား။

နွေတမန်ဘက်က ပို၍အနေစိမ်းနိုင်ခဲ့ပါသည်။

နွေတမန် ရန်၏သဘောထားကို သိလိုပြီး



www.burmeseclassic.com

ရန်က မာနကြီးသည်။ မိန်းမတစ်ယောက်အတွက် အရေးတယူလုပ်ပြီး သူ၏အချိန်များကို ဖဲ့ပေးလိမ့်မည်မဟုတ်။

နှလုံးသားအရေးထက် ဦးနှောက်အရေး ပို၍အရေးပါသည်ဟု ယူဆထားသော သူတစ်ယောက်ဟု ရန့်အပေါ် မြင်မိသည်။

နွေတမန် ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ဖို့ လိုလေပြီ။







# အခန်း ( ၂၈ )

"အန်တီ့ကို ကျွန်မ စကားပြောချင်ပါတယ် အန်တီ"

ဒေါ်လှမျိုးနွယ်က နွေတမန်အား အံ့ဩသကဲ့သို့ လှမ်းကြည့်လိုက်သည်။

ရန် နိုင်ငံခြားက ပြန်ရောက်လာသည့် အထိမ်းအမှတ်ညစာစားပွဲလုပ်ရန် ရက်ရွေးပြီးဖြစ်သည်။ ထိုရက်၌ စေ့စပ်ခြင်းကိုတစ်ခါတည်းကြေညာမည်ဖြစ်သည်။ နောက်နေ့ သတင်းစာထဲ အပါထည့်မည်။

www.burmeseclassic.com



လက်ထပ်ခြင်းကို တစ်ဝက်ကြေညာသော အလုပ်ဖြစ်သဖြင့် နွေတမန် ပြတ်သားမှုဖြစ်တော့မည်။

ရန်တို့သားအဖနှစ်ယောက်က ညစာစားပွဲတက်သွားသဖြင့် ဘွားသဥ္စာမျိုး၊ ဒေါ်လှမျိုးနွယ်နှင့် နွေတမန်သာ ညနေစာထမင်းသုံးဆောင်ကြသည်။

ထမင်းစားအပြီး၌ ညေ့ခန်း၌ အချိုပွဲစားရင်း စကားစမြည်ပြောကြသည်။

နွေတမန် ဘွားသဥ္စာကိုပါ လှမ်းကြည့်လိုက်သည်။

ဘွားသဥ္စာကလည်း စိတ်ဝင်စားဟန်ဖြင့် မိမိအား လှမ်းကြည့်နေသည်။

နွေတမန်က ထိုးပြီးသွားသော မာန်၏ဆွယ်တာလေးမှ သိုးမွေးချည်မျှင်အစွန်းအစလေးများကို ဖြတ်တောက်ရင်း

"အန်တီတို့ မိသားစုရဲ့ကျေးဇူးကို ကျွန်မတစ်နည်းနည်းနဲ့ ဆပ်ခွင့်ကြုံတဲ့တစ်နေ့ ဆပ်ပါ့မယ်၊ ရန့်ကို လက်ထပ်ခြင်းနည်းနဲ့တော့ မဆပ်ပါရစေနဲ့"

နွေတမန်၏ စကားအဆုံး၌ ဒေါ်လှမျိုးနွယ်က မဆိုင်းမတွပင်. . .

"ရန်နဲ့လက်ထပ်ပေးတာကို နွေဘက်က နစ်နာတယ်လို့များ ထင်နေလို့လား"

"မထင်ကောင်းစရာပါ အန်တီ၊ ကျွန်မဘဝတစ်ခုလုံး မြင့်မားတိုးတက်သွားရမယ့် ကိစ္စဆိုတာ ကျွန်မသိပါတယ်၊ ဒါပေမယ့် ကျွန်မလိုချင်တာ စည်းစိမ်ချမ်းသာမဟုတ်ပါဘူး၊ ချစ်ခြင်း





မေတ္တာတရားပါ၊ ကျွန်မ ရန်ကိုလက်ထပ်ခဲ့ရင် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှု၊ စည်းစိမ်ရှိမှုကိုပဲရမယ်၊ စိတ်ပိုင်းဆိုင်ရာတော့ ရမယ်မထင်ဘူး၊ ကျွန်မကို ခွင့်လွှတ်ပါ"

ဘွားသဥ္စာမျိုးက. . .

"သမီးက ရန်နဲ့ဆွေးနွေးပြီးပြီလား"

"ဆွေးနွေးတိုင်း ပြေလည်မှုမရပါဘူး၊ ဒါပေမယ့် ကျွန်မနားလည်တာက ရန်ဟာ သူဖြစ်ချင်တာကိုပဲ သူဖြစ်အောင်ဖန်တီးတတ်တဲ့ လူတစ်ယောက်ပါ၊ ကျွန်မဘက်ကလည်း ရန်ကို ကျွန်မချစ်လာမှာ မဟုတ်တဲ့အတွက် ကျွန်မတို့ရဲ့အနာဂတ်ဟာ သာယာလာမှာမဟုတ်ဘူးလို့ ထင်တယ်၊ ဒါကြောင့် ကျွန်မဘက်က ရန်နဲ့လက်ထပ်ဖို့ ဆန္ဒမရှိတော့ပါဘူး"

"ကောင်းပြီလေ၊ နွေ့ဆန္ဒကို အန်တီ့သားကြီးကို ပြောပြလိုက်ပါမယ်၊ အန်တီ့ဘက်ကတော့ သွားလေသူ မင်းအမေရဲ့ဆန္ဒကို အကောင်အထည် ဖော်ပေးခဲ့တာပဲ၊ မင်းကိုလည်း အန်တီရဲ့ အတွေ့အကြုံအရ ဆုံးမပေးခဲ့ပြီးပြီပဲ၊ စိတ်ကူးယဉ်ရမယ့်အရွယ်မဟုတ်ဘဲ စိတ်ကူးယဉ်ဆန်တတ်တဲ့ မင်းရဲ့သဘောကို စောစောစီးစီး သိရတာကိုပဲ အန်တီတို့ ကံကောင်းသွားတယ်လို့ယူဆရမှာပါ"

"ကျွန်မကို ခွင့်လွှတ်ပါ ဘွားဘွားနဲ့ အန်တီ"

နွေတမန်သည် ကျေးဇူးရှိဖူးသောသူများဖြစ်၍ ရှိသေစွာ ထိုင်ကန်တော့လိုက်သည်။

"မနက်ဖြန် ကျွန်မကို ဒီအိမ်ကထွက်ခွာခွင့်ပေးပါ၊ အ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိစ္စအတွက် အနှောင့်အယှက် ဖြစ်သွားရတာကိုလည်း. ."

"ကိစ္စမရှိပါဘူး၊ ကေန်းသေ ငွေပေါ်လာပါလိမ့်မယ်"

နွေတမန်သည် သည်းခံပါသည်။ ကျေးဇူးရှိသူတို့ကို မိမိဘက်က ဘာကိုမှမပေးဆပ်ရသေးပေ။

ဒီည မာန်အိမ်ပြန်မအိပ်ဘူးဟု ပြောသွားသဖြင့် မာန်အား ရင်ဆိုင်စရာမလို။ မာန်ကိုသာ မိမိကြောက်သည်။ နှလုံးသား၏ ပေါက်ကွဲမှုများက အခြေအနေကို ပြောင်းလွဲစေနိုင်သည်။

"ရန်ကိုမယူဖြစ်လည်း ဒီမှာ မောင်နှမသားချင်းလိုနေပြီး ကုမ္ပဏီမှာ ဆက်လုပ်သွားလို့ မရနိုင်ဘူးလားကွယ်"

"ဘယ်ဖြစ်မလဲ အမေရဲ့၊ ပတ်ဝန်းကျင်က ရှိသေးတယ် ရန်ကသူနဲ့ လက်မထပ်ပေးရလည်း အခြားတစ်ဦးဦးနဲ့ လက်ထပ်ပေးရမှာပဲ၊ အိမ်ရဲ့အရှင်သခင်မ ဖြစ်လာမယ့်သူရဲ့ အငြိုအငြင်ကိုတော့ မခံချင်ဘူး အမေ. .၊ ဒီရာထူးကိုမှ သူမယူနိုင်တော့လည်း. ."

"ဟုတ်ကဲ့ပါ. . ကျွန်မ နားလည်ပါတယ် အန်တီ၊ ဘွားဘွားစိတ်မကောင်း မဖြစ်ပါနဲ့ ကျွန်မရဲ့မိုက်ပြစ်လို့ပဲ မှတ်ယူလိုက်ပါ"

ဘွားသဥ္စာမျိုးက စိတ်မကောင်းဖြစ်သွားရှာသည်။

ဒေါ်လှမျိုးနွယ်ကတော့ နားကြည်းခြင်း၊ ခံပြင်းခြင်းတွေ ဖြစ်ပေါ်နေပေသည်။ နွေတမန်အတွက် မတွေဝေတော့ပါ။

"ကျွန်မ မာန်အတွက် ဒီဆွယ်တာလေးပေးခဲ့ပါတယ်





ဘွားဘွား"

"အေး. . အေး. ."

"မနက်စောစောပဲ ကျွန်မဒီကထွက်သွားပါ့မယ်"

"ဘယ်လိုက်ပို့ပေးရမလဲ၊ ဒရိုင်ဘာကိုပြောထားမယ်"

"ရပါတယ် အန်တီ"

"ရပါတယ် မလုပ်နဲ့လေ. . သက်မာရဲ့မျက်နှာရှိသေးတယ်၊ မင်းက တို့အပေါ်စိမ်းကားရက်ပေမယ့် တို့ဘက်ကတော့ စောင့်ရှောက်ရမယ့် ဝတ္တရားရှိပါသေးတယ်"

"ကျေးဇူးတင်ပါတယ် အန်တီ"

"မလိုပါဘူးကွယ်"

ဒေါ်လှမျိုးနွယ်က အရင်. . အပေါ်ထပ်သို့ တက်သွားသည်။

"မနန်း ခဏလိုက်ခဲ့ဦး"

ဒေါ်နန်းကို ခေါ်သွားပြီး မကြာခင် ဒေါ်နန်းပြန်ဆင်းလာသည်။ ဒေါ်နန်းက နွေတမန်အား အထုတ်တစ်ထုတ်ပေးသည်။ လက်ဝတ်လက်စား အနည်းငယ်ပါသော အထုတ်တစ်ထုတ်ဖြစ်သည်။

"မနွေ့အမေအပ်သွားတဲ့ ပစ္စည်းတွေတဲ့"

နွေတမန် မျက်ရည်များကျလာသည်။

ဘွားသဥ္စာက သူ၏စိန်လက်စွပ်တစ်ကွင်းချွတ်ကာ နွေတမန်လက်၌ စွပ်ပေးသည်။

"ဒီလက်စွပ်က မာန်နဲ့လက်ထပ်မယ့် မိန်းကလေးအ



www.burmeseclassic.com

www.burmeseclassic.com



တွက် ရည်စူးပြီး ဘွားဘွားဝတ်ထားတာ၊ ဒါပေမယ့် ဘွားဘွား စိတ်ပြောင်းသွားပြီ၊ မင်းကိုပဲပေးချင်တယ်. . ဘွားဘွားကိုချစ်ရင် မင်းမငြင်းရဘူးနော်”

နွေတမန်က ဘွားသဥ္စာမျိုး၏ စိန်လက်စွပ်ထက်. . . မေတ္တာကိုနားလည်ကာ မငြင်းပယ်ရဲဘဲ မျက်ရည်တာကျိုးရလေသည်။

ဘွားသဥ္စာမျိုးအား ပြောပြချင်သောစကားများကို မြို သိပ်လိုက်ရသည်။ ရင်ထဲ ပင်ပန်းဆင်းရဲပါဘိ။

“ဘွားဘွား အသက်ရှည်အောင်နေပါနော်၊ ဘွားဘွားကို ကျွန်မလာကန်တော့ချင်ပါသေးတယ်”

“ရှည်မှာပါ၊ ဘွားဘွားက မြစ်တွေထိန်းချင်သေးတာ၊ အထူးသဖြင့် မာန်ရဲ့မျိုးဆက်ကိုပဲပေါ့”

“ဘွားဘွားရယ်”

နွေတမန် ဘွားသဥ္စာမျိုး၏ဆန္ဒကို ဖြည့်စွမ်းလိုပါသည်။

သို့သော် မျက်ရည်တာကျိုးရင်း ဘွားသဥ္စာအနီးမှ အမြန်ဆုံး ပြေးထွက်ခဲ့လေသည်။

နွေတမန်နှင့် ဤမိသားစု၏ အတိတ်ရေစက် ဤမျှနှင့် ပြီးဆုံးသွားပြီဟု။




# အပိုင်း (၄)



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၃၀ )

ဘဝတစ်ခုလုံးကို နှလုံးသားနဲ့ လဲလှယ်ယူလိုက်ရသ
နွေတမန် လျှောက်လှမ်းခဲ့ရသော ခရီးလမ်းသည် ကြမ်းတမ်
သည်။

သို့သော်. . ဝီရိယအကျိုးကျေးဇူးဖြင့် နွေတမန်သ
ဆယ်နှစ်အကြာတွင် လားရှိုးမြို့၌ စူပါမားကတ်တစ်ခုနှင့် ဟိုတ
တစ်ခုပိုင်ဆိုင်နိုင်သူတစ်ယောက် ဖြစ်ခဲ့သည်။





နွေတမန်သည် မာန်ကို တစ်နေ့မှ မေ့မရခဲ့။

မာန်နှင့် ရန်ယှဉ်လိုက်သောအခါမှ ရန် မိမိနှလုံးသားသို့ နေရာမပေးနိုင်ခြင်းမှာ မိမိနှလုံးသားတွင် မာန်နေရာအပြည့်ယူထားခြင်းကြောင့်ဟု သိလိုက်ရသဖြင့် ရန်နှင့်လက်ထပ်ရန်ကိစ္စကို ပြတ်သားစွာပင် ငြင်းပယ်နိုင်ခဲ့ခြင်းဖြစ်သည်။

ရန်သည် လက်ထပ်ချင်စရာကောင်းသော ပုဂ္ဂိုလ်ဖြစ်ပါလျှက်. . .

မိမိက လရောင်အောက်ကချစ်သူ၏ ညှို့ငင်ခြင်းကိုခံယူခဲ့ရသည်။ မာန်ပေးခဲ့သော စာချုပ်ကလေးကို ထုတ်ကြည့်ကာ သက်ပြင်းချပြီး အံဆွဲထဲပြန်ထည့်လိုက်သည်။

"မမ"

"ဪ. . အေး. . လာ"

မိမိရုံးခန်းအတွင်းသို့ ဝင်ရောက်လာသော အတွင်းရေးမှူးမလေး နန်းငွေငွေကြောင့် နွေတမန်၏ လွမ်းမောစိတ်တို့ လွင့်ပြယ်သွားသည်။

"နွေ ဘဏ်ခွဲဖွင့်ဖို့အတွက် ဧည့်သည်ဆယ်ဦး ကျွန်မတို့မာန်မှာတည်းမယ်၊ တစ်ပတ်စာဖြစ်တဲ့အတွက် လျှော့ပေးဖို့ပြောနေတယ်"

"ထုံးစံအတိုင်းပေါ့ နန်းငွေ၊ တစ်ပတ်ဆို ဖိုက်ပါစင့်နဲ့ပေါ့"

"ဒီထက်လျှော့စေချင်တာ"

"အပြောချိုချိုလေးနဲ့သာ စည်းကမ်းအတိုင်းပါလို့ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါကွယ်”

“ဟုတ်ကဲ့ မမ”

“နေရာတကာမှာ စာရင်းဇယားရှိပြီးသားပဲ၊ ဈေးရောင်းသလို တက်ဈေးကျဈေးလိုတော့ လုပ်လို့မဖြစ်ဘူးလေ၊ ဆိုင်ခန်းနဲ့ ဟိုတယ်လုပ်ငန်းကျတော့ မတူဘူး နန်းဒွေး”

“ဟုတ်ကဲ့ပါ မမ၊ ကျွန်မကလည်း ကျေနပ်အောင်သာ ဝင်ပြောပေးတာပါ. .”

“အေး. . အေး. . ၊ ဆက်လုပ်ပါ. .”

နန်းဒွေးဒွေး ထွက်သွားသည်။

ဘာကြောင့်ရယ်မသိ၊ ခုရက်ပိုင်း မာန့်အား အရမ်းသတိရနေသည်။

မာန်၏ အနာဂတ်ကို ငဲ့ညှာကာ မာန်နှင့်အတူတကွနေလိုစိတ်ကိုချိုးနှိမ်ပြီး. . မာန်နှင့်အဝေးဆုံးနေရာသို့ ပြေးထွက်ခဲ့သည်။

သို့သော်. . . မာန်နှင့်ဝေးသွားလေလေ. . .

မာန်နှင့်အနီးဆုံးသို့ ရောက်လေလေဖြစ်ခဲ့သည်။

ယခုအချိန်၌ မိမိနှလုံးသားတွင် မာန်မှလွဲ၍ ဘာမှမရှိတော့။

အသက်သုံးဆယ့်ခြောက်နှစ်အရွယ်သည် အိမ်ထောင်ပြုရန် သိပ်ကိုနောက်ကျနေသော အရွယ်ဖြစ်သည်။

အိမ်ထောင်ရေးသည် မိမိ၏အလုပ်တစ်ခု မဟုတ်တော့သကဲ့သို့ ခံယူထားသည်။





မိမိ၏နှလုံးသား၌ မာန်သည်သာ အချိန်ပြည့်စိုးမိုးလျက်။

မာန်ကြောင့် မိမိဘဝအသက်ရှင် နေထိုင်ရသလိုဖြစ်နေသည်။

ဖွင့်ခဲ့သည့် စူပါးမားကတ်ကလည်း “မာန်”၊ ဟိုတယ်အမည်ကလည်း “မာန်”၊ ထို “မာန်” တွေအတွက်. . နေ့တမန်အလုပ်လုပ်ခဲ့သည်။ ထို “မာန်”တွေအတွက် ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှားမှု၊ စိတ်အားထက်သန် ရှင်သန်ခဲ့သကဲ့သို့. . .

စိတ်နှလုံးသား၌လည်း မာန်ဟူသော ချစ်သူ့အတွက် ရှင်သန်နေသည်။

မာန်ဘက်ကကော. . .

ပေးဆပ်သော ချစ်ခြင်းနှင့် သူ့ဘက်ကသက်သေပြနိုင်သကဲ့သို့. . .

မိမိဘက်ကလည်း ပေးဆပ်သောချစ်ခြင်းမေတ္တာဆိုတာ မိမိဒေါ်နန်းထံ၌ပေးခဲ့သော စာလေးက သက်သေခံနေပေလိမ့်မည်။

ရင်ထဲမှတော့ မာန်အား တိတ်တခိုးမျှော်လင့်နေဆဲ။

ဆယ်နှစ်ဆိုသောကာလအထိ မိမိထံ မာန်ရောက်မလာသေးပါလားဟူသော အသိကြောင့် ရင်ဝယ်နွမ်းလျကာ မောဟိုက်နေသည်။

မိန်းမသားတစ်ယောက်၏ အစွဲအလမ်းကို ယောက်ျားတစ်ယောက်၏ အစွဲအလမ်းက မှီနိုင်ပါ့မလား။

အချစ်ကိုစူးစမ်းနေသော လူငယ်တစ်ယောက်၏ စမ်း.



www.burmeseclassic.com

www.burmeseclassic.com



သပ်မှုကို ယုံမှတ်မိသော မိမိအဖြစ်က နေနှင့်လကိုမှ လှည်းဘီး တပ်ကာ ပန်းရထားစီးချင်သောသူ အဖြစ်မျိုးသို့ ရောက်ရှိနေပြီလား။


မေတ္တာ၏တန်ပြန်သက်ရောက်မှုကိုတော့ နွေတမန်ယုံကြည်မျှော်လင့်ပါသည်။

မိမိနှလုံးသား၌ မာန်ရှိသကဲ့သို့ . .

မာန့်နှလုံးသားမှာလည်း . .







## အခန်း ( ၃၁ )

မာန်

တို့စာကို မင်းဖတ်နေတဲ့အချိန်မှာ တို့ဟာမင်းကို ပုန်းအောင်းနေသူတစ်ယောက်အဖြစ်ကို ရောက်ရှိနေချိန်ဖြစ်တယ်။

ဘာကြောင့်ပုန်းအောင်းနေရသလည်းဆိုတာကို မင်းသိအောင် တို့ပြောမယ်။

ပထမအချက်က မင်းရဲ့အနာဂတ်အတွက်။

မင်းဟာ ပညာမစုံသေးဘူး၊ အရွယ်အားဖြင့်လည်း ငယ်တယ်၊ ဒီလိုအချိန်မှာ မင်းအိမ်ထောင်တစ်ခုကို ထူထောင်မယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် မင်းဘဝကို တို့ဖျက်ဆီးလိုက်သလိုဖြစ်သွားမှာ သိပ်စိုးမိုး တယ်။

နောက်တစ်ချက်က တို့ရဲ့ဂုဏ်သိက္ခာအတွက်ပါ။ တို့ထ မင်းထက်ခြောက်နှစ်လောက် ကြီးတယ်၊ ကလေးမုန့် ပေးကျွေ ပြီး ဘွားအေရဲ့ပစ္စည်းဥစ္စာ၊ မိဘရဲ့ပစ္စည်းဥစ္စာတွေကိုပါ အပိုင် သိမ်းယူချင်တဲ့ မိန်းမအဖြစ် သူတကာတွေရဲ့ မေးငေါ့မှုကို တို့မခံ စားနိုင်ဘူး။

ဒါကြောင့်ပါ ကလေးရယ်။

မင်းကို တို့သိပ်ချစ်ပါတယ်၊ ရန်နဲ့ယှဉ်လိုက်တဲ့အခါမှာ မင်းဟာ ပြိုင်ဘက်မရှိ တို့နှလုံးသားမှာ နေရာယူထားပြီး သားလို သိလိုက်ရလို့ . . တို့ ရန်ကိုငြင်းပယ်ပြီး အားလုံးနဲ့ဝေးရာကို ထွက် သွားပါပြီ။

ခုနေ မင်းတို့ကို လိုက်မရှာနဲ့၊ တို့ မင်းကို လက်မခံနိုင် သေးဘူး။

တို့ လက်ခံနိုင်မယ့်အချိန်က မင်းဟာပညာစုံပြီး မိဘဆီ က လက်ဖြန့်မခံရဘဲ ကိုယ့်ခြေထောက်အပေါ် ကိုယ်ရပ်တည် နိုင်ပြီး အိမ်ထောင်တစ်ခုကို ကောင်းကောင်းဦးဆောင်နိုင်မယ့် ယောကျ်ားတစ်ဦး၊ သားသမီးတွေကို ကောင်းသောအနာဂတ် တစ်ခုရောက်အောင် ပို့ဆောင်လမ်းညွှန်ပေးနိုင်မယ့် ဖခင်တစ်ဦး အဖြစ် ဦးဆောင်နိုင်ပြီ ဆိုရင်တော့ . .

တို့ရှိရာကို မင်းရှာဖွေပြီးလာခဲ့ပါ။

တို့နှလုံးသားမှာ မာန်ဟာ အမြဲရှင်သန်နေမှာပါ။





မင်းကိုတို့ ဆုံဖြူသွားကြေတဲ့အထိတိုင်အောင် မယိမ်း မယိုင်သော သစ္စာမေတ္တာတရားနဲ့ စောင့်မျှော်နေမယ်ဆိုတာကို မင်းယုံကြည်မယ်ဆိုရင် တို့ကိုမင်းနားလည်စွာနဲ့ တို့ဆန္ဒအတိုင်း မင်းလိုက်နာပါ။

မာန်ကိုသာလျှင် ချစ်မိသွားတဲ့ . . .

မမ ( နွေတမန် )

ဖတ်ရဖန်များလွန်းသဖြင့် ဟောင်းနွမ်းနေပြီဖြစ်သော စာရွက်ကလေးကို တရိုတသေပြန်ခေါက်ကာ မာန်သည် စာ အိတ်ထဲထည့်ပြီး အကျႌအိတ်ကပ်ထဲသို့ ပြန်ထည့်လိုက်သည်။

ဂျပန်မှ စီးပွားရေးပါရဂူဘွဲ့အထိ ရအောင်ယူပြီးမှ . . . မြန်မာပြည်သို့အပြီးတိုင် ပြန်လာသောမာန်သည် မြန်မာပြည် ရောက်ရောက်ချင်း နွေဘဏ်များကို စတင်ဖွင့်လှစ်သည်။ တစ် ဖက်ကလည်း နွေခရီးသွားလုပ်ငန်းတစ်ခုကို ဖွင့်လှစ်လိုက်သည်။

ဘွားသဥ္စာမျိုးကလည်း အသက်ရှစ်ဆယ့်ကိုးနှစ်ရှိသည့် တိုင်အောင် အသက်ရှည်ဆဲပင်။ အရင်ကလိုတော့ သန်သန် မာမာ မဟုတ်တော့။ သို့သော် နှေးနှေးကွေးကွေး သွားလာလှုပ် ရှားနိုင်သေးသည်။

"မြေးလေး မိန်းမယူတော့ကွယ်၊ ဘွားဘွား မြေးလေး မိန်းမကို တွေ့ဖူးသွားချင်တယ်၊ ဒါမှ ဘွားဘွား အသေဖြောင့်မှာ"

"ဘွားဘွားကလည်း အစွဲအလမ်းမထားပါနဲ့ ဘွားဘွား ရယ်၊ စိတ်ချပါ . . ဒီနှစ်ထဲမှာ သားချစ်သူကို သားရှာတွေ့တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားဆီ အရင်ဆုံးခေါ်လာမယ်"

"အေးကွယ် . . အေး . . အေး၊ အပြောနဲ့အဟောညီပါစေကွယ်"

"စိတ်ချပါ ဘွား၊ ဒါထက် ကျွန်တော်လားရှိုးဘက်ကို ခရီးထွက်ဦးမယ်၊ ဘွား . . ဘာမှာဦးမလဲ"

"မလိုပါဘူးကွယ်၊ ဘွားက မြေးကို အနားမှာပဲနေစေချင်တာ"

"စိတ်ချပါ တစ်ပတ်ပါပဲ၊ လေးနန်း ဘွားဘွားကို စောင့်ရှောက်ပါနော်"

"အမယ်လေးဟဲ့၊ ဆယ်နှစ်နီးပါး ခွဲနေတဲ့လူကများ ခုမှ ပြန်လာပြီး ပြောရတယ်ရှိသေးတယ်၊ လေးနန်းတို့သာ ဂရုတစိုက် မပြုစုလို့ရှိရင် မေမေကြီးက ဒီလောက်ထိ အသက်ရှည်မလား လို့ . ."

"ဒါက ဘွားဘွားရဲ့ အတိတ်ပါရမီကြောင့်ပါဗျာ၊ လေးနန်းကော ဘာမှာဦးမလဲ"

"မှာချင်တာကို မင်းသိမှာပါ"

လေးနန်း၏ဆိုလိုရင်းကို မျက်ဝန်းမှတဆင့် မာန် နားလည်သည်။ လေးနန်းသည် နွေတမန်ကို မျှော်လင့်နေသည်။

ထို့အတူပင် ဖေဖေ မေမေတို့မှာလည်း . . . ရန်၏အိမ်ထောင်ရေးကိုကြည့်ပြီး နောင်တရနေကြသည်။

အချစ်မပါဘဲ ဦးနှောက်ဖြင့်ဆုံးဖြတ်ကာ အိမ်ထောင်တစ်ခုအား စီးပွားရေးလုပ်ငန်းလို ဇယားနှင့်လက်ထပ်သောအခါ





ကြုံတွေ့လာသည့် နောက်ဆက်တွဲပြဿနာများက . . .

ရန်သည် မိန်းမများကို နံပါတ်စဉ်တပ်ကာ လေးနံပါတ်အထိ ယူထားပြီးဖြစ်သည်။ သားသမီးနှစ်ဦးသာ . . ပထမနှင့် ဒုတိယဇနီးများ၌ တစ်ယောက်စီထွန်းကားပြီး ကျန်ဇနီးများ၌ သားသမီး ယူမှုအခွင့်အရေးကို ရန်ကမပေးတော့ဘဲ သူသာယာသလို ဖန်တီးနေထိုင်လေသည်။

မြေးများအတွက် လိုအပ်ချက်ကို အဘိုးအဘွားများက လိုက်လံဖြည့်ဆည်းပေးရင်း သားကြီးရန်ကို ဆုံးမ၍မရသည့်အဆုံး၌ လက်မြှောက်ထားရလေတော့သည်။

မေမေ့နှုတ်မှ နောင်တစကားသည် မာန်အတွက်မျှော်လင့်ချက်တအားပင်။

"နွေပြောသွားတာ သိပ်မှန်တယ်၊ အိမ်ထောင်ရေးဆိုတာ ဦးနှောက်နဲ့တည်ဆောက်လို့မရဘူး . .၊ နှလုံးသားနဲ့တည်ဆောက်ရတယ်ဆိုတာ သိပ်ကိုမှန်ကန်ပါတယ် . .၊ ဒီကလေးမလည်း ဘယ်ရောက်နေသလဲ မသိပါဘူးကွယ်၊ သူ့ကိုတွေ့ချင်လိုက်တာ . ."

မာန်က ပို၍တွေ့ချင်ပါသည်။ သူသည် နွေ့ကို စက္ကန့်မလပ် သတိရလျက်ရှိသည်။

သူ့နှလုံးသား၌ နွေသည် နေရာအပြည့်ယူထားလျက်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၃၂ )

"ဧည့်သည်တွေ ရောက်လာပြီ မမ"

"ဟုတ်လား၊ နေရာချပေးပြီးပြီလား"

"ဧည့်သည်တစ်ဦးက မမကို တွေ့ချင်လို့တဲ့"

နွေတမန် ရင်ထဲလှုပ်ရှားသွားသည်။

မိမိထံသို့ စီးပွားဖက်လုပ်ငန်းရှင်များ တွေ့ဆုံမှုဆိုလျှင် ဘယ်သူက ဘယ်ဝါကတွေ့ချင်သည်ဟူသော ပြောတတ်သည်။ ယခု နန်းဒွေးဒွေးပြောပုံက တစ်မျိုး။

"ဘယ်ကဧည့်သည်လဲ"





"ရန်ကုန်ကပါ"

"အမည်ကကော"

"ဦးမာန်တဲ့"

နွေတမန် ထလျက်သားဖြစ်သွားသည်။ အိပ်မက်လေလား။

"ဘယ်မှာလဲ"

"ဟိုတယ်ဧည့်ခန်းမမှာပါ"

"လွှတ်လိုက်ပါ၊ တို့ ဒီမှာပဲစောင့်နေမယ်"

ရင့်ကျက်ပြီဟုထင်ထားရသောအရွယ်မှာပင် မြီးကောင်ပေါက်ကလေးလို နှလုံးသားဆတ်ဆတ်ခုန်ကာ ဂနာမငြိမ်။ ထိုင်လိုက်ထလိုက်၊ လမ်းလျှောက်လိုက်နှင့် မိနစ်အနည်းငယ်မျှကို စောင့်စားရသည်မှာ တစ်ကမ္ဘာမှတစ်ကမ္ဘာ အကူးအပြောင်းကဲ့သို့ ရှည်ကြာလွန်းလှသည်။ မာန်ပဲလား. . . ။

ဟုတ်ပါတယ်။ မိမိရဲ့နှလုံးသားထဲက မာန်ပဲဖြစ်မှာပါ။

တံခါးဘုလုံးလေး လည်သွားသည်။

နန်းဒွေးဒွေးက တံခါးကိုတွန်းဖွင့်ပြီး ကိုယ်ကိုယို့ပေးလိုက်သည်။ နောက်မှကျော်ဝင်လာသူကို မြင်လိုက်ရသည်နှင့် နွေတမန် မှင်သက်မိကာ ကြက်သေသေသွားရသည်။

မာန်မှမာန်အစစ်. . . ။

ယခင်က အပျံသင်စငှက်ငယ် မာန်နှင့်မတူတော့။

ခြားနားစွာပင်။

ရင့်ကျက်တည်ငြိမ်ခြင်း၊ ခန့်ညားချောမောခြင်းနှင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရှိကောင်းသော လူကြီးလူကောင်း ပုံဏ္ဍာန်အပြည့်နှင့် မာန်ကို တွေ့လိုက်ရသည်။

မပြောင်းမလွဲရှိသည်က မာန်၏မျက်လုံးများပင်။

အောင်ပန်းအိမ်လေး၌ မိမိအား ချစ်ရေးဆိုနေသည့် မျက်လုံးမျိုး။ သစ်လွင်ဆဲ၊ တောက်ပဆဲ. . .။

"မမ"

မာန်က တည်ငြိမ်စွာပင် သူ့ထံသို့လျှောက်လာခဲ့သည်။

ပြီးတော့. . .

ယခင်က ပြုမူခဲ့သော သူ့ထုံးစံအတိုင်း. . မိမိ၏လက်မောင်းရင်း နှစ်ဖက်ကို ခပ်ကြွမ်းကြွမ်းလေး ဆုပ်ကိုင်လိုက်သည်။

"မာန်. . ထိုင်လေ"

နွေတမန် မာန်၏လက်များကို ဖြုတ်ရန်ကြိုးစားရင်း. . တုန်ယင်နေသော အသံကိုထိန်းကာ ပြောလိုက်သည်။

"မမအကြောင်း ပါလာကောင်တာမှ စုံစမ်းခဲ့ပြီးပြီ. . မာန်ထင်သားပဲ. . မာန်ဟိုတယ်၊ မာန်စူပါမားကတ်ဆိုကတည်းက မမပဲဖြစ်လိမ့်မယ်လို့၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က နွေဘဏ်နဲ့ နွေခရီးသွားလုပ်ငန်းကို တည်ထောင်လိုက်တာကိုး၊ ဒီလိုဆို မမ ကျွန်တော့်ကို ဘာမှစစ်ဆေးမေးမြန်းစရာ မလိုတော့ဘူး ထင်ပါတယ်"

နွေတမန် မာန့်အား မော့ကြည့်လိုက်သည်။

လရောင်အောက်မှာ တွေ့ခဲ့သောမျက်လုံးများအတိုင်းပင်။ အေးမြကြည်လင်နေသည်။ သို့သော် လမင်းကဲ့သို့ပင် စွမ်း





အားရှိသော အရောင်ထွက်နေပါသည်။

"မမကို မောင်ချစ်တယ်. .၊ အမြန်ဆုံး လက်ထပ်ရအောင်"

နွေတမန်က မိမိ၏ ဘယ်လက်ချောင်းကလေးများကို မာန့်အားပြလိုက်သည်။

"မာန်ကအခုမှပြောနေ၊ ဘွားဘွားက မာန်နဲ့လက်ထပ်မယ့် မိန်းမအတွက် ရည်းစူးထားတဲ့လက်စွပ်ကို တို့ကိုဆင်မြန်းပေးလိုက်ပြီးသားပါ"

"ဟုတ်လား. . ဘွားဘွားရှိသေးတယ်၊ မာန်နဲ့လက်ထပ်မယ့် မြေးချွေးမကို စောင့်နေတုန်းပဲ"

"ဟုတ်လား၊ တို့ တွေ့ချင်လိုက်တာ"

"တွေ့ရမယ်၊ ဒီမှာပဲ ချက်ချင်းလက်ထပ်ပြီး တစ်ခါတည်း ခေါ်သွားတော့မယ်"

"ဟင်. . တို့လုပ်ငန်းတွေ"

"မန်နေဂျာနဲ့လွှဲခဲ့၊ မမဘဝမှာ မာန့်ထက်အရေးကြီးတာတွေ ရှိသေးလို့လား"

နွေတမန် ဘာမှပြောစရာမလိုတော့ဘဲ မာန်၏ရင်ခွင်အတွင်းသို့ တိုးဝှေ့ခိုလှုံခြင်းဖြင့်သာ အဖြေပေးလိုက်လေတော့သည်။

မြမှုလဲ့ခင်



BURMESE CLASSIC
www.burmeseclassic.com